ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း (၁၂)ရက် ၊ ကြာသပတေးနေ့ ၊ (29-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၇၄)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး
သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်
စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ
(အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ
ဥပဒေအမှတ် ၂/၂၀၂၆)
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ ဧနှစ်ဝါရီလ ၂၈ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်၊တိုင်းဒေသကြီး သို့မဟုတ်

စာမျက်နှာ ၁၈ ကော်လံ ၁ ☞

ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများကို စစ်ရေယာဉ်(မုတ္တမ)ဖြင့် မြိတ်မြို့မှ ရန်ကုန်မြို့သို့ ပို့ဆောင်

ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ခဲ့သည့်အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများ စစ်ရေယာဉ်(မုတ္တမ)ဖြင့် မြိတ်မြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ်။

နေပြည်တော် ဧနှစ်ဝါရီ ၂၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် နိုင်ငံခြားသားများကိုလည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးကာ ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း

စာမျက်နှာ ၁၇ ကော်လံ ၁ ❑

ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်
အယ်ဒီတာ့အာဘော်

နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်းအားကစားသမားများ

အားကစားလှုပ်ရှားမှုသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုသည့်အပြင် နိုင်ငံတကာ အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ဝံ့ထည်ခံ့ညားစေပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးလျက်ရှိသည်။

အားကစားသည် ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်အပေါ်တွင် အရှိန်အဝါနှင့် အနေအထား အရပါမြင့်မားလာသည့်အတွက် ကျန်းမာရေးသက်သက်၊ အားကစားသက်သက် အဆင့်သာမက နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

ယနေ့ခေတ်တွင် မသန်စွမ်းသူများအရေးသည် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအာရုံစိုက်အလေးထားသည့် အရေးကိစ္စတစ်ရပ်ဖြစ်လာခဲ့သည်။ ထို့ကြောင့်လည်း အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများအားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်ရေး အတွက် ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အာဆီယံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ASEAN Para Sports Federation(APSF) ကို အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့ပြီး မသန်စွမ်းသူများအားကစားပြိုင်ပွဲတိုင်းကို ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် နာခွန်ရစ်ချာဆီးမားမြို့တို့၌ အားကစားနည်း ၁၉ နည်းကို ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနည်း ၁၁ နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်ဆု ၁၁ ခု၊ ငွေတံဆိပ်ဆု ၁၅ ခု၊ ကြေးတံဆိပ်ဆု ၁၁ ခု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ်ဆု ရှစ်ခု၊ ငွေတံဆိပ်ဆု သုံးခု၊ ကြေးတံဆိပ်ဆု သုံးခု၊ ဘော်လီဘောအားကစားနည်းမှ ရွှေတံဆိပ်ဆု တစ်ခု၊ ဘောလုံးအားကစားနည်းမှ ငွေတံဆိပ်ဆု တစ်ခု၊ စစ်တုရင်(မျက်မမြင်)အားကစားနည်းမှ ကြေးတံဆိပ်ဆု သုံးခု၊ စားပွဲတင်တင်းနစ်အားကစားနည်းမှ ကြေးတံဆိပ်ဆု တစ်ခု၊ အလေးမအားကစားနည်းမှ ကြေးတံဆိပ်ဆု တစ်ခု၊ ဂိုးလ်ဘောအားကစားနည်းမှ ကြေးတံဆိပ် ဆု တစ်ခု၊ မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ်ဆု အခု ၂၀၊ ငွေတံဆိပ်ဆု ၁၉ ခု၊ ကြေးတံဆိပ်ဆု အခု ၂၀၊ စုစုပေါင်းဆုတံဆိပ် ၅၉ ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန်ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၆)တွင် ရပ်တည်နိုင်ခဲ့သည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း ၁၁ နည်းအနက် သေနတ်ပစ်၊ ဘိုစီရာနှင့် ဘိုးလင်းအားကစားနည်းများမှလွဲ၍ ပြေးခုန်ပစ်၊ ရေကူး၊ ဘော်လီဘော၊ ဘောလုံး၊ စစ်တုရင်(မျက်မမြင်)၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ဂိုးလ်ဘော ဟူသည့် အားကစားနည်း ရှစ်နည်းတို့မှ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ၁၂ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင်ရရှိခဲ့သည့် ရွှေတံဆိပ်ဆုများထက် ငါးခု ပိုမိုရရှိခဲ့သည့်အတွက် ယခုပြိုင်ပွဲသည် ပိုမိုအောင်မြင်မှုရရှိခဲ့သည့် အားကစားပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်သူများ၊ မသန်ပေမယ့် စွမ်းဆောင်နိုင်သူများဖြစ်ကြောင်းကို သက်သေစိုက်ထူပြသနိုင်ခဲ့သည်။

သို့ဖြစ်ပါ၍ ယခုကဲ့သို့ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်များနှင့်ပေါင်းစပ်ပြီး ဆုတံဆိပ်များရရှိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်းအားကစားသမားများအတွက် ဂုဏ်ယူမိပါကြောင်း ရေးသားလိုက်ရပေသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ကျောက်မြောင်း ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၀၆၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၂ ဒသမ ၃၆ တင်းထွက်ရှိကြောင်း သိရသည်။

"ကျောက်မြောင်းမြို့နယ်ခွဲမှာ မိုးစပါး ၄၀၆၈ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်း မျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ပြင်ဦးလွင်မြို့နယ် ပင်လိန်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပြင်ဦးလွင် ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ပင်လိန်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ပင်လိန်လယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို ရန်ပုံငွေကျပ် သန်း ၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

မြောင်းမြ ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၅၀၅၉ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဗိုလ်ကိတ်ပဲ ၅၀၅၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ ဗိုလ်ကိတ်ပဲတွေ အသီးကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဗိုလ်ကိတ်ပဲတွေအပါအဝင် ဆောင်းသီးနှံတွေ တစ်ဧကချင်းအထွက် ညီစေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်'' ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဗိုလ်ကိတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဗိုလ်ကိတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ကျည်းခွကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဘုန်းတလုတ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၂၁ သောင်း ၀၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၆ သောင်း ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၂ သောင်း ၁သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို ရန်ပုံငွေကျပ် ၄၉ သောင်း ၉သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ရမည်းသင်းမြို့နယ် ဘွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရမည်းသင်း ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီးရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘွက်ကျေးရွာ၌ ဆဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိဒေါ်သိန်းသိန်းအေးက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် စသည့်တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ လွှဲပြောင်းပေးအပ်သည်။

ထို့နောက်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဘွက်ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၃ ဦးကို ရန်ပုံငွေကျပ် ၄၅၆ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နီလာ**

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံဇကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ရေဦး ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံဇကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၉၀၀၇ ဇကထိစိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဇကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဇကလျှင် ၁၇ ဒသမ ၀၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်မှာ ပဲစင်းငုံ ၁၉၀၀၇ ဇကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံခင်းတွေ လက်ရှိမှာ ဇကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ အတွက် ကွင်းဆင်းအသိပညာပေးခဲ့ကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်အတွင်းရှိ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်တောင်သူများကို ရွက်ဖျန်းမြေဩ ဝယ်ယူမှု သက်သာ လျှော့ချနိုင်စေရန် အတွက် ယူရီးယားနှင့် လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိပြီး ယူရီးယားနှင့် လက်ချားဓာတ်မြေဩ ပေါင်းစပ်သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်၊ အပင်ဖြစ်ထွန်းမှု ကောင်းမွန်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

သဲကုန်းမြို့နယ် ကန်နှစ်ဆင့်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

သဲကုန်း ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်နှစ်ဆင့်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ဆက်လက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍာတစ်ခုချင်းစီ အလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

အဆိုပါ ကန်နှစ်ဆင့်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အေးမြတ်

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ဧည့်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဆန်အမျိုးအစားက အခြားဆန်အမျိုးအစားတွေနဲ့ယှဉ်တဲ့အခါ အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ညောင်တုန်းမြို့နယ်ကနေ ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်းမှာ ဧည့်မထဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချတဲ့ ဆန်တွေက အရည်အသွေး ကောင်းမွန်ပါတယ်။ ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဧည့်မထဆန်အမျိုးအစားက ဆန်ကြမ်းအမျိုးအစားဖြစ်ပြီး အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင်ဆန်အိတ်ရေ တစ်အိတ်လျှင် ငွေကျပ် ၉၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင့ှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ညောင်ရမ်းခေတ်နှောင်းသစ်တပ်နှင့်အုတ်မြို့

ဗိုလ်ရှိတ်(ရတနာပူရ)

ညောင်ရမ်းခေတ်ကို ဒုတိယအင်းဝခေတ်ဟူ၍ လည်းခေါ်ကြသည်။ ညောင်ရမ်းခေတ်ကို စတင်တည်ထောင်ခဲ့သူမှာ ညောင်ရမ်းမင်းတရားကြီးဖြစ်သည်။ ညောင်ရမ်းမင်းတရားကြီးသည် ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီးနှင့် မိဖုရား ခင်ပြည့်စုံတို့မှ မွေးဖွားသော သားတော်ဖြစ်သည်။ အင်းဝမြို့ကို သက္ကရာဇ် ၉၆၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၉ ရက်ကြာသပတေးနေ့တွင် စတင်တည်ဆောက်ခဲ့သည်။ ညောင်ရမ်းခေတ်တွင် ညောင်ရမ်းမင်းတရားကြီး၏ သားစဉ်မြေးဆက်သာ ထီးနန်းကိုစိုးစံခဲ့သောကြောင့် ထိုခေတ်ကို ညောင်ရမ်းခေတ်ဟူ၍ သမိုင်းသုတေသီတို့က သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်။ ညောင်ရမ်းခေတ်တွင် မင်းဆက် ၁၀ ဆက်စိုးစံခဲ့သည်။ မင်းဆက် ၁၀ ဆက်တွင် နောက်ဆုံးစိုးစံခဲ့သောမင်းမှာ မဟာမွန်ရာဇာဓိပတိမင်းဖြစ်သည်။ မဟာမွန်ရာဇာဓိပတိမင်းလက်ထက်တွင် အင်းဝမြို့တော်လုံခြုံရေးအတွက် သစ်တပ်ကြီးကိုတည်ခဲ့သလို အုတ်မြို့ကြီးကိုလည်းတည်ခဲ့သည်။ မဟာမွန်ရာဇာဓိပတိမင်းလက်ထက်တည်ခဲ့သော သစ်တပ်မြို့နှင့်အုတ်မြို့ကို တချို့မှတ်တမ်းများတွင် ရောထွေးဖော်ပြခဲ့ကြသည်။ တချို့မှတ်တမ်းများတွင် အုတ်မြို့တံခါးအမည်များ မှားယွင်းခဲ့သည်။ ထိုကဲ့သို့ ရောထွေးမှားယွင်းခဲ့ခြင်းမှာ သစ်တပ်မြို့နှင့် အုတ်မြို့တည်သည်ကို တစ်မြို့တည်းထင်ကာ မှားယွင်းခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် သစ်တပ်မြို့နှင့်အုတ်မြို့ကို ကွဲပြားစေရန် လေ့လာတင်ပြပါမည်။

သစ်တပ်တည်သည့်အကြောင်း

ညောင်ရမ်းခေတ် မဟာမွန်ရာဇာမင်းလက်ထက်တွင် တိုင်းပြည်သည် အေးချမ်းသာယာနေသည့်အချိန်အခါမဟုတ်ပေ။ ဟံသာဝတီ၊ ကသည်းတို့က အင်းဝကို အကြိမ်ကြိမ်လာတိုက်သည်။ ကွေ့တို့ကလည်း ပုန်ကန်ထကြွသည်။ ထိုကဲ့သို့ ဟံသာဝတီနှင့် ကသည်းတို့က အင်းဝကိုလာရောက်တိုက်ခိုက်သောကြောင့် နဂိုရှိရင်း အင်းဝမြို့အခြေအနေဖြင့် ပြည်သူပြည်သားတို့ လုံခြုံမှုမရှိနိုင်ပေ။ ထို့ကြောင့် နဂိုအင်းဝမြို့ထက် ပို၍ကျယ်ဝန်းသောသစ်တပ်ကြီးကိုတည်ရန် မဟာမွန်ရာဇာဓိပတိမင်းနှင့် ပညာရှိတို့တိုင်ပင်ပြီး ဆုံးဖြတ်ခဲ့ကြသည်။

သစ်တပ်ကြီးတည်သည့်အကြောင်းကို မှန်နန်းရာဇဝင်တော်ကြီး၊ ရာဇဝင်သစ်တို့တွင် အသေးစိတ်ဖော်ပြထားသည်ကို မတွေ့ရပေ။ လက်ဝဲနော်ရထာ အမတ်ကြီးနှင့် မုံရွေးဆရာတော်ပြုစုခဲ့သည့် ကျမ်းတို့၌သာတွေ့ရပါသည်။ လက်ဝဲနော်ရထာအမတ်ကြီးပြုစုခဲ့သော ရာဇဝံသကံကျမ်းခေါ် ညောင်ရမ်းနှစ် ၄၀ ရာဇဝင်ကျမ်းနှင့် အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းတို့၌ သစ်တပ်ကြီးတည်သည့်အကြောင်း ကိုရေးသားထားသည်။ လက်ဝဲနော်ရထာ၏မှတ်တမ်းထက် မုံရွေးဆရာတော်၏ မှတ်တမ်းက သစ်တပ်တည်သည့်အကြောင်းကို ပို၍ပြည့်စုံစွာ ရေးသားထားခဲ့သည်။ လက်ဝဲနော်ရထာပြုစုသော ရာဇဝံသကံကျမ်းနှင့် အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းတို့တွင် သက္ကရာဇ် ၁၁၀၁ ခု၊ ကဆုန်လ အဝတွင် သစ်တပ်မြို့ကြီးစ၍ တည်တော်မူသည်"ဟူ၍သာ ရေးသားထားသည်။ အခြားအသေးစိတ်ရေးသားမထားပေ။ မုံရွေးဆရာတော်ပြုစုသော မုံရွေးရာဇဝင်ကျော်၌သာ သစ်တပ်ကြီးတည်သည့်အကြောင်းကို အသေးစိတ်ရေးသားထားပါသည်။ မုံရွေးရာဇဝင်ကျော်ကျမ်း၌ သစ်တပ်ကြီးတည်သည့်အကြောင်းကို အောက်ပါအတိုင်း ရေးသားထားသည်။

"သက္ကရာဇ် ၁၁၀၁ ခု တပို့တွဲလဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့ နေဝင်းပေါ် ဇေယျာတိထိနက္ခတ်၊ အမြတ္တာစုတ်၊ မကာရရာသီဝယ် ဆဒ္ဒန်ဆင်မင်း၊ ခြသေ့မင်း စောင့်လျက် လဂ်ထပ်၍ ကုံရာသီ၌ ဂဠုန်မင်း၊ မေထုန်ရာသီ၌ သကြားမင်း၊ ကရဝိတ်ရာသီ၌ အသူရိန်နတ်သား၊ လနတ်သားစောင့်နေလျက် ကောင်းမြတ်သောတြင်း၊ နဝင်းမဂ်လာအခါ၌ ဆွေတော်မျိုးတော် မှျားကြီးမတ်ရာ ဝန်းရံလျက် နေသင့်အမတ် မစေ၍ ရွှေမျှင်းခင်းသည်။ ရွှေပန္နက်ချသည်။ ပန်းသုံးစိုက်သည်။ တွင်းဝန်သည်။ သစ်ရပ်သည်။ တပ်တော်မြေဝင် သုံးတောင်၊ မြေပေါ်ခုနစ်တောင်၊ နှစ်ခုကြွင်း သူယောင်ပေါင်း ပျဉ်နှင့်တက္ကသူရဲပြေးအကျယ်ခြောက်တောင်၊ လှေကားမနီးမဝေးခင်းသည်။ တပ်တော်ပြင်ကို လေးတာခွာ၍ ဗျက်သုံးတာ၊ စောက်တစ်တာ ကျုံးထားသည်။

ကန်ရိုးတံခါးကသည် အနောက်ကို လယ်ပြင်ရွှေကျောင်း၊ စည်သူကျော်ထင်ကျောင်း၊ အနောက်ကို ဝိုက်၍ မြောက်ကို တာ ၁၀၀ ကျော်ချိုးခဲ့၍ ဘုံကျော်တိုက် အနောက်တောင်ထောင့်ကသည် အနောက်စူးစူး လောကဝေသဘူဘုရားရှင်ကိုပတ်၍ အနောက်တောင်ထောင့်က မြောက်သို့ချိုးပြန်၍ တာ ၁၀၀ ကျော် ငွေစင်ချောင်းမြောက်ဘက် သီရိဝိမလာစေတီ ကိုပတ်၍ အနောက်မြောက်ထောင့် ငွေစင်ကျုံးပြ၍ တောင်လေးလုံး မြင်းမိုရ်စေတီတော်ကိုအတွင်းထား၍ ကြက်သွန်ခင်းအနောက်ကသည် ခေါင်ချုပ်ကျောင်း၊ အနောက်တောင်ထောင့်ကမှ မြောက်စူးစူးကိုချိုး၍ သော်ကပင်ကျောင်း၊ အရှေ့အိုးဘိုမြစ်နားကမ်းဆိပ်ရောက်လျှင် မြစ်နားရောက်တပ်စွယ်ချပြီးမှ အိုးဘိုကမ်းထိပ်ကသည်အရှေ့ကိုလျှောက်၍ မီးသွေးတိုက်မြို့ထောင့်ထိ၊ ကမ်းရိုးတံခါးကသည် အရှေ့ကိုလောကမာန်အောင်ကိုပတ်၍ မိုင်းပွန်ကမ်းထိပ်ရောက်လျှင် မြစ်နားသို့တပ်စွယ်ချပြီးမှ မိုင်းပွန်ကမ်းထိပ်က မြောက်ကို မိုင်းပွန်ချောင်း ရွှေဆံတော်ရှေ့၊ မနော်ရမ္မာဥယျာဉ် အနောက်မြစ်နားအရောက် တပ်စွယ်ချ၍ ၎င်းအနောက်လောကနာထစေတီကို ပတ်၍ မြစ်မှကောက်ကောက်ကွေ့ကွေ့အတိုင်း ရှမ်းစျေးလေးထောင့်ကိုပတ်၍ မြို့တော်အရှေ့တောင်ထောင့်ကို ဆိုက်သည်။ အထွက်အဝင်ထူထပ်သည့်အရပ်မှာ တံခါးမထားသည်။ အထောင့်အကွေ့အဝင်အထွက်နည်းသည့်အရပ်မှာမလွယ်ထားသည်။ တံခါးပေါင်း ၁၂ မလွယ် ၃၀ ရှိသည်။" ဤနေရာတွင် လွဲမှားနေသောအကြောင်းအရာတစ်ခုကို ဖော်ပြချင်ပါသည်။ ဆရာမကြီး ဒေါက်တာရီရီ ကူးယူဖော်ပြထားသော မုံရွေးရာဇဝင်ကျော်ပါ သစ်တပ်ကြီးတည် စာပိုဒ်တွင် သစ်တပ်ကြီးတွင် တံခါးပေါင်း ၁၂ မလွယ်တံခါး ၃၀ ရှိကြောင်း ဖော်ပြထားသည်။ မုံရွေးရာဇဝင်ကျော်ပေမူကို ပန်းရွှေပြည်စာအုပ်တိုက်က ပုံနှိပ်မူအဖြစ်ပြန်လည်ရိုက်နှိပ်သောအခါတွင် တံခါးအရေအတွက်မှာ ကွဲပြားလာသည်ကို တွေ့ရပါသည်။ ပန်းရွှေပြည်စာအုပ်တိုက်ထုတ် မုံရွေးရာဇဝင်ကျော်ကျမ်း၌ တံခါးပေါင်း ၁၈၊ မလွယ်တံခါး ၃၀ ဟု ပြဆိုထားပါသည်။ ဆရာမကြီးဒေါက်တာရီရီက တံခါးပေါင်း ၁၂ ဖြစ်သော်လည်း ပန်းရွှေပြည်မူက ၁၈ တံခါးဖြစ်နေပါသည်။ ထိုမူနှစ်ခုတွင် ပန်းရွှေပြည်မူသည် ရွှတ်ချော်မှားယွင်းပါန်ရှိသည်။ ပန်းရွှေပြည်မူ၌ မြင်းမိုရ်တောင်စေတီကို မြင်းခိုဟုမှားသည်။ ဆရာမကြီးသည် သမိုင်းသုတေသီကြီးတစ်ဦးဖြစ်သည်။ စေ့စပ်သေချာသည်။ ထို့အတူ ရှေးကမြို့တည်ရာတွင် တံခါး ၁၈ တံခါးထားရိုးမရှိပေ။ ၁၂ တံခါးသာထားရိုးရှိသည်။ ထို့ကြောင့် ဆရာမကြီး၏မှတ်တမ်းအတိုင်း တံခါး ၁၂ တံခါး၊ မလွယ် ၃၀ ဟုသာ အမှန်ယူသင့်ပါသည်။

သစ်တပ်ကြီးတည်သည်နှင့်စပ်လျဉ်း၍ ကွဲပြားနေသော အဆိုအမိန့်တစ်ခုကို ထုတ်ပြပါဦးမည်။ သစ်တပ်ကြီးတည်သည့်နှစ်ကို လက်ဝဲနော်ရထာ၏ မှတ်တမ်း၌ ၁၁၀၁ ခုနှစ် ကဆုန်လဟုဆိုထားပြီး မုံရွေးရာဇဝင်ကျော်ကျမ်း၌ ၁၁၀၁ ခုနှစ် တပို့တွဲလ ဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့ဟုဆိုထားပါသည်။ မုံရွေးဆရာတော်က နေ့၊ ရက်ဖြင့် တိတိကျကျပြဆိုထား

> ❖ ညောင်ရမ်းခေတ်တွင် မင်းဆက် ၁၀ ဆက်စိုးစံခဲ့သည်။ မင်းဆက် ၁၀ ဆက်တွင် နောက်ဆုံးစိုးစံခဲ့သောမင်းမှာ မဟာမွန်ရာဇာဓိပတိမင်းဖြစ်သည်။ မဟာမွန်ရာဇာဓိပတိမင်းလက်ထက်တွင် အင်းဝမြို့တော်လုံခြုံရေးအတွက် သစ်တပ်ကြီးကိုတည်ခဲ့သလို အုတ်မြို့ကြီးကိုလည်းတည်ခဲ့သည်။ မဟာမွန်ရာဇာဓိပတိမင်းလက်ထက် တည်ခဲ့သော သစ်တပ်မြို့နှင့်အုတ်မြို့ကို တချို့မှတ်တမ်းများတွင် ရောထွေးဖော်ပြခဲ့ကြသည်။ တချို့မှတ်တမ်းများတွင် အုတ်မြို့တံခါးအမည်များ မှားယွင်းခဲ့သည်။ ထိုကဲ့သို့ ရောထွေးမှားယွင်းခဲ့ခြင်းမှာ သစ်တပ်မြို့နှင့် အုတ်မြို့တည်သည်ကို တစ်မြို့တည်းထင်ကာ မှားယွင်းခဲ့ကြခြင်းဖြစ်သည်။ ❖

ကိုယ်တော်မှစ၍ မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ မှျားတော်မတ်တော်တို့ကို အင်တန်အင်လျှောက်လုပ်စေ။ အမိန့်တော်ရှိ၍လုပ်ရသည်ကား မြို့တော်ရင်းအရှေ့တောင်ထောင့် ငါးပိတန်းမြို့ထောင့်ကသည် ကန်ရိုးမိုးထိကျောင်းကိုပတ်၍ အိုးဘို၊ ဆင်ကျုံးကသည် မီးသွေးတိုက်မြို့ထောင့်ရောက် မြို့တည်သည်တွင် တံခါးပေါင်း ၃၃ ရှိသည်"ဟူ၍ မြို့ပုံစံနှင့်တကွ တံခါးအရေအတွက်ကိုပါ တိတိကျကျဖော်ပြထားသည်။ မဟာမွန်ရာဇာဓိပတိမင်းတည်ခဲ့သော မြို့ရိုးပုံစံနှင့် မြို့တံခါး ၃၃ ခု၏ အမည်များကို မုံရွေးရာဇဝင်ကျော်ကျမ်းနှင့် လက်ဝဲနော်ရထာပြုစုသော ရာဇဝံသကံကျမ်း၌ တိတိကျကျ ပြဆိုထားပါသည်။ ထိုတံခါး ၃၃ ခု၏အမည်များကို မုံရွေးရာဇဝင်ကျော်နှင့် ရာဇဝံသကံကျမ်းတို့ဖြင့် ညှိနှိုင်းဖော်ပြပါမည်။ မြို့တံခါး ၃၃ တံခါးအမည်နှင့် တည်နေရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ငါးပိတန်းမြို့ထောင့်တွင် အရှေ့ကိုဖောက်၍ မိုးကောင်းတံခါး။
၂။ ၎င်းတောင်အရှေ့ကိုဖောက်၍ ငွေစင်ချောင်းဝ ကျော်အောင်တံခါး။
၃။ ၎င်းတောင်မော်ယွန်းတွင် တောင်ကိုဖောက်၍ ရန်နိုင်တံခါး။
၄။ ၎င်းတောင်အရှေ့ကိုဖောက်၍ ရန်ခွင်းတံတား။
၅။ ၎င်းတောင်မော်ယွန်းတွင် တောင်ကိုဖောက်၍ ရန်ရွှေတံခါး။
၆။ ၎င်းတောင်ကိုဖောက်၍ အရှေ့ကိုဖောက်လျက် ရန်စင်တံခါး။
၇။ ၎င်းတောင်အရှေ့ကိုဖောက်၍ ရန်နှိမ်တံခါး။
၈။ ၎င်းက အရှေ့ကိုမော်ယွန်းချိုး၍ မြောက်ကိုဖောက်လျက် ကင်းလွတ်တံခါး။
၉။ ၎င်းအရှေ့ကိုဖောက်၍ ရန်ကင်းတံခါး။
၁၀။ ၎င်းတောင်အရှေ့ကိုဖောက်၍ ရန်ဖြိုတံခါး။
၁၁။ ၎င်းတောင်အရှေ့ကိုဖောက်၍ ကင်းလပ်တံခါး။
၁၂။ ၎င်းတောင်အရှေ့ကိုဖောက်၍ စံလွတ်တံခါး။
၁၃။ ၎င်းကမြို့ထောင့်ထားခဲ့ပြီးလျှင် အနောက်ကို လျှောက်၍ တောင်ကိုဖောက်လျက် စံဝေးတံခါး။
၁၄။ ၎င်းစံထားတံခါး။
၁၅။ ၎င်းကမော်ယွန်းချိုးပြီးလျှင် တောင်ကိုဖောက်၍ ရန်နှိပ်တံခါး။
၁၆။ ၎င်းက မော်ယွန်းချိုးပြီးလျှင် အနောက်ကိုဖောက်၍ ကင်းဝေးတံခါး။
၁၇။ ၎င်းကအနောက်ကိုလျှောက်၍ တောင်ကိုဖောက်လျက် ရန်စစ်တံခါး။
၁၈။ ၎င်းက အနောက်တောင်ကိုဖောက်လျက် ကျော်မိုးတံခါး။
၁၉။ ၎င်းက မော်ယွန်းချိုး၍ အနောက်ကိုဖောက်လျက် ရန်လွင့်တံခါး။
၂၀။ ၎င်းကမော်ယွန်းချိုး၍ အနောက်တောင်ကိုဖောက်လျက် ရန်ဝေးတံခါး။
၂၁။ ၎င်းကအနောက်ကိုလျှောက်၍ မြို့ထောင့်ထားခဲ့ပြီးလျှင် မြောက်ကိုလျှောက်လျက် အနောက်ကိုဖောက်၍ ကန်တားတံခါး။
၂၂။ ၎င်းက မြောက်ကိုလျှောက်၍ အနောက်ကိုဖောက်လျက် ဖက်ကင်းတံခါး။
၂၃။ ၎င်းကမြောက်ကိုလျှောက်၍ အနောက်ကိုဖောက်လျက် ကျော်တင်တံခါး။
၂၄။ ၎င်းက မြောက်ကိုလျှောက်၍ အနောက်ကိုဖောက်လျက် စံရွှေးတံခါး။
၂၅။ မြို့ထောင့်ထားခဲ့ပြီးလျှင် အရှေ့သို့ချိုး၍ မြောက်ကိုဖောက်လျက် ဆင်ကျုံးအိုးဖိုချောင်းက မြောက်ကိုဖောက်လျှင် သက်လွှတ်တံခါး။
၂၆။ အရှေ့ကိုလျှောက်၍ ဆင်ကျုံးတောင်လှေကားအဆင်းမြောက်ကို ဖောက်လျက် စံကင်းတံခါး
၂၇။ မြောက်ကိုထောင့်ချိုး၍ ဆင်ကျုံးမှာ အရှေ့လှေခါးနှင့်အတည့် အနောက်ကိုဖောက်လျက် ရန်ကွာတံခါး။

> ❖ ညောင်ရမ်းခေတ်တွင် မင်းဆက် ၁၀ ဆက်တွင် နောက်ဆုံးစိုးစံခဲ့သောမင်းမှာ မဟာမွန်ရာဇာဓိပတိမင်းဖြစ်သည်။ မဟာမွန်ရာဇာဓိပတိမင်းလက်ထက်တွင် အင်းဝမြို့တော်လုံခြုံရေးအတွက် သစ်တပ်ကြီးကိုတည်ခဲ့သလို အုတ်မြို့ကြီးကိုလည်းတည်ခဲ့သည်။ မဟာမွန်ရာဇာဓိပတိမင်းလက်ထက် တည်ခဲ့သော သစ်တပ်မြို့နှင့်အုတ်မြို့ကို တချို့မှတ်တမ်းများတွင် ရောထွေးဖော်ပြခဲ့ကြသည်။ တချို့မှတ်တမ်းများတွင် အုတ်မြို့တံခါးအမည်များ မှားယွင်းခဲ့သည်။ ထိုကဲ့သို့ ရောထွေးမှားယွင်းခဲ့ခြင်းမှာ သစ်တပ်မြို့နှင့် အုတ်မြို့တည်သည်ကို တစ်မြို့တည်းထင်ကာ မှားယွင်းခဲ့ကြခြင်းဖြစ်သည်။ ❖

သစ်တပ်မြို့မှသည် အုတ်မြို့သို့

မဟာမွန်ရာဇာဓိပတိမင်းသည် သစ်တပ်ကြီးကို ၁၁၀၁ ခုနှစ်တွင် တည်ခဲ့ပြီး ကိုးနှစ်ခန့်အကြာ ၁၁၁၀ ပြည့်နှစ်တွင် သစ်တပ်မြို့ အကျယ်အဝန်းအတိုင်း အုတ်မြို့တည်ခဲ့ပြန်သည်။ သစ်တပ်မြို့တည်စဉ်က မြို့တံခါးမှာ ၃၀ သာရှိသော်လည်း အုတ်မြို့တည်သောအခါတွင် မြို့တံခါးပေါင်း ၃၃ တံခါးထိရှိသည်။ ထိုအကြောင်းကို မုံရွေးရာဇဝင်ကျော်၌ "တပ်ကြီးကို သိမ်း၍ မြို့တည်တော်မူမည်မှာ ဆင်းရဲသားကျွန်တော်မျိုးတို့ပင်ပန်းလှသည်။ မခန့်မထားစေနှင့်။ ကိုယ်တော်မှစ၍ မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ မှျားတော်မတ်တော်တို့ကို အင်တန်အင်လျှောက်လုပ်စေ။ အမိန့်တော်ရှိ၍လုပ်ရသည်ကား မြို့တော်ရင်းအရှေ့တောင်ထောင့် ငါးပိတန်းမြို့ထောင့်ကသည် ကန်ရိုးမိုးထိကျောင်းကိုပတ်၍ အိုးဘို၊ ဆင်ကျုံးကသည် မီးသွေးတိုက်မြို့ထောင့်ရောက် မြို့တည်သည်တွင် တံခါးပေါင်း ၃၃ ရှိသည်"ဟူ၍ မြို့ပုံစံနှင့်တကွ တံခါးအရေအတွက်ကိုပါ တိတိကျကျဖော်ပြထားသည်။ မဟာမွန်ရာဇာဓိပတိမင်းတည်ခဲ့သော မြို့ရိုးပုံစံနှင့် မြို့တံခါး ၃၃ ခု၏ အမည်များကို မုံရွေးရာဇဝင်ကျော်ကျမ်းနှင့် လက်ဝဲနော်ရထာပြုစုသော ရာဇဝံသကံကျမ်း၌ တိတိကျကျ ပြဆိုထားပါသည်။ ထိုတံခါး ၃၃ ခု၏အမည်များကို မုံရွေးရာဇဝင်ကျော်နှင့် ရာဇဝံသကံကျမ်းတို့ဖြင့် ညှိနှိုင်းဖော်ပြပါမည်။ မြို့တံခါး ၃၃ တံခါးအမည်နှင့် တည်နေရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စာမျက်နှာ ၅ သို့ á

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

ပြည်သူချစ်တဲ့ ပြည်သူ့စစ်မှုထမ်း

- နိုင်ငံတော် ကာကွယ်ရေး
ထမ်းဆောင်ပေးတဲ့ လူငယ်တွေ၊
တာဝန်ကို ကျေပွန်ထမ်းလို့
ဝမ်းသာမိပေ၊
အေးချမ်းလို့ တည်ငြိမ်စေ
ပြည်သူတွေ လူမှုစီးပွား၊
အဖျက်ရန် အထွေထွေဝေးဖို့
ပြေးလွှားလှုပ်ရှား။

- ဘိုးဘွားတွေ အမွေထား
နိုင်ငံသား လူငယ်တွေမှာ၊
တာဝန်ကျေ မျိုးဆက်သစ်
ကျစ်လျစ်ခိုင်မာ၊
ပြည်သူတို့ရဲ့ ချစ်မေတ္တာ
စေတနာ ဝေဖြာတိုး၊
ကိုယ့်နိုင်ငံ အနာဂတ်အရေး
အေးချမ်းလို့ဖြိုး။

- မြန်မာနိုင်ငံ ပြည်ထောင်စု
ကောင်းအောင်ပြု သူတို့တွေ၊
ကဏ္ဍစုံ တိုးတက်ရေး
ကြိုးစားပေးစေ၊
ပြည်သူ့စစ်မှုထမ်း လူငယ်တွေ
ပါဝင်နေ တစ်တပ်တစ်အား၊
ကြိုးစားကာ အားမာန်ဖွဲ
ထူးကဲပေသား။

- လူငယ်တွေ ကြိုးစားမှု
ပါဝင်ပြု ပြည့်ဝန်တာ၊
အခက်ခဲကို ဖြတ်ကျော်လွှား
စိတ်ထားခိုင်မာ၊
နိုင်ငံအတွက် ထားသစ္စာ
အချုပ်အခြာ တည်တံ့ရေး၊
ပြည်သူ့စစ်မှုထမ်း အောင်မြင်မှု
ဂုဏ်ပြုတယ်လေး။

မန္တလာကိုကိုဝင်း

ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ကသာ ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ၂၀၂၅-၂၀၂۶ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၆၃၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၅၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဗန်းမောက်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၅၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာမှာ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာ စတဲ့ သီးနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးစိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းစင်စေရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

၂၈။ မြောက်ကိုလျှောက်၍ အနောက်ကိုဖောက်လျက် ကင်းလံတံခါး။

၂၉။ ၎င်းက ထောင့်ချိုးပြီးလျှင် အရှေ့ကိုလျှောက်၍ မြောက်ကိုဖောက်လျက် ရန်နှင်တံခါး။

၃၀။ အရှေ့ကိုလျှောက်၍ မြောက်ကိုဖောက်လျက် အောင်သာတံခါး။

၃၁။ ၎င်းက အရှေ့ကိုလျှောက်၍ မြောက်ကိုဖောက်လျက် မှုအောင် တံခါး(မျှို့အောင်တံခါးသာဖြစ်သည်။ ကွေးမှား၍ မှုအောင်ဟုဖြစ်နေခြင်းဖြစ်သည်။)

၃၂။ ၎င်းက အရှေ့ကိုလျှောက် မြောက်ကိုဖောက်လျက် အောင်မျှို့ တံခါး။

၃၃။ ၎င်းမြို့ထောင့်မြောက်ကိုဖောက်လျက် မျှို့ဦးတံခါး။

အထက်ပါတံခါး ၃၃ တံခါးနှင့် မူလမြို့တံခါး ကိုးခုပေါင်းလျှင် မဟာဓမ္မရာဇာဓိပတိမင်း၏ အင်းဝမြို့သည် တံခါးပေါင်း ၄၂ တံခါးရှိသည်။ သစ်တပ်နှင့် အုတ်မြို့ကွာခြားချက်ရှိပါသည်။ သစ်တပ်တည်စဉ်က ဆင်ကျုံးကိုအတွင်း၌ထား၍ တည်ခဲ့ပြီး အုတ်မြို့တည်သောအခါတွင် ဆင်ကျုံးကို မြို့ပြင်သို့ထားခဲ့ပါသည်။ တံခါးအရေအတွက်မှာလည်း သစ်တပ်တည်စဉ်က တံခါး ၁၂ တံခါးနှင့် မလွယ်တံခါး ၃၀ ထားခဲ့သော်လည်း အုတ်မြို့တည်သောအခါ တံခါး ၃၃ တံခါးကိုသာထားခဲ့ပါသည်။ အုတ်မြို့တည်ရာတွင် ပြည်သူပြည်သားတို့ကို ညှင်းပန်းခိုင်းစေခြင်းမပြုဘဲ ရှင်ဘုရင်မင်းဧကရာဇ်က တာ ၅၀၀၊ မင်း၊ မိဖုရားတို့က တာ ၂၅၀၊ တောင်ဥရာဇာက တာ ၃၀၀၊ မှူးတော်မတ်တော်တို့က တတ်နိုင်သည့် အလျှောက် လုပ်ကြရသည်။

ဤနေရာတွင် အုတ်မြို့တည်စဉ်က တံခါး ၃၃ တံခါးနှင့်စပ်လျဉ်း၍ မှားယွင်းမှုတချို့ကို ဖော်ပြပါဦးမည်။ မုံရွေးရာဇဝင်ကျော်နှင့် ရာဇဝံသကံကျမ်းခေါ် ညောင်ရမ်းနှစ် ၄၀ ရာဇဝင်ကျမ်းတို့၌ တံခါး ၃၃ တံခါးရှိသည်ဟု တူညီစွာဖော်ပြထားသည်။ တံခါးအမည် အရေအတွက်နှင့် တည်နေရာကို ဖော်ပြရာတွင် မုံရွေးရာဇဝင်ကျော်က တံခါးအမည် ၃၃ ခုနှင့် တည်နေရာကိုပါပြည့်စုံစွာတွေ့ရပါသည်။ လက်ဝဲနော်ရထာ၏ ရာဇဝံသကံကျမ်း၌ တံခါးအရေအတွက် ၃၃ တံခါးပြဆိုထားသော်လည်း တံခါးအမည်စာရင်း၌ ၃၁ တံခါးသာတွေ့ရပါသည်။ နှစ်တံခါးလျော့နေပါသည်။ ထိုကဲ့သို့ ရာဇဝံသကံကျမ်း၌ တံခါးအမည်နှစ်ခုလျော့နေခြင်းမှာ မူလကျမ်းပြုသူ မေ့ကျန်ခဲ့ခြင်းဟုတ်ဟန်မတူပါ။ အဆင့်ဆင့်ပေကူးသူတို့က ပေကူးရာတွင် တံခါးနှစ်ခုကျန်ခဲ့ခြင်းဖြစ်နိုင်ပါသည်။ တံခါးအမည်များ များပြားစွာ စာရင်းတင်ထားသောကြောင့် ကြွင်းကျန်ခဲ့ခြင်းဖြစ်နိုင်ပါသည်။

ဤတွင် စောဒကတက်စရာရှိပါသည်။ ဆရာမောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)ပြုစုသော စာပေဗိမာန်စာမူဆုရ "ရှေးဟောင်းမြန်မာ့မြို့ရိုးစနစ်"ဟူသောစာအုပ်တွင် လက်ဝဲနော်ရထာ၏ ရာဇဝံသကံကျမ်းကို ကိုးကားပြီး တံခါး ၃၃ ခုကိုဖော်ပြထားသည်။ ထိုစာအုပ်၌ တံခါး ၃၃ တံခါးအမည်များ ပြည့်ပြည့်စုံစုံပါရှိသည်ဟု စောဒကတက်နိုင်ပါသည်။ ဆရာမောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)၏စာရင်းသည် လက်ဝဲနော်ရထာ၏ ရာဇဝံသကံကျမ်းကို ကိုးကား၍ ဖော်ပြခြင်းဖြစ်သည်။ ရာဇဝံသကံကျမ်း၌ ၃၃ တံခါးသာတွေ့ရပြီး ဆရာမောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)စာရင်း၌ ၃၃ တံခါးဖြစ်နေခြင်းမှာ ဆရာမောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)စာရင်းတွင် တံခါးအမည်များ ထပ်နေခြင်းကြောင့်သာဖြစ်သည်။ ထပ်နေသောတံခါးနှစ်ခုမှာ ကင်းလတ်တံခါးနှင့် ရန်နှိပ်တံခါးဖြစ်သည်။ ထပ်နေသော တံခါးနှစ်ခုကို နုတ်လိုက်ပါက ဆရာမောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)စာရင်းတွင်လည်း တံခါး ၃၃ တံခါးသာတွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် မဟာဓမ္မရာဇာဓိပတိမင်း၏အုတ်မြို့တံခါးအမည်များကို မုံရွေးရာဇဝင်ကျော်တွင် ပြည့်ပြည့်စုံစုံတွေ့ရသည့်အတိုင်းသာ မှတ်သားသင့်ပါသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။

နိုင်ငံတကာ သတင်းများ

နျူကလီးယားအရံအတားအားကောင်းရေးလုပ်ငန်းစဉ်များ ကြေညာမည်ဟု ကင်ဂျုံအန် ပြောကြား

ပြုံယမ်း ဇန်နဝါရီ ၂၈

ဖေဖော်ဝါရီလအတွင်း ကျင်းပမည့် အလုပ်သမားပါတီညီလာခံတွင် နျူကလီးယားလက်နက် အရံအတားစနစ် အားကောင်းခိုင်မာရေး လုပ်ငန်းစဉ်သစ်များကို ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ဇန်နဝါရီ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သော အတွဲလိုက်ဒုံးပစ်စနစ်စမ်းသပ်မှုကို ကြီးကြပ်ခဲ့ပြီးနောက် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

စစ်ရေးပဋ္ဌိပက္ခများကို စတင်ရန် ရန်သူများ၏ ကြိုးပမ်းမှုကို တားဆီးရေးအတွက် ခိုင်မာအားကောင်းသည့် နျူကလီးယားအရံအတား တည်ဆောက်ထားရေးမှာ အလုပ်သမားပါတီ၏ ဦးစားပေးမူဝါဒဖြစ်ကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။

ထို့ပြင် နျူကလီးယားအရံအတား အားကောင်းခိုင်မာရေး လုပ်ငန်းစဉ်သစ်များကို အလုပ်သမားပါတီ ကွန်ဂရက်တွင် ကြေညာမည် ဖြစ်ကြောင်းလည်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ကိုးကြိမ်မြောက် အလုပ်သမားပါတီ ညီလာခံကို လာမည့် ဖေဖော်ဝါရီ လအတွင်း ကျင်းပရန် စီစဉ်ထားပြီး ကျင်းပမည့်နေ့ကို ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါ အလုပ်သမားပါတီ ညီလာခံတွင် မြောက်ကိုရီးယား ခေါင်းဆောင်များသည် လာမည့် ငါးနှစ်အတွက် မူဝါဒများချမှတ် ကြမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

ကုလသမဂ္ဂအခြေခံ နိုင်ငံတကာစနစ်ကို ကာကွယ်မည်ဟု တရုတ်သမ္မတ ပြောကြား

ပေကျင်း ဇန်နဝါရီ ၂၈

ကုလသမဂ္ဂကို အခြေခံသည့် နိုင်ငံတကာ အခင်းအကျင်းကို ထိန်းသိမ်းကာကွယ်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် ကြိုးပမ်းမည်ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ဖင်လန်ဝန်ကြီးချုပ် ပက်တာရီအော်ပိုနှင့် ဇန်နဝါရီ ၂၇ ရက်က တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသို့ လေးရက်ကြာ ခရီးစဉ်အဖြစ် ရောက်ရှိနေသော ဖင်လန်ဝန်ကြီးချုပ် အော်ပိုသည် ဇန်နဝါရီ ၂၇ ရက်တွင် ပေကျင်းမြို့ ပြည်သူ့မဟာ ခန်းမဆောင်၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂကိုအခြေခံသော နိုင်ငံတကာစနစ်ကို ထိန်းသိမ်းကာကွယ်ရေးအတွက် ဖင်လန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားထားသည်။

နိုင်ငံတကာ ပဋ္ဌိပက္ခများကို ကိုင်တွယ် ဖြေရှင်းရေးအတွက် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ဖွဲ့စည်းကြောင်း ယခုလအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာခဲ့ပြီးနောက် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အဆိုပါရပ်တည်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

သမ္မတဒေါ်နယ်ထရမ့် ဦးဆောင်သည့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့မှာ ကုလသမဂ္ဂနှင့် စင်ပြိုင်ဖြစ်လာမည့် အရေးကို နိုင်ငံတကာခေါင်းဆောင်များက စိုးရိမ်လျက်ရှိသည်။

ခန့်မှန်းရ ခက်ခဲလာသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မူဝါဒများကြောင့် အနောက်အုပ်စုနိုင်ငံများအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းလာကြချိန်တွင် တရုတ်နိုင်ငံသို့ ဖင်လန်ဝန်ကြီးချုပ်အော်ပို ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

တောင်ကိုရီးယားသမ္မတဟောင်း၏ဇနီး ကင်အွန်ဟီး လာဘ်ပေးလာဘ်ယူမှုဖြင့် ထောင်ဒဏ်ချမှတ်ခံရ

ဆိုးလ် ဇန်နဝါရီ ၂၈

တောင်ကိုရီးယား သမ္မတဟောင်း၏ဇနီး ကင်အွန်ဟီးကို လာဘ်ပေးလာဘ်ယူ ပြုလုပ်မှုဖြင့် ဆိုးလ် အလယ်ပိုင်းခရိုင်တရားရုံးက ယနေ့တွင် ထောင်ဒဏ်တစ်နှစ်နှင့်ရှစ်လချမှတ်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဆိုးလ် အလယ်ပိုင်းခရိုင်တရားရုံးသည် သမ္မတဟောင်း၏ဇနီး ကင်အွန်ဟီးကို လာဘ်ပေးလာဘ်ယူမှုဖြင့် ထောင်ဒဏ်ချမှတ်ခဲ့သော်လည်း စတော့ဈေးကွက်အတွင်း ကြားဝင်စွက်ဖက်မှုစွဲချက်နှင့် နိုင်ငံရေးရန်ပုံငွေ အက်ဥပဒေချိုးဖောက်မှုစွဲချက်များကို ပလပ်ပေးခဲ့ကြောင်း သိရသည်။

ကင်အွန်ဟီးအနေဖြင့် ခရစ်ယာန်အသင်းအဖွဲ့တစ်ခုခု တာဝန်ရှိသူများထံမှ လာဘ်ငွေရယူ၍ အပြန်အလှန်အားဖြင့် အဆိုပါခရစ်ယာန်အသင်းအဖွဲ့အပေါ် နိုင်ငံရေးအရ မျက်နှာသာပေးခဲ့ကြောင်း တရားရုံး၏ကြေညာချက်တွင် ဖော်ပြထားသည်။

သမ္မတဟောင်း၏ဇနီး ကင်အွန်ဟီးကို လာဘ်ပေးလာဘ်ယူမှုဖြင့် ထောင်ဒဏ် ၁၅ နှစ်နှင့် ငွေဒဏ် ဝမ်ငွေ ၂ ဒသမ ၉ ဘီလီယံ (အမေရိကန်ဒေါ်လာ နှစ်သန်း) ချမှတ်ရန် အစိုးရရှေ့နေများက တောင်းဆိုထားကြသော်လည်း တရားရုံးက ထောင်ဒဏ်တစ်နှစ်နှင့် ရှစ်လထိသာ ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဆိုးလ်ခရိုင်တရားရုံး၏ အဆိုပါ ထောင်ဒဏ်စီရင်ချက်ကို သမ္မတဟောင်း၏ဇနီး ကင်အွန်ဟီး အနေဖြင့် အယူခံဝင်နိုင်ကြောင်း သိရသည်။

ကင်အွန်ဟီး၏ခင်ပွန်း သမ္မတဟောင်း ယွန်ဆွတ်ယိုးမှာလည်း ၂၀၂၄ ခုနှစ်အတွင်း စစ်အုပ်ချုပ်ရေးဥပဒေ ကြေညာပြဋ္ဌာန်းမှုနှင့် ဆက်စပ်နေသော စွဲချက်များဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ပြင်သစ်ရှိ နှင်းလျှောစီးအပန်းဖြေဟိုတယ် မီးလောင်မှုဖြစ်ဟွား လူဦးရေ ၁၀၀ ကို ရွှေ့ပြောင်းပေးခဲ့ရ

ပဲရစ် ဇန်နဝါရီ ၂၈

ပြင်သစ်နိုင်ငံ အော့ပ်တောင်တန်းဒေသ ကော်ချီဗယ် နှင်းလျှောစီးအပန်းဖြေ ကြယ်ငါးပွင့်ဟိုတယ် တစ်ခုခု ဇန်နဝါရီ ၂၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူအများ အပြားကိုအရေးပေါ်ကယ်ထုတ်ပေးခဲ့ရကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒက်စ်ဂရန်းဒက်စ် အဲလ်ပက်စ် အမည်ရှိ ဟိုတယ်မီးလောင်မှုအတွင်း မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရမှုမရှိခဲ့ကြောင်း ပြင်သစ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဒက်စ်ဂရန်းဒက်စ် အဲလ်ပက်စ် ဟိုတယ် မီးလောင်မှုအတွင်း လူဦးရေ ၁၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြင်သစ် တာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် ပြင်သစ်မီဒီယာများ၏အဆိုအရ ဟိုတယ်မီးလောင်မှုအတွင်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းသူဦးရေမှာ ၂၇၀ ထိ ရှိခဲ့ကြောင်း သိရသည်။

ဒက်စ်ဂရန်းဒက်စ် အဲလ်ပက်စ် ဟိုတယ်မီးလောင်မှုသည် အနီးအနားရှိ အဆောက်အအုံတစ်လုံးကိုလည်း ကူးစက်ခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဂရန်းစ်မွန်တာနား အပန်းဖြေစခန်းရှိ အရက်ဘားတစ်ခု ၂၀၂၆ ခုနှစ် နှစ်သစ်ကူးည မီးလောင်မှုကြောင့် လူဦးရေ ၄၀ သေဆုံးခဲ့ရပြီးနောက် အော့ပ်တောင်တန်းဒေသ အပန်းဖြေစခန်းများ၌ ဘေးကင်းလုံခြုံရေးအစီအမံများ စတင်တင်းကျပ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

အိန္ဒိယနိုင်ငံအနောက်ပိုင်း၌ လေယာဉ်ပျက်ကျ မဟာရက်ရှ်ခြာပြည်နယ် ဒုတိယဝန်ကြီးချုပ် သေဆုံး

ဒေလီ ဇန်နဝါရီ ၂၈

အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ ယနေ့တွင် ပုဂ္ဂလိကလေယာဉ်တစ်စင်းပျက်ကျခဲ့ရာ မဟာရက်ရှ်ခြာပြည်နယ် ဒုတိယဝန်ကြီးချုပ် အကျစ်ပါဝါ အပါအဝင် လူငါးဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါလေယာဉ်သည် မွမ်ဘိုင်းမြို့မှ မဟာရက်ရှ်ခြာပြည်နယ် ဘာရာမာတီမြို့သို့ ဦးတည်ပျံသန်းနေစဉ် မွမ်ဘိုင်းမြို့နှင့် ၁၅၉ မိုင် အကွာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ဘာရာမာတီမြို့သည် အသက် ၆၆ နှစ်ရှိ မဟာရက်ရှ်ခြာပြည်နယ် ဒုတိယဝန်ကြီးချုပ် အကျစ်ပါဝါ၏ မွေးရပ်မြေဖြစ်သည်။

အကျစ်ပါဝါ လိုက်ပါလာသည့် လီယာဂျက်-၄၅ စင်းလုံးဌားလေယာဉ်သည် ဘာရာမာတီမြို့အနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

မဟာရက်ရှ်ခြာပြည်နယ် ဒုတိယဝန်ကြီးချုပ်အကျစ်ပါဝါ လေယာဉ်ပျက်ကျမှုတွင် ကွယ်လွန်ခဲ့သည့် အတွက်ဝမ်းနည်းကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားတင်ပြထားသည်။

မဟာရက်ရှ်ခြာပြည်နယ် ဒုတိယဝန်ကြီးချုပ် အကျစ်ပါဝါသည် ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ လက်ရှိအာဏာရ ဘာရာတီယာဂျနေတာပါတီကို ထောက်ခံသူဖြစ်ကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

SCIENCE AND TECHNOLOGY

Amazon ကုမ္ပဏီက တည်ဆောက်နေသော လီယိုအင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ကြောင့် နက္ခတ္တရူပဗေဒလေ့လာရေးလုပ်ငန်းများ ထိခိုက်နိုင်

ဝါရှင်တန် ဧန်နဝါရီ ၂၈

Amazon ကုမ္ပဏီက ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းတွင် တည်ဆောက်နေသည့် လီယိုအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကြောင့် နက္ခတ္တရူပဗေဒလေ့လာရေးလုပ်ငန်းများ ထိခိုက်သွားနိုင်ကြောင်း ဧန်နဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

Amazon ကုမ္ပဏီ၏ လီယို ဂြိုဟ်တုကွန်ရက်တွင် ပါဝင်သော ဂြိုဟ်တုများ၏ အလင်းအားမှာ နိုင်ငံတကာ နက္ခတ္တဗေဒသမဂ္ဂ (အိုင်အေယူ)က သတ်မှတ်ထားသည့် အလင်းအားကန့်သတ်ချက်ကို ကျော်လွန်နေကြောင်း သိရသည်။

လီယိုဂြိုဟ်တုများ၏ ပျမ်းမျှ အလင်းအားမှာ မဂ္ဂနီကျူ ၆ ဒသမ ၂၈ တွင်ရှိနေကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အထက်ပါ အလင်းအားသည် သာမန်မျက်စိဖြင့်မမြင်နိုင်လောက်အောင် ဖျော့တော့သော်လည်း နက္ခတ္တရူပဗေဒလေ့လာရေးလုပ်ငန်းများကို အနှောင့်အယှက်ပေးနိုင်ဆဲဖြစ်ကြောင်း သိရသည်။

Amazon ကုမ္ပဏီသည် ဂြိုဟ်တုစင်းရေ ၃၂၀၀ ကျော်ပါဝင်မည့် လီယို အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ကို ၂၀၂၅ ခုနှစ်ကပင် စတင်တည်ဆောက်ခဲ့သည်။

လက်ရှိတွင် Amazon ကုမ္ပဏီသည် လီယိုအင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်း ၁၈၀ လွတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

နာဆာ လွှတ်တင်မည့်အိုရီယွန်အာကာသယာဉ်က ရိုက်ညီနှောင်တည်ဆောက်ခဲ့သော ကမ္ဘာ့ပထမဆုံးလေယာဉ်၏ အစိတ်အပိုင်းတစ်ခုကိုပါ သယ်ယူသွားမည်

ဝါရှင်တန် ဧန်နဝါရီ ၂၈

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) က အားတီးမစ်-၂ မစ်ရှင်အရ လွှတ်တင်မည့် အိုရီယွန်အာကာသယာဉ်သည် ရိုက်ညီနှောင်တည်ဆောက်ခဲ့သော ကမ္ဘာ့ပထမဆုံးလေယာဉ်၏ အစိတ်အပိုင်းတစ်ခုကိုပါ သယ်ယူသွားမည် ဖြစ်ကြောင်း ဧန်နဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

အားတီးမစ်-၂ မစ်ရှင်လွှတ်တင်ချိန်တွင် အိုရီယွန်အာကာသယာဉ်သည် ရိုက်ညီနှောင်၏ သမိုင်းဝင်လေယာဉ်အစိတ်အပိုင်းနှင့် ပတ်လမ်းပေါ်သို့ ပထမဆုံးရောက်ရှိခဲ့သော အမေရိကန်အမျိုးသားအလံကဲ့သို့ သမိုင်းဝင်ပစ္စည်းများကို လည်း သယ်ယူသွားမည်ဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူးလေးဦးလိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို ဖေဖော်ဝါရီလ အတွင်း လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

အိုရီယွန်အာကာသယာဉ်ကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် SLS ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

အားတီးမစ်-၂ မစ်ရှင်အတွင်း အိုရီယွန် အာကာသယာဉ်သည် အာကာသယာဉ်မှူးလေးဦးကို လကမ္ဘာအနီးသို့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါမစ်ရှင်အောင်မြင်ခဲ့ပါက အားတီးမစ်-၃ မစ်ရှင်ဖြင့် လကမ္ဘာပေါ်သို့ လူသားများ ပို့ဆောင်ရန် နာဆာက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

Genyro ဇီဝနည်းပညာကုမ္ပဏီမှ သိပ္ပံပညာရှင်များက AI ကို အသုံးပြု၍ ယခင်မတွေ့မြင်ဖူးသည့် ဗိုင်းရပ်တစ်မျိုးကို ဓာတ်ခွဲခန်းအတွင်း ဖန်တီးနိုင်ခဲ့

လန်ဒန် ဧန်နဝါရီ ၂၈

ဗြိတိန်နိုင်ငံ Genyro ဇီဝနည်းပညာကုမ္ပဏီမှ သိပ္ပံပညာရှင်များသည် လူဉာဏ်ရည်တုနည်းပညာ (AI) ကို အသုံးပြု၍ ယခင်မတွေ့မြင်ဖူးသည့် ဗိုင်းရပ်တစ်မျိုးကို ဓာတ်ခွဲခန်းအတွင်း ဖန်တီးနိုင်ခဲ့ကြောင်း ဧန်နဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် EVO-2147 ဟူ၍ အမည်ပေးထားသည့် အဆိုပါ EVO-2147 ဗိုင်းရပ်သစ်ကို AI နည်းပညာများသုံး၍ ဓာတ်ခွဲခန်းထဲမှာပင် စလယ်ဆုံး ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မျိုးဗီဇ ၁၁ ခုသာ ပါရှိသည့် EVO-2147 ဗိုင်းရပ်သည် အရိုးစင်းဆုံးသက်ရှိပုံစံထဲတွင် ပါဝင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် EVO-2147 ဗိုင်းရပ်ကို E.Coli ဘက်တီးရီးယားများ ချေမှုန်းရေးအတွက် AI နည်းပညာဖြင့် ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

EVO-2147 ဗိုင်းရပ်ကို ဖန်တီးရာတွင် အသုံးပြုခဲ့သည့် EVO 2 ခေါ် AI နည်းပညာကို ဓာတ်ခွဲခန်းများအတွက် သက်ရှိများကို ဖန်တီးရေး၊ မျိုးသုဉ်းသွားသည့် သက်ရှိမျိုးစိတ်များကို ပြန်လည်ဖန်တီးရေးအတွက် တစ်နေ့နေ့တစ်ချိန်ချိန်တွင် အသုံးချ၍ရလာနိုင်ဖွယ်ရှိသည်ဟု ဗြိတိန်သိပ္ပံပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

HEALTH

စိတ်ကျန်းမာရေးပြဿနာများ၏ တူညီသောရောဂါ နောက်ခံအကြောင်းတရားက မျိုးဗီဇပြဿနာများဖြစ်

နယူးယောက် ဧန်နဝါရီ ၂၈

စိတ်ကျန်းမာရေး ပြဿနာ အတော်များများ၏ တူညီသော ရောဂါနောက်ခံအကြောင်းတရား တစ်ရပ်မှာ မျိုးဗီဇပြဿနာများ ဖြစ်ကြောင်း သုတေသနပညာရှင်များက ဧန်နဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

အထက်ပါလေ့လာတွေ့ရှိချက်သည် စိတ်ကျန်းမာရေးပြဿနာများအတွက် ကုထုံးသစ်များပေါ်ထွက်လာစေရန် လမ်းဖွင့်ပေးနိုင်ဖွယ်ရှိသည်။

အမေရိကန်သုတေသနပညာရှင်များသည် စိတ်ကျန်းမာရေးပြဿနာများနှင့် မျိုးဗီဇပြဿနာများကြား ဆက်စပ်မှု ရှိ၊ မရှိဖော်ထုတ်ရေးအတွက် လူသားမျိုးဗီဇညွှန်ကြားချက်အပြည့်အစုံ(Genome)ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လူသားတို့၏ခရိုမိုဆုမ်း(Chromosomes)များ ပေါ်ရှိ အဓိကနယ်မြေပေါင်း ၁၀၁ ခုတို့မှာ စိတ်ကျန်းမာရေးပြဿနာ ပေါ်လာနိုင်ခြေမြင့်မားမှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မျိုးဗီဇနောက်ခံ အကြောင်းတရားတူညီသည့် စိတ်ကျန်းမာရေးပြဿနာများထဲတွင် စိတ်အားအတက်အကျ မြန်ဆန်မှုရောဂါ၊ စိတ်ကျဝေဒနာနှင့် စိုးရိမ်သောကဝင်ရောက်မှု ပြဿနာများလည်း ပါဝင်ကြောင်း သိရသည်။

မျိုးဗီဇလေ့လာချက် ရလဒ်များအရ စိတ်ရောဂါအများအပြားမှာ မျိုးဗီဇအားဖြင့် တစ်ခုနှင့် တစ်ခု ဆက်စပ်နေနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနှင့် ခွန်အားလေ့ကျင့်ခန်း ပေါင်းစပ်ပြုလုပ်ပါက အသည်းအဆီဖုံးရောဂါကို ကာကွယ်နိုင်

ပေကျင်း ဧန်နဝါရီ ၂၈

သီတင်းတစ်ပတ်လျှင် မိနစ် ၃၀ မျှအချိန်ပေး၍ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနှင့် ခွန်အားလေ့ကျင့်ခန်းများကို ပေါင်းစပ်ပြုလုပ်ပေးပါက အရက်သောက်သုံးမှုနှင့်မသက်ဆိုင်သည့် အသည်းအဆီဖုံးရောဂါကို ကာကွယ်နိုင်ကြောင်း သုတေသနပညာရှင်များက ဧန်နဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနှင့် ခွန်အားလေ့ကျင့်ခန်းများကို ပေါင်းစပ်ပြုလုပ်ပေးခြင်းဖြင့် အသည်းအတွင်း အဆီစုစည်းမှုကို လျှော့ချပေးနိုင်ကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များနှင့် နိုင်ငံတကာသုတေသနပညာရှင်များ ယခင်ပြုလုပ်ခဲ့သော လေ့လာချက်ပေါင်း ၂၄ ခုတို့မှရရှိသည့် သတင်းအချက်အလက်များကို ပြန်လည်လေ့လာဆန်းစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သီတင်းတစ်ပတ်လျှင် အနည်းဆုံး မိနစ် ၃၀ ကြာမျှ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနှင့် ခွန်အားလေ့ကျင့်ခန်းများ တွဲဖက်ပြုလုပ်ပါက အသည်းအတွင်း အဆီစုစည်းမှုကို လျှော့ချနိုင်ကြောင်း သိရသည်။

အသည်းအတွင်း အဆီစုစည်းမှုလွန်ကဲခဲ့ပါက ရောင်ရမ်းမှုပေါ်ထွက်လာတတ်ပြီး အသည်းထိခိုက် ပျက်စီးသွားနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Xinhua News
Trs : KKO

နိုင်ငံတကာ အားကစားသတင်းများ

ဝက်စ်ဟမ်းအသင်းမှ ပါကွီတာက ဖလာမင်ဂိုအသင်းထံ ငါးနှစ်စာချုပ်ဖြင့် ပြန်လည်ပြောင်းရွှေ့

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂၈

ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ပါကွီတာသည် ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းထံ ငါးနှစ်စာချုပ်ဖြင့် ပြန်လည်ပြောင်းရွှေ့ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပါကွီတာသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၂၀၁၆ ခုနှစ်က ဖလာမင်ဂိုအသင်းနှင့် စတင်ခဲ့သူဖြစ်ပြီး ဖလာမင်ဂိုအသင်းတွင် သုံးရာသီကစားခဲ့ပြီးနောက် ဥရောပ ထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် အေစီမီလန်အသင်း၊ လိုင်ယွန်အသင်းတို့ထံ အဆင့်ဆင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ထို့နောက် ပါကွီတာသည် ၂၀၂၂ ခုနှစ်က လိုင်ယွန်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ ပရီးမီးယားလီဂ်ပြိုင်ပွဲ၌ အကောင်းဆုံး ကွင်းလယ်ကစားသမားများအနက် တစ်ဦး အပါအဝင် ရပ်တည်နေသည့် အတွက် ၎င်းကို ဥရောပမှ ထိပ်တန်း အသင်းကြီးများက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း အသင်းဟောင်း ဖလာမင်ဂိုအသင်းသို့သာ ပြောင်းရွှေ့လိုသည့်အတွက် လက်ရှိ ကစားသမား အပြောင်းအရွှေ့ကာလတွင်ပင် ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပါကွီတာသည် ဝက်စ်ဟမ်း အသင်းနှင့်အတူ လေးရာသီအတွင်း ပြိုင်ပွဲစုံ ၁၃၉ ပွဲတွင် သွင်းဂိုး ၂၃ ဂိုး သွင်းယူခဲ့ပြီး ဖလာမင်ဂိုအသင်းတွင် ပထမတစ်ကြိမ် ကစားခဲ့စဉ်ကလည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၉၅ ပွဲတွင် ၁၈ ဂိုး သွင်းယူခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : STA

ပီအက်စ်ဂျီအသင်းက နည်းပြအင်းနရစ်နှင့် သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးနေ

ပဲရစ် ဇန်နဝါရီ ၂၈

ပီအက်စ်ဂျီအသင်းက အသင်းနည်းပြအင်းနရစ်နှင့် သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပီအက်စ်ဂျီအသင်းနှင့် နည်းပြအင်းနရစ်တို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ပီအက်စ်ဂျီအသင်းက သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ယခုနှစ် ဘောလုံးရာသီ အစပိုင်းကတည်းက ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့သော်လည်း နည်းပြအင်းနရစ် ကိုယ်တိုင်က ပယ်ချခဲ့ခြင်းဖြစ်သည်။

အသက် ၅၅ နှစ်ရှိ နည်းပြအင်းနရစ်သည် ၂၀၂၃ ခုနှစ် ဇူလိုင်လက ပီအက်စ်ဂျီအသင်းကို စတင်တာဝန်ယူ ကိုင်တွယ်ခဲ့သူဖြစ်ပြီး ၂၀၂၅ ခုနှစ်က အသင်းကို ချန်ပီယံလီဂ်ဖလားနှင့် ပြင်သစ်လီဂူးဖလား အပါအဝင် တစ်နှစ်အတွင်း ဆုဖလား ခြောက်လုံးထိ ဆွတ်ခူးပေးခဲ့သူ ဖြစ်သည်။

အင်းနရစ်သည် အစောပိုင်းက ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် လမ်းခွဲရန် ဆုံးဖြတ်ထားသော်လည်း ယခုအခါ ၎င်းကိုယ်တိုင်က အသင်း၏ သက်တမ်းတိုးစာချုပ်သစ်အတွက် ကမ်းလှမ်းမှုကို ပြန်လည် လက်ခံခဲ့ပြီးနောက် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)တွင် မဟာယူနိုက်တက်အသင်းက ရာမည်ယူနိုက်တက်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅) အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ရာမည်ယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ မဟာယူနိုက်တက် အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မဟာယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၃၆ မိနစ်တွင် ကွမ်ဆက်နှင့် ပွဲချိန် ၄၅ မိနစ်တွင် မျိုးထက်ဦးတို့က မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့ကြပြီး ပထမပိုင်းအပြီးတွင် မဟာယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ရာမည်ယူနိုက်တက်အသင်း၏ ချေပဂိုးများအတွက် ပြန်လည် ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၆၆ မိနစ်တွင် ပက်ထရစ်က မဟာယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီး ပွဲချိန် ၇၂ မိနစ်တွင် ဇန်ပိုနှင့် ပွဲချိန် ၇၅ မိနစ်တွင် စောနိုင်တို့က ရာမည်ယူနိုက်တက်အသင်းအတွက် ချေပဂိုး နှစ်ဂိုး ပြန်လည်သွင်းယူခဲ့ကြသော်လည်း ပွဲချိန်မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုနှစ်မိနစ်တွင် ပက်ထရစ်က မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့သည့် အတွက် ပွဲပြီးဆုံးချိန်တွင် မဟာယူနိုက်တက်အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)အဖြစ် ဇန်နဝါရီ ၂၉ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။ STA

တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် ဂါဗင်ဂရင်းကို DP World Tour မှ သုံးလပွဲပယ်ပြစ်ဒဏ် ချမှတ်

ဒူဘိုင်း ဇန်နဝါရီ ၂၈

မလေးရှား ဂေါက်သီးရိုက်ကစားသမား ဂါဗင်ဂရင်းသည် ပုံမှန်တားမြစ်ဆေးဝါးသုံးစွဲမှု ရှိ၊ မရှိ စစ်ဆေးမှုခံယူရာတွင် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရ၍ DP World Tour မှ သုံးလပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း Golf Monthly သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၂ နှစ်ရှိ ဂါဗင်ဂရင်းသည် အမည်မဖော်လိုသည့် ကျွန်းမာရေးပြဿနာကို ဆေးကုသမှုခံယူရာတွင် အသုံးပြုခဲ့သော ဆေးဝါးအချို့သည် အားကစားလောကအတွက် တားမြစ်ဆေးအဖြစ် သတ်မှတ်ထားသည့် ဆေးအမျိုးအစားဖြစ်ကြောင်း သိရသည်။

ဂါဗင်ဂရင်းသည် ဒိန်းမတ်နိုင်ငံတွင် ကျင်းပခဲ့သော Danish Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်စဉ် တားမြစ်ဆေးဝါးသုံးစွဲမှု အစစ်ဆေးခံယူခဲ့ရခြင်းဖြစ်ပြီး သုံးလ အကြာတွင် ဆေးစစ်ချက်ရလဒ် ထွက်ပေါ်လာခဲ့ပြီးနောက် ပြစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

ပထမအကြိမ် ဆေးစစ်ချက်ရလဒ် ထွက်ပေါ်ခဲ့စဉ်ကတည်းက ယာယီပွဲပယ်ခံထားရသည့် ဂါဗင်ဂရင်းအနေဖြင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၅ ရက်မှစတင်၍ ပွဲပယ်ပြစ်ဒဏ်ဖြင့် အကျုံးဝင်ကြောင်း DP World Tour က ထုတ်ပြန်ခဲ့ပြီး ပြစ်ဒဏ်ကျခံရမည့် ကာလမှာ ယခုနှစ် မတ် ၅ ရက်ထိဖြစ်ကြောင်း သိရသည်။

DP World Tour အဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက "ဂါဗင်ဂရင်းဟာ ကျွန်းမာရေးပြဿနာကြောင့် ဆေးကုသမှုခံယူရင်းတားမြစ်ထားတဲ့ ဆေးဝါးတချို့ကို အသုံးပြုခဲ့တယ်လို့ စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ ဆေးစစ်ချက်ရလဒ်ကို အတည်ပြုနိုင်ခဲ့ပြီဖြစ်တဲ့အတွက်ကြောင့် သုံးလ ပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်ပါတယ်။ ပြစ်ဒဏ် စတင်ကျခံရတဲ့ရက်ကိုလဲ ဒီဇင်ဘာ ၅ ရက်အဖြစ် သတ်မှတ်လိုက်ပြီးတော့ မတ် ၅ ရက်ထိဖြစ်ပါတယ်။ ဒီပြစ်ဒဏ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ဘာမှတ်ချက်မှ မပြုလိုပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Monthly

Trs : AZL

မူဆက်တီဒဏ်ရာရရှိမှုကြောင့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျိုကိုဗစ် တက်ရောက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၈

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပနေသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် အီတလီတင်းနစ်ကစားသမားမူဆက်တီတို့ ယှဉ်ပြိုင်ခဲ့ရာ မူဆက်တီက ဒဏ်ရာရရှိခဲ့သောကြောင့် ပြိုင်ပွဲကို ပြီးဆုံးအောင်ကစားနိုင်ခြင်း မရှိသည့်အတွက် ဂျိုကိုဗစ်က ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မူဆက်တီသည် ဒဏ်ရာမရမီ (၆-၄၊၆-၃)ရလဒ်ဖြင့် အနိုင်ရရှိထားပြီး တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က(၃-၁)ရလဒ်ဖြင့် ဦးဆောင်ထားစဉ် မူဆက်တီသည် ဒဏ်ရာကြောင့် ပြိုင်ပွဲကို ဆက်လက် ယှဉ်ပြိုင်ကစားနိုင်ခြင်း မရှိသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရသည်။

ဂျိုကိုဗစ်က"ဒီပွဲစဉ်မှာ မူဆက်တီဟာ ကျွန်တော့်ထက် အများကြီး ပိုကောင်းအောင် ကစားနိုင်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ အခြေအနေက အိမ်ပြန်ရတော့မဲ့ အခြေအနေမျိုး ဖြစ်ခဲ့တယ်။ ဒါပေမဲ့လဲ မျှော်လင့်မထားပဲ မူဆက်တီ ဒဏ်ရာရသွားလို့ ကျွန်တော်ကံကောင်းခဲ့ပါတယ်။ မူဆက်တီအတွက် တကယ်ကို စိတ်မကောင်း ဖြစ်မိပါတယ်။ ဒဏ်ရာကနေ အမြန်ဆုံး သက်သာလာပါစေလို့ဆုတောင်းပေးပါတယ်။ ဒီနေ့ပွဲစဉ်မှာ တကယ်တမ်း အနိုင်ရသင့်သူက မူဆက်တီပါ။ ပွဲငယ်နှစ်ပွဲ ဆက်တိုက်ရှုံးနိမ့်ထားတဲ့ ကျွန်တော့် အခြေအနေက နောက်ကနေ လိုက်ကစားပြီး ပြန်အနိုင်ရဖို့ဆိုတာ ခက်ခဲပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : AZL

ယခုနှစ်ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုအဆုံးအဖြတ်အတွက် နောက်ဆုံးပွဲစဉ်ထိ ကစားရမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ယခုနှစ်ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ချန်ပီယံဆုအဆုံးအဖြတ်အတွက် နောက်ဆုံးပွဲစဉ်ထိ ကစားရမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပြီးဆုံးရန် တစ်ပွဲအလိုတွင် ဇရာဝတီအက်ဖ်စီ အသင်းသည် ၁၂ ပွဲနိုင်၊ သုံးပွဲသရေ၊ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၃၉ မှတ်ဖြင့် ဦးဆောင်နေပြီး လက်ရှိ ချန်ပီယံ ISPE အသင်းသည်လည်း ၁၁ ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၃၆ မှတ်ဖြင့် အဆင့်(၂)နေရာက ဖိအားပေးနေခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်တွင် ဇရာဝတီအက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ ကစားရမည်ဖြစ်သည့်အတွက် ဇရာဝတီအက်ဖ်စီ အသင်းသည် သရေရလဒ်ရရှိလျှင် ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ဖြစ်ပြီး ISPE အသင်း အနေဖြင့် အနိုင်ရရှိမှသာ ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ဖြစ်သည်။

နောက်ဆုံးပွဲစဉ်တွင် ISPE အသင်းက အနိုင်ရရှိမည်ဆိုပါက ရမှတ် ၃၉ မှတ်စီ တူညီမည်ဖြစ်သော်လည်း လက်ရှိဂိုးကွာခြားချက်တွင် ဇရာဝတီအက်ဖ်စီအသင်းက ၃၃ ဂိုးသာရှိပြီး ISPE အသင်းက သွင်းဂိုး ၄၀ ထိ ရှိနေသည့်အတွက် ရမှတ်တူညီမည်ဆိုပါက ISPE အသင်းက ဂိုးကွာခြားချက်အသာဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **STA**

အေတီကိုအသင်းက လာမည့်အပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းမှ ဂိုရက်စ်ကာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ

ဘာလင် ဇန်နဝါရီ ၂၈

အေတီကိုအသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းမှ ကွင်းလယ်ကစားသမား ဂိုရက်စ်ကာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ နှစ်ရှိ ဂိုရက်စ်ကာသည် ၂၀၁၈ ခုနှစ်က ရှော်လ်ကေးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ကာ အသင်းနှင့် အတူ ဘောလုံးရာသီ ရှစ်ရာသီ ကျော်ဖြတ်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ် အသင်းက ဂိုရက်စ်ကာကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်ဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန်ဆုံးဖြတ်ခဲ့သည့်အတွက် ဂိုရက်စ်ကာအနေဖြင့် အသင်းသစ်ရှာဖွေခဲ့ရာမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် အေတီကိုအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

ဂိုရက်စ်ကာ၏ အပြောင်းအရွှေ့အတွက် အေတီကိုအသင်းဥက္ကဋ္ဌ အလီမနီနှင့် ဂိုရက်စ်ကာ၏အေးဂျင့် တို့မြူးနစ်မြို့တွင် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ဂိုရက်စ်ကာသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ရှစ်ရာသီအတွင်း ပြိုင်ပွဲစုံ ၂၉၂ ပွဲ ပါဝင်ကစားထားပြီး ၄၇ ဂိုး သွင်းယူထားကြောင်း သိရသည်။

Ref : One Football

Trs : STA

မန်ယူအသင်းက ဒဏ်ရာကြောင့်အနားယူရမည့် ဒေါ်ဂူ၏နေရာတွင်အစားထိုးရန် ရင်းနက်အသင်းမှ မိုင်တီ ကို ခေါ်ယူရန်ကြိုးပမ်း

မန်ချက်စတာ ဇန်နဝါရီ ၂၈

မန်ယူအသင်းက ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည့် တောင်ပံကစားသမား ဒေါ်ဂူ၏နေရာတွင် အစားထိုးရန်အတွက် ရင်းနက်အသင်းမှ လူငယ်ကစားသမား မိုင်တီကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒေါ်ဂူသည် မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပြင်းထန်သည့် တံကောက်ကြော ဒဏ်ရာကြောင့် အနည်းဆုံး ရက်သတ္တ ၁၀ ပတ်ခန့် အနားယူရမည် ဖြစ်သည့်အတွက် ၎င်း၏နေရာတွင် မိုင်တီနှင့် အစားထိုးရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၁၈ နှစ်သာရှိသေးသည့် မိုင်တီသည် ရင်းနက်အသင်း အကယ်ဒမီထွက် ကစားသမား တစ်ဦးဖြစ်ပြီး ၂၀၂၄ ခုနှစ်က အသင်းနှင့် စတင်ပူးပေါင်းခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက ၁၃ ပွဲသာ ပါဝင်ကစားခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် အသင်း၏ အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်နေသူဖြစ်သည်။

မိုင်တီသည် ယခုနှစ် ဘောလုံးရာသီတွင် ရင်းနက်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၉ ပွဲတွင် သွင်းဂိုး သုံးဂိုး နှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ထားပြီး အလားအလာရှိသည့် လူငယ်ကစားသမား တစ်ဦးဖြစ်သည့်အတွက် မန်ယူအသင်းက လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလ မပြီးဆုံးမီ ခေါ်ယူရန် ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

WBC စူပါမစ်ဒယ်ဝိတ်တန်း ယာယီချန်ပီယံအမ်ဘီလီကို ကမ္ဘာ့ချန်ပီယံခါးပတ်ပေးအပ်ကြောင်း WBC အဖွဲ့ချုပ် ကြေညာ

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၈

မက္ကဆီကိုနိုင်ငံတွင် အခြေစိုက်သည့် WBC အဖွဲ့ချုပ်က WBC စူပါမစ်ဒယ်ဝိတ်တန်း ယာယီချန်ပီယံ ပြင်သစ်လက်ဝှေ့သမား အမ်ဘီလီကို WBC စူပါမစ်ဒယ်ဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံခါးပတ် လွှဲပြောင်းခဲ့ကြောင်း ကြေညာခဲ့သည်ဟု Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်ဘီလီသည် ၂၀၂၅ ခုနှစ် ဧပြီလ ၂၅ ရက်တွင် ပိုလန်လက်ဝှေ့သမား ဆူလက်ကီကို အနိုင်ရကာ WBC စူပါမစ်ဒယ်ဝိတ်တန်း ယာယီချန်ပီယံဖြစ်ခဲ့သည်။

ယာယီချန်ပီယံ ကာကွယ်ပွဲစဉ် အဖြစ် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ဂွာတီမာလာလက်ဝှေ့သမားမာတီနက်ဇ်နှင့် ထိုးသတ်ခဲ့ရာ သရေရလဒ် ထွက်ပေါ်ခဲ့သည့်အတွက် ယာယီချန်ပီယံကို ဆက်လက် ထိန်းသိမ်းခဲ့သည်။

WBC စူပါမစ်ဒယ်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံ အမေရိကန် လက်ဝှေ့သမား ခရောဖို့ဒ်သည် လက်ဝှေ့လောကမှ အနားယူခဲ့သည့်အတွက် WBC စူပါမစ်ဒယ်ဝိတ်တန်း ယာယီချန်ပီယံဖြစ်သူ အမ်ဘီလီကို ကမ္ဘာ့ချန်ပီယံခါးပတ် လွှဲပြောင်း ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း WBC အဖွဲ့ချုပ်က ကြေညာခဲ့သည်။

WBC အဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဆူလိုင်မန်းက "အမ်ဘီလီဟာ ကျွန်တော်တို့အဖွဲ့ချုပ်ရဲ့ စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဖြစ်သွားပါပြီ။ အမ်ဘီလီအတွက် ဝမ်းသာဂုဏ်ယူပါတယ်။ အမ်ဘီလီဟာ WBC အဖွဲ့ချုပ်မှာပဲ ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဖြတ်သန်းလာခဲ့တာပါ။ အမ်ဘီလီဟာ WBC Continental Americas ချန်ပီယံ တစ်ယောက်လဲဖြစ်ပါတယ်။ အမ်ဘီလီဟာ နောက်ဆုံးထိုးသတ်ခဲ့တဲ့ပွဲစဉ်မှာလဲ အကောင်းဆုံးလုပ်ပြနိုင်ခဲ့ပါတယ်။ အမ်ဘီလီနဲ့ထိုးသတ်ခဲ့တဲ့ မာတီနက်ဇ်ဟာလဲ အကောင်းဆုံးလုပ်ပြနိုင်ခဲ့ပါတယ်။ အမ်ဘီလီနဲ့ မာတီနက်ဇ်တို့ ပွဲစဉ်ဟာ WBC အဖွဲ့ချုပ်ရဲ့ တစ်နှစ်တာ အကောင်းဆုံး စိန်ခေါ်ပွဲအဖြစ်လဲ သတ်မှတ်ထားပါတယ်။ ချန်ပီယံအသစ်ဖြစ်တဲ့ အမ်ဘီလီအနေနဲ့လဲ မကြာခင်မှာ လက်ရှိ ကမ္ဘာ့ချန်ပီယံကို ကာကွယ်သွားမှာလဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : Fight Mag**

Trs : AZL

ကိုးလ်ပယ်မာကို ရောင်းချရန်အစီအစဉ်မရှိဟု ချဲလ်ဆီးအသင်းနည်းပြ ရိုစီနီယာ ပြောကြား

လန်ဒန် ဇန်နဝါရီ ၂၈

ချဲလ်ဆီးအသင်းနည်းပြ ရိုစီနီယာက အသင်းမှ အဓိကကွင်းလယ်ကစားသမား ကိုးလ်ပယ်မာကို ရောင်းချရန် အစီအစဉ်မရှိဟု ပြောကြားခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းက ကိုးလ်ပယ်မာသည် ချဲလ်ဆီးအသင်းတွင် အဆင်မပြေ ဖြစ်နေသည့်အတွက် ဇာတိမြေဖြစ်သည့် မန်ချက်စတာ မြို့ခံ မန်ယူအသင်းထံ ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည့်အတွက် နည်းပြရိုစီနီယာက အဆိုပါ သတင်းများနှင့်ပတ်သက်ပြီး တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

နည်းပြရိုစီနီယာက "ကိုးလ်ပယ်မာနဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့သတင်းတွေက အခြေအမြစ်မရှိတဲ့သတင်းတွေပါ။ ကိုးလ်ပယ်မာအနေနဲ့ အသင်းမှာ အဆင်ပြေနေပါတယ်။ သူက အသင်းရဲ့ အရေးပါတဲ့ ကစားသမားတစ်ဦး ဖြစ်လို့ရောင်းချဖို့ အစီအစဉ်မရှိပါဘူး"ဟု အတည်ပြုပြောကြားခဲ့သည်။

ကိုးလ်ပယ်မာက မန်ယူအသင်းသည် ငယ်စဉ်ကတည်းက ၎င်း အားပေးခဲ့သည့် အသင်းတစ်သင်း ဖြစ်ကြောင်း အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ပြီးနောက် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် သတင်းများ ထွက်ပေါ်နေခြင်း ဖြစ်သည်။

ကိုးလ်ပယ်မာသည် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ အဓိက ကစားသမားအဖြစ် ရပ်တည်နေသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရကြောင်း သိရသည်။

Ref : Fotmob

Trs : STA

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲမှုအန္တရာယ်

ကိုအောင်(ထုတ်လုပ်)

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုသည် ကမ္ဘာတစ်ဝှမ်းတွင် ကြီးမားသော ပြဿနာတစ်ရပ်အဖြစ်ရှိနေသည်။ အထူးသဖြင့် လူငယ်များအကြား ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှု တိုးပွားလာခြင်းသည် စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ခုဖြစ်နေသည်။ အပြည်ပြည်ဆိုင်ရာ ကင်ဆာရောဂါထိန်းချုပ်ရေးအဖွဲ့ (Union for International Cancer Control –UICC) ၏ စစ်တမ်းအရ အသက် ၁၃ နှစ်မှ ၁၅ နှစ်ကြား လူငယ်များသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ စတင်သုံးစွဲနေကြပြီး ထိုလူငယ်များ၏ သုံးပုံနှစ်ပုံခန့်သည် စမ်းသပ်သောက်သုံးမှုမှ စွဲလမ်းသူများဖြစ်လာကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ဆောင်ရွက်ခဲ့သော မကူးစက်နိုင်သောရောဂါများဖြစ်ပွားစေသည့် အကြောင်းအရင်းများကို လေ့လာသည့်စစ်တမ်းအရ ဆေးလိပ်သောက်သုံးမှုနှုန်း ၂၆ ရာခိုင်နှုန်းရှိပြီး ဆေးရွက်ကြီးနှင့် ကွမ်းယာတွဲဖက်စားသုံးမှုနှုန်း ၄၃ ရာခိုင်နှုန်းရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီးထိန်းချုပ်ရေးဆိုင်ရာ မူဘောင်ကွန်ပန်းရှင်း(Framework Convention on Tobacco Control) ကို ၁၁ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၃ ခုနှစ် တွင် လက်မှတ်ရေးထိုးခဲ့သည်။

"ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ" ကို ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်"ကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ဆောင်ရွက်ခဲ့ရာ ၎င်းဆောင်ရွက်ချက်သည် အရှေ့တောင် အာရှဒေသတွင် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံတို့နှင့်အတူ မြန်မာနိုင်ငံသည် တတိယမြောက်အကောင်အထည်ဖော်ဆောင်ရွက်သည့်နိုင်ငံဖြစ်သည်။

ဆေးလိပ်တွင်ပါဝင်သော ဓာတုပစ္စည်းများသည် လူ၏ကျန်းမာရေးကို အထူးအန္တရာယ်ဖြစ်စေသည်။ ဆေးလိပ်တစ်လိပ်တွင် ဓာတုဒြပ်ပေါင်း ၄၀၀၀ ကျော်ပါဝင်ပြီး ၎င်းတို့ထဲမှ ၂၅၀ ခန့်သည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ကာ ၇၀ ခန့်သည် ကင်ဆာဖြစ်စေနိုင်သည့် ဓာတ်များဖြစ်သည်။ ဆေးလိပ်တွင်ပါဝင်သောအန္တရာယ်ရှိသောဓာတ်များမှာ ဆေးလိပ်စွဲစေသည့် နီကိုတင်းဓာတ်သည် အဓိကဖြစ်ပြီး သွေးတိုး၊ နှလုံးခုန်မြန်ခြင်း၊ သွေးကြောကျဉ်းစေခြင်းများဖြစ်နိုင်သည်။ နီကိုတင်းဓာတ်သည် အဆုတ်တွင်စုပုံသည့် အညစ်အကြေးတစ်မျိုးဖြစ်ပြီး အဆုတ်ကင်ဆာ၊ နာတာရှည်အဆုတ်ရောဂါတို့ကိုဖြစ်စေသည်။ ထို့ပြင် ဆေးလိပ်တွင်ပါဝင်သော ကာဗွန်မိုနောက်ဆိုဒ်သည် အောက်ဆီဂျင် သယ်နိုင်စွမ်းကို လျော့ကျစေသော အဆိပ်ငွေ့ဖြစ်၍ နှလုံးသွေးကြောရောဂါ၊ ဦးနှောက်အောက်ဆီဂျင် ချို့တဲ့ခြင်းကိုဖြစ်စေသည်။ ဘင်ဇိုပီရင်းသည် လူ၏မျိုးရိုးဗီဇကိုပျက်စီးစေကာ အဆုတ်ရောဂါနှင့်အခြားအင်္ဂါများတွင် ကင်ဆာဖြစ်စေသည်။ အာဆင်းနစ်သည် အဆိပ်သင့်ခြင်းကိုဖြစ်နိုင်သော သတ္တုဓာတ်ဖြစ်သည်။

ခန္ဓာကိုယ်ဆဲလ်များကို သေစေနိုင်သော ဖော်မယ်လ်ဒီဟိုက်လည်းပါဝင်ပြီး ဆေးလိပ်စွဲလမ်းမှုကို ပိုမိုဆိုးရွားစေသော အမ်မိုနီယာနှင့် အသက်ရှူလမ်းကြောင်း ဆဲလ်များကိုဖျက်ဆီးနိုင်သည့် ဆိုင်ယာနိုက်ဒ်ဓာတ်များပါဝင်သည်။ ထို့ပြင် ကျောက်ကပ်နှင့် အရိုးများကို ပျက်စီးစေသော ခဲ၊ ကဒ်မီယမ် အသည်းကင်ဆာဖြစ်စေနိုင်သော ဒီအက်သိုင်လ်နိုက်ထရိုဆာမင်းနှင့် ရေဒီယိုသတ္တိကြွဓာတ်ကြောင့်

ကင်ဆာဖြစ်စေနိုင်သော ပိုလိုနီယမ်-၂၁၀ တို့ ပါဝင်သည်။

ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်မည့် ကင်ဆာရောဂါများ

ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာရေမျိုပြွန်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ပန်ကရိယကင်ဆာ၊ အသည်းကင်ဆာ၊ လေပြွန်ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ အူမကြီးကင်ဆာ၊ နာခေါင်းနှင့် လေအိတ်ကင်ဆာ၊ အူသိမ်ကင်ဆာ၊ သားဥအိမ်ကင်ဆာ စသည့်ကင်ဆာရောဂါများဖြစ်ပွားနိုင်သည်။

ဆေးလိပ်ငွေ့ရှူမိသူ

ကိုယ်တိုင် ဆေးလိပ်သောက်သုံးခြင်းဖြင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ ရရှိနိုင်သကဲ့သို့ ဆေးလိပ်ငွေ့ကိုရှူရှိုက်မိသူများလည်း ကျန်းမာရေးဆိုင်ရာဆိုးကျိုးများရရှိနိုင်သည်။ ဆေးလိပ်ကို ကိုယ်တိုင်မသောက်သော်လည်း ဆေးလိပ်ငွေ့ရှူမိသူကို တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်သူဟုခေါ်သည်။ နှစ်စဉ်ကမ္ဘာပေါ်တွင် အခြားသူများသောက်သုံးရာမှ လေထုအတွင်း ပျံ့နှံ့နေသည့် ဆေးလိပ်ငွေ့များကို တစ်ဆင့်ခံရှူရှိုက်သူဖြစ်နေရသူ ၁ ဒသမ ၂ သန်းခန့်နှင့် ကလေးသူငယ် ၆၅၀၀၀ ခန့်တို့သည် ဆေးလိပ်မသောက်ဘဲ ဆေးလိပ်ငွေ့ကြောင့်သေဆုံးနေရကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏လေ့လာမှုအရသိရသည်။ ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်တိုင် ဆေးလိပ်သောက်၍ဖြစ်စေ၊ ကိုယ်ဝန်ဆောင်စဉ် တစ်ဆင့်ခံရှူရှိုက်သူအဖြစ် နီကိုတင်းဓာတ်ကို မကြာခဏရှူရှိုက်မိ၍ဖြစ်စေ လမစေ့ ဘဲမွေးဖွားခြင်း၊ မိခင်ရော သန္ဓေသားပါ ကိုယ်ဝန်ပျက်ကျခြင်း၊ သန္ဓေသားဘဝကတည်းက အဆုတ်ကြီးထွားမှုနှင့် အဆုတ်၏လုပ်ငန်းများ နှေးကွေးကျဆင်းခြင်း၊ မွေးစကလေး ပေါင်ချိန်မပြည့်ခြင်း၊ မီးတွင်းကာလ ကလေးတွင် အဆုတ်ပိုးဝင်ရောက်ခြင်း၊ အဆုတ်ရောင်ခြင်းနှင့် ပန်းနာရင်ကျပ်ကဲ့သို့ ရောဂါဖြစ်ခြင်းစသည့် ဆိုးကျိုးများကို ခံစားရနိုင်သည်။ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေပုဒ်မ ၆ အရ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ရုံးခန်းပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊ ဆေးရုံ အဆောက်အအုံ၊ ဆေးခန်းများ၊ အားကစားရုံ၊ ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံးစာကြည့်တိုက်နှင့် စာဖတ်ခန်းများ စသည့်နေရာများနှင့် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် အများပြည်သူဆိုင်ရာ ပရဝဏ်၊ အဆောက်အအုံနှင့်နေရာများသည် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသောနေရာများဖြစ်သည်။

အမြန်ဆုံး ဖြတ်သင့်သည့်ဆေးလိပ်

ဆိုးဝါးလှပြီး အန္တရာယ်ပေးသော ဆေးလိပ်ကို အစလုပ်ပြီးမသောက်သုံးသင့်ပါပေ။ အကယ်၍ ဆေးလိပ်စွဲနေပြီဆိုပါကလည်း အမြန်ဆုံး ဖြတ်သင့်သည်။ ဆေးလိပ်ဖြတ်ရန် စိတ်အားထက်သန်မှုနှင့် မှန်ကန်သည့် နည်းလမ်းများလိုအပ်သည်။

စိတ်ပိုင်းဆိုင်ရာပြင်ဆင်မှု

အကြောင်းရင်းရှာပါ – မိသားစုအတွက်လား၊ ကျန်းမာရေးအတွက်လား ကိုယ်တိုင်ရည်မှန်းချက်ချမှတ်ပါ။

ရက်စွဲသတ်မှတ်ပါ – ဆေးလိပ်ဖြတ်မယ့်ရက်ကို အချိန်ဇယားဆွဲပါ။ (ဥပမာ လာမယ့်တနင်္လာနေ့မှာ ကျိန်းသေ စတင်ဖြတ်မယ်)

ရုပ်ပိုင်းဆိုင်ရာပြင်ဆင်မှု

ဆေးလိပ်အားလုံးဖယ်ရှားပါ – အိမ်၊ အလုပ်နေရာ၊ အိတ်ထဲက ဆေးလိပ်များကို ရှင်းလင်းပါ။

အစားထိုးနည်းလမ်းများသုံးပါ – ဆေးလိပ်မသောက်ဘဲ လက်လှုပ်ရှားစရာပြုလုပ်ပါ။ ရေများများသောက်ပါ။ ဆေးလိပ်သောက်ချင်စိတ်ပေါ်လာပါကထိ အသက်ရှူလေ့ကျင့်ခန်းလုပ်ပါ။ ခံတွင်းလန်းစေရန် ပီကေဝါးခြင်း၊ သစ်သီးစားခြင်းတို့ကိုပြုလုပ်ပါ။ ဆရာဝန်ညွှန်ကြားချက်ဖြင့် စိတ်ကျရောဂါဆေး၊ နီကိုတင်းအာရုံခံကို ဟန့်တားပေးသောဆေးများကို သောက်သုံးသင့်သည်။ သဘာဝနည်းလမ်းများဖြစ်သော ဂျင်းလက်ဖက်ရည်နှင့် ဗီတာမင်စီမြင့်မားသော အစားအစာများကို စားသုံးသင့်သည်။

ဆေးလိပ်ဖြတ်ပြီးနောက် ဂရုစိုက်ရန်

ပထမ သုံးရက်သည် အခက်ခဲဆုံးအချိန်ဖြစ်၍ ခေါင်းကိုက်နိုင်သည်။ ပထမ နှစ်ပတ်တွင် စိတ်မတည်ငြိမ်မှုများဖြစ်လာနိုင်သည်။ တစ်လပြည့်ပါက ၉၀ ရာခိုင်နှုန်း အောင်မြင်မှုရရှိပြီဖြစ်သည်။ သို့သော် ပြန်မသောက်မိစေရန် တစ်ဖွာလောက်ပဲဆိုသည့် စိတ်ကိုရှောင်ပါ။ ဆေးလိပ်သောက်သူများနှင့် ခဏဝေးဝေးနေပါ။ ဆေးလိပ်ဖြတ်ခြင်း အောင်မြင်မှုအတွက် မိမိကိုယ်ကိုဂုဏ်ယူပါ။ ဆေးလိပ်ဖြတ်ခြင်းသည် ပထမတစ်ပတ်ကိုသာ ကျော်လွှားနိုင်ပါက နောက်ပိုင်းလွယ်ကူမည်ဖြစ်သည်။ ထို့ပြင် အကူအညီလိုပါက နီးစပ်ရာကျန်းမာရေးဌာနများတွင် ဆေးလိပ်ဖြတ်အစီအစဉ်များကို မေးမြန်းနိုင်သည်။

မသောက်ရလျှင် မနေနိုင်အောင် စွဲလမ်းစေသည့် အီးစီးကရက်

ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မှုပြုလာချိန်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းများထုတ်လုပ်ရောင်းချနေသည့် ကုမ္ပဏီကြီးများက အဆိုပါဥပဒေများကို ရှောင်တိမ်းနိုင်ရန် ကြိုးပမ်းလာကြပြီး အီလက်ထရောနစ်အင်ဂျင့်ရှူကိရိယာများ၊ ၎င်းနှင့်တွဲဖက် အသုံးပြုရသည့် အနံ့အရသာမျိုးစုံထည့်သွင်းထားသော E-Liquid အရည်များစသည်တို့ကိုလူငယ်များ၊ အမျိုးသမီးများအကြိုက်၊ ပုံစံမျိုးစုံ၊ အရောင်အသွေးမျိုးစုံ လုပစွာထုတ်လုပ်ရောင်းချနေကြသည်။ အီးစီးကရက်ဆိုသောအရာသည် ဆေးရွက်ကြီးမပါဝင်သည့်တိုင် နီကိုတင်းဓာတ်ပါဝင်သဖြင့် မသောက်ရလျှင် မနေနိုင်အောင် စွဲလမ်းစေသဖြင့် ကျန်းမာရေးဆိုးကျိုးများဖြစ်ပေါ်စေသည်။

လူသားတို့ကို အလွန်အန္တရာယ်ပေးသော ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ လေဖြတ်ရောဂါနှင့် ကင်ဆာရောဂါများဖြစ်ပွားပြီး အရွယ်မတိုင်မီသေဆုံးကြရသည်။ ထို့ကြောင့် လူအများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

ဆေးလိပ်သောက်သုံးမှုသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကို ထိခိုက်စေရုံသာမက၊ မိသားစုများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်စေနိုင်သည့် ပြဿနာတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုလျှော့ချရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျန်းမာပျော်ရွှင်သော လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်မည်ဟု မျှော်လင့်မိပါကြောင်းကို ရေးသားတင်ပြလိုက်ပါသည်။

ကိုးကား

– https://www.who.int/

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံ့မှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံ့မှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံ့မှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

မုန်းခွင့် ရုပ်ရှင်ဇာတ်ကားကို ရုပ်မြင်သံကြားဇာတ်လမ်းအဖြစ် ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်လွှင့်တင်ဆက်သွားမည်

ရန်ကုန် ဇန်နဝါရီ ၂၈

Chanal+ Zat Lenn အခပေး ရုပ်သံလိုင်းမှ မုန်းခွင့် ရုပ်ရှင်ဇာတ်ကားကို ရုပ်မြင်သံကြားဇာတ်လမ်းအဖြစ် ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်သည့် ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးမှ CEO ဖြစ်သူ ကိုဘိုစန်းထံမှ သိရသည်။

အဆိုပါ မုန်းခွင့် ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ စိုးမိုးမင်းက ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"လူငယ်အချစ်ဇာတ်လမ်းကောင်းလေးပါ။ ဇာတ်လမ်းဇာတ်ညွှန်းကောင်းကောင်း သရုပ်ဆောင် အားကောင်းကောင်းနဲ့ ဖန်တီးအားကောင်းတဲ့ ဒါရိုက်တာတို့ ဆုံတဲ့ဇာတ်ကားဖြစ်တဲ့အတွက် အားပေးတဲ့ ပရိသတ်တွေ အားပေးရကျိုးနပ်မဲ့ ဇာတ်ကားလေးလို့ ပြောချင်ပါတယ်။ ဒီဇာတ်ကားက ၂၀၂၃ ခုနှစ် စက်တင်ဘာလတုန်းက ရုံတင်ပြသခဲ့ပြီးပါပြီ။ အဲဒီတုန်းက မကြည့်လိုက်ရသေးတဲ့ ပရိသတ်တွေရော၊ ထပ်မံကြည့်ရှုချင်တဲ့ သူတွေအတွက် Chanal + Zat Lenn ကနေ ဖေဖော်ဝါရီ ၁ ရက်မှာ ထုတ်လွှင့်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ကိုဘိုစန်းက ပြောပြသည်။

မုန်းခွင့် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် ရွှေထူး၊ ဟင်နရီ၊ မင်းသူ၊ ၄က်ပျောကြော်၊ မောင်ကင်း၊ ဇွဲ၊ ရဲရင့်စည်သူအောင်၊ ခင်ဝင့်ဝါ၊ မေမြင့်မိုရ်၊ ဆုပိုပိုထွန်း၊ မေသဇင်မြင့်အောင် စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါ မုန်းခွင့်ဇာတ်ကားကို ရုပ်မြင်သံကြားဇာတ်လမ်းအဖြစ် Chanal + Zat Lenn အခပေးရုပ်သံလိုင်းမှ ဖေဖော်ဝါရီ ၁ ရက် စနေနေ့ည ၇ နာရီ မိနစ် ၃၀ အချိန်တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။ ASH

The Big Fix ဇာတ်ကားကို ဒါရိုက်တာ ဘယ်တာဆာကိုမာကားရိုက်ကူးမည်

နယူးယောက် ဇန်နဝါရီ ၂၈

The Big Fix အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ ဘယ်တာဆာကို မာကားရိုက်ကူးမည် ဖြစ်ကြောင်း ဇန်နဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

The Big Fix ဇာတ်ကားကို ဒါရိုက်တာ ဘယ်တာဆာကို မာကားက တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား မာ့ဝေးဘာ့နှင့် ရစ်အာမတ်တို့က အဓိက ဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

The Big Fix အတွက် ဝတ္ထု ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂိုင်းဘော်တန်နှင့် ဂျက်စတင်ဟေ သီတို့က ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် ဘောလုံးအားကစားလောက နိုင်ငံတကာလုပ်ပွဲကြီးတစ်ခုကို ဖော်ထုတ်နိုင်ခဲ့သော နိုင်ငံတကာ ရဲတပ်ဖွဲ့ (အင်တာပိုလ်) ရဲအရာရှိ တစ်ဦးအကြောင်း ဖြစ်ရပ်မှန်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် The Big Fix ဇာတ်ကားရိုက်ကူးမည့် ရက်နှင့် ပြသမည့်ရက်တို့ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

Bellarie Production က ရိုက်ကူးထုတ်လုပ်မည့် အချစ်ဈေး ရုပ်ရှင်ဇာတ်ကား မီဒီယာမီတ်ဆက်ပွဲအခမ်းအနား ပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၂၈

Bellarie Production က ရိုက်ကူးထုတ်လုပ်မည့် အချစ်ဈေး ရုပ်ရှင်ဇာတ်ကား မီဒီယာမီတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Pop Market တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ အချစ်ဈေး ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် နိုင်းနိုင်းထံမှ သိရသည်။

အဆိုပါ အချစ်ဈေး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မိုးနီလွင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်က Bellarie Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော် သရုပ်ဆောင် အလုပ်ကို မလုပ်တာတော်တော်

ကြာသွားပါပြီ။ ပထမဦးဆုံး စပြီး ပြန်လုပ်မဲ့ ဇာတ်ကားအတွက် အများကြီး ရင်ခုန်ပါတယ်။ အများကြီးလဲ အားစိုက်ထုတ်ပြီး ကြိုးစားသွားမှာပါ။ ကစ်ကစ် (ဝတ်မှုန်ရွှေရည်)နဲ့ ပြန်ဆုံရတဲ့အတွက် ဝမ်းသာမိပါတယ်။ ကိုနေတိုးနဲ့ ကတော့ ပထမဆုံးစပြီး အလုပ်အတူတူလုပ်ကြရမှာပါ"ဟု သရုပ်ဆောင် နိုင်းနိုင်းက ပြောပြသည်။

အချစ်ဈေး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ နိုင်းနိုင်း၊ ဝတ်မှုန်ရွှေရည် နှင့်အနုပညာရှင်များစွာ ပါဝင်မည်ဖြစ်ပြီး ဖေဖော်ဝါရီလဆန်းမှ စတင်ကာ ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

The Civilian ဒရာမာဇာတ်ကား၌ မင်းသမီး သိုရာဘာ့ချ်နှင့် မင်းသား ဂျက်ဂီဆေးတို့ပါဝင်မည်

နယူးယောက် ဇန်နဝါရီ ၂၈

The Civilian ဒရာမာရုပ်ရှင် ဇာတ်ကားသစ်တွင် မင်းသမီး သိုရာဘာ့ချ်နှင့် မင်းသား ဂျက်ဂီဆေးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၇ ရက် သတင်းများအရ သိရသည်။

The Civilian ဇာတ်ကားသည် စစ်မှုထမ်းပြီးနောက် ပုံမှန်အရပ်သားဘဝဖြင့် နေထိုင်ရေးအတွက် ရုန်းကန်နေရသည့် စစ်ပြန်တစ်ဦး၏ ဘဝကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဂျက်ဂီဆေးက အဓိက ဇာတ်ကောင်စစ်ပြန်နေရာ၌ သရုပ်ဆောင်မည်ဖြစ်ပြီး သိုရာဘာ့ချ်က ၎င်း၏ ဇနီးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ပြီး Civilian ဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ ဂျွန်ဂျေဘူဒီယွန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဝတ္ထု ဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ဂျွန်ဂျေဘူဒီယွန်ကပင် တာဝန်ယူ ရေးသားထားသည်။

The Civilian ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ရန်ထုတ်လုပ်သူများက စီစဉ်ထားသည်။

Ref : Russia Today
Trs : KKO

ရန်ကုန်တိရစ္ဆာန်ဥယျာဉ် နှစ် ၁၂၀ ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ ကျင်းပသွားမည်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိရစ္ဆာန်ဥယျာဉ် နှစ် ၁၂၀ ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်ထွန်းထံမှ သိရသည်။

အဆိုပါ ပွဲတော်ကာလအတွင်း ရန်ကုန် တိရစ္ဆာန်ဥယျာဉ်အတွင်း အပန်းဖြေရန် လာရောက်သူများအတွက် မော်ဒယ်ကလေးငယ်များ၏ ဖျော်ဖြေတင်ဆက်မှု၊ တေးဂီတ အစီအစဉ်၊ တစ်ကိုယ်တော်မျက်လှည့် စသည့်ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပပေးသွားမည် ဖြစ်ပြီး စျေးပွဲတော်ကိုလည်း ထည့်သွင်း ကျင်းပပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"အရှေ့တောင်အာရှမှာ သက်တမ်း အရှည်ကြာဆုံးဖြစ်တဲ့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရဲ့ နှစ် ၁၂၀ ပြည့် ဇန်နဝါရီ ၂၅ ရက်မှာ ပြည့်မြောက်တာ ဖြစ်ပါတယ်။ အထိမ်းအမှတ် ပွဲတော်ကတော့ ဇန်နဝါရီ ၃၀ ရက်ကနေ ဖေဖော်ဝါရီ ၂ ရက်ထိ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဆင်လိမ္မာ၊ မျောက်လိမ္မာ၊ မြွေလိမ္မာ၊ ဝက်ဝံလိမ္မာ လေးတွေရဲ့ ပြကွက်တွေအပြင် မျက်လှည့်ပြကွက်တွေလဲ ပါဝင်မှာဖြစ်ပါတယ်" ဟု ဦးသန်းမြင့်ထွန်းက ပြောပြသည်။

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သည် မြေဂေကအားဖြင့် ၅၇ ဧက ကျယ်ဝန်းပြီး တိရစ္ဆာန်မျိုးစိတ်ပေါင်း ၃၅၀ ဝန်းကျင်ခန့်ရှိပြီး တိရစ္ဆာန် အကောင်ရေပေါင်း ၁၄၀၀ ခန့်ရှိကြောင်း သိရသည်။ ASH

More than 20,000 travellers visit Shwethaungyan beach in December

Visitors seen at Shwethaungyan beach.

Pathein January 28

Daw Cherry Myint, the tour in-charge of the Shwethaungyan Beach tourism association, said that a total of 22,243 travellers paid visits to Shwethaungyan Beach in Shwethaungyan of Pathein Township in Ayeyawady Region in December last year.

Shwethaungyan Beach, located in Shwethaungyan Town, Pathein Township—one of the tourist destinations in the Ayeyawady Region—received a total of 12,245 visitors during November 2025. In December 2025, the number of visitors reached 22,243 within the month.

"Over the past month, there has been a large number of tourists and holidaymakers visiting Shwethaungyan Beach. Visitor numbers were particularly high during December and the Christmas period. Among those who visited during the month, some were day-trippers while others stayed overnight. In addition to domestic visitors, there were also foreign tourists," said Daw Cherry Myint.

At Shwethaungyan Beach, more than 20 hotels and guesthouses, including Shwethaungyan Hotel and Lai Lai Hotel, are providing services to visitors. Due to the large number of tourists, hotel, motel, and guesthouse rooms were reported to be fully occupied.

In addition, to ensure that visitors relaxing at the beach are able to enjoy their stay smoothly and conveniently, administrative bodies, tourism operators, tourism service associations, beach discipline and maintenance teams, hotel and guesthouse owners, and local residents are working together in coordination. Kyaw Kyaw Lin

Japan's ruling LDP faces criticism over backing scandal-tainted candidates

Tokyo January 28

Japan's ruling Liberal Democratic Party (LDP) has drawn renewed criticism after endorsing more than 40 candidates linked to a political slush fund scandal for the upcoming House of Representatives election, Japanese media outlets reported.

The Mainichi Shimbun reported that the finalized candidate list, confirmed on Tuesday, includes more than 40 LDP members implicated in the party's "slush fund" scandal, many of whom had lost the party's endorsement in the 2024 general election following internal disciplinary action.

The LDP has also eased restrictions this time, allowing most of the controversial candidates to run simultaneously in single-seat constituencies and proportional representation blocs, a move seen as increasing their chances of winning seats, the report said.

The Tokyo Shimbun criticized Prime Minister Sanae Takaichi, who also serves as the LDP president, for failing to pursue a full investigation into the scandal or push through fundamental political reforms, arguing that such an approach makes it difficult to prevent similar incidents from recurring. It stressed that public trust in politics is the foundation for all policymaking. Xinhua

Indaw Township expands sown acreage of vegetables

Indaw January 28

Local farmers could expand sown acreage of vegetables in Indaw Township of Sagaing Region this year, according to the statistics of the township Agriculture Department.

During the 2025-2026 winter crop cultivation season, Indaw Township earmarked 3,522 acres for vegetable cultivation. Planting began in October 2025, and as of now, a total of 4,805 acres have already been cultivated.

"During the winter cropping season in Indaw Township, more than 3,000 acres were planned for vegetable cultivation. To date, more than 4,000 acres have already been completed. The crops include mustard greens, chilli, culinary herbs and spices, potatoes, cabbage, eggplant, and cauliflower. We are providing farmers with technical guidance so that all vegetables can be cultivated using the GAP (Good Agricultural Practices) system. Farmers are also being trained to grow vegetables in a healthy manner with minimal chemical residues," said U Thein Khine, Township Head of the Indaw Township Department of Agriculture.

In Indaw Township, the Township Department of Agriculture is providing vegetable farmers with technical training on GAP-based cultivation methods, offering guidance to ensure that vegetables produced from farms are safe and health-compliant, and supporting efforts to expand vegetable cultivation.

Indaw Township annually cultivates a wide variety of vegetables according to the season. The vegetables grown are reported to be yielding successful harvests and generating household income. The Township Department of Agriculture is also providing farmers with awareness and technical support on proper cultivation methods, pest prevention, and the preparation and use of natural fertilizers, organic pesticides, and pest control solutions. 206

Wife of S. Korea's ex-president Yoon sentenced to 20 months in prison for bribery

Seoul January 28

Kim Keon-hee, wife of the impeached former South Korean President Yoon Suk-yeol, was sentenced to 20 months in prison for taking bribes, live footage showed Wednesday.

The Seoul Central District Court handed down the prison sentence with a forfeiture of 12.81 million won (about 9,010 U.S. dollars), saying Kim exploited her position as the first lady for private profit.

The court found her not guilty of the charges of violating the capital markets act and the political funds act.

Kim was charged with receiving valuables from Unification Church officials in return for favorable treatment of the religious group in 2022.

The court rejected the special counsel's claim of Kim's involvement in stock rigging, saying it was difficult to confirm her complicity even if she was aware of the stock price manipulation.

Kim was indicted while in detention in August last year on charges of her participation in the stock price manipulation between October 2010 and December 2012.

She was also charged with conspiring with Yoon to receive illegal public opinion poll results worth about 270 million won free of charge from a political broker on 58 occasions from April 2021 to March 2022 ahead of the presidential election.

Xinhua

People watch a televised news report on Kim Keon-hee, wife of the impeached former South Korean President Yoon Suk-yeol, at a railway station in Seoul, South Korea, Jan. 28, 2026.

Kalay District grows more than 3,000 acres of butter bean as cold season crops

Kalay January 28

Statistics of Kalay District Agriculture Department stated that local farmers planted 3,268 acres of butter bean in Kalay District of Sagaing Region this year.

During the 2025-2026 winter cropping season, Kalay District has planned to cultivate 3,250 acres of butter bean. Planting began in October 2025, and as of now, 2,311 acres have been planted in Kalay Township and 957 acres in Mingin Township, bringing the total planted area to 3,268 acres.

"In the winter cropping season in Kalay District, 3,250 acres of butter bean were planned, and planting has already been completed on 3,268 acres. Butter bean is grown only in the winter season, and cultivation has been successful. As the crop fetches good market prices, farmers rely on it for cultivation," said U Aung, District Head of the Kalay District Department of Agriculture.

For the 2025-2026 winter cropping season, township-level targets for butter bean cultivation in Kalay District were set at 2,311 acres in Kalay Township and 939 acres in Mingin Township, totaling 3,250 acres.

In Kalay District, during the current monsoon cropping season, local farmers are cultivating butter bean both as a sole crop and, in some cases, as an intercropped crop to earn additional income.

The Township Departments of Agriculture in Kalay District are providing support to farmers growing various types of beans by offering assistance to improve crop yields, encouraging the use of quality and pure seeds, and supplying necessary agricultural technologies. They are also sharing knowledge on the preparation and use of natural pesticides for the early prevention of crop pests and diseases, as well as on timely harvesting practices. 206

Cultivation of vegetables exceeds the target sown acreage in Katha Township

A vegetable plantation in Katha Township.

Katha January 28

Local farmers cultivated vegetables in Katha Township of Sagaing Region, exceeding the target cultivation, according to the statistics of Katha Township Agriculture.

During the 2025-2026 winter cropping season, Katha Township planned to cultivate 3,220 acres of vegetable crops. Planting began in October 2025, and as of now, cultivation has been completed on 3,815 acres.

"In the winter cropping season in Katha Township, vegetable crops were planned on 3,220 acres, and planting has already been completed on 3,815 acres. The crops include mustard greens, chili, spices, potatoes, cabbage, eggplant, and cauliflower. Farmers are being provided with technical guidance to ensure that all vegetables are cultivated using the GAP system. We are also offering techniques to help farmers grow vegetables in a health-compliant manner with minimal chemical residues," said U Ko Lay, Township Head of the Katha Township Department of Agriculture.

In Katha Township, the Township Department of Agriculture is providing vegetable farmers with technical training on cultivation under the GAP system, guidance to ensure that vegetables produced from farms are safe and suitable for consumption, and support to encourage farmers to expand vegetable cultivation.

In Katha Township, a wide variety of vegetables are cultivated seasonally each year. These crops have been developing successfully, contributing to household income. The Township Department of Agriculture is also providing awareness and guidance to prospective vegetable farmers on correct cultivation methods, pest prevention, and the preparation and use of natural fertilizers, natural pesticides, and insect repellents. 206

Black gram cultivation expanded in Yinmabin District

Yinmabin January 28

Local farmers from Yinmabin District of Sagaing Region could expand sown acreage of black gram more than the target cultivation this year, according to the region Agriculture Department.

During the 2025-2026 winter cropping season, Yinmabin District has planned to cultivate 10,478 acres of black gram. Planting began in October 2025, and as of now, cultivation has been completed on 11,404 acres, according to reports.

"In Yinmabin District, black gram cultivation was planned on 10,478 acres, and planting has already been completed on 11,404 acres. We were able to expand cultivation beyond the original target. During the black gram planting period, we also carried out field-level extension activities, providing necessary technologies, seeds, and methods for the prevention of pests and diseases," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture.

By township, completed black gram cultivation in Yinmabin District comprises 611 acres in Yinmabin Township, 7,620 acres in Kani Township, 113 acres in Salingyi Township, and 3,060 acres in Pale Township, totaling 11,404 acres.

For the 2025–2026 winter cropping season, township-level cultivation targets for black gram in Yinmabin District were set at 600 acres in Yinmabin Township, 110 acres in Kani Township, 6,700 acres in Salingyi Township, and 3,068 acres in Pale Township, for a total of 10,478 acres, it is reported.

In Yinmabin District, township Departments of Agriculture are providing farmers cultivating black gram with guidance and awareness on the availability of regionally suitable quality and pure seeds, correct cultivation techniques, pest and disease prevention, systematic use of fertilizers, and measures to improve crop yields.

During the current winter cropping season, in the cultivation of various bean crops, the relevant township Departments of Agriculture are working in cooperation with farmers to provide quality seeds, necessary inputs, and post-harvest technologies to improve both yield and quality. 206

ChaungU Township harvests more than 10,000 acres of pigeon pea

ChaungU January 28

Local farmers from ChaungU Township of Sagaing Region harvested more than 10,000 acres of pigeon pea, said officials from the Township Agriculture Department.

During the monsoon cropping season in ChaungU Township, up to 20,315 acres of pigeon pea were cultivated. Harvesting of the pigeon pea fields began in December 2025, and as of now, 10,227 acres have been harvested, with an average yield of 17.80 baskets per acre.

"In ChaungU Township, pigeon pea cultivation reached 20,315 acres. The cultivated fields are currently being harvested, and to date, harvesting has been completed on more than 10,000 acres. Cultivation has exceeded the originally targeted acreage. We have also taken measures to ensure good yields in pigeon pea cultivation. Farmers grow pigeon pea both as a sole crop and as an intercropped crop," said U Tint Swe, Township Head of the ChaungU Township Department of Agriculture.

In ChaungU Township, the Township Department of Agriculture is providing field-based extension services to pigeon pea farmers, offering guidance on selecting quality and pure seeds, applying correct cultivation techniques, preventing pest infestations, and improving crop yields.

The Township Department of Agriculture in ChaungU Township is also disseminating techniques that combine the use of urea and lime to help pigeon pea farmers reduce the cost of purchasing foliar fertilizers. It is reported that the combined use of urea and lime lowers production costs, helps keep crops free from pests, and promotes healthy plant growth. 206

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Htigyaing Township grows groundnut more than target cultivation

Htigyaing January 28

According to Htigyaing Township Agriculture Department of Sagaing Region, local farmers expanded sown acreage of groundnut in township this year.

During the 2025-2026 winter cropping season, Htigyaing Township planned to cultivate 12,280 acres of groundnut. Planting began in October 2025, and as of now, cultivation has been completed on 22,711 acres, according to reports.

"In Htigyaing Township, more than 12,000 acres of groundnut were initially planned, and cultivation has already been completed on more than 22,000 acres. We were able to expand cultivation beyond the original target. Groundnut cultivation has been successful and is in a favorable condition as an oil crop. Groundnut production has been increasing year by year," said U Ko Ko Aung, Township Head of the Htigyaing Township Department of Agriculture.

In Htigyaing Township, groundnut cultivation requires one and a half baskets of seed per acre. Including the cost of seed, labor, fertilizers, and pesticides, production costs exceed K200,000 per acre, and yields are reported to exceed 50 baskets per acre.

To ensure successful crop development, prevent pest and disease infestations, and keep fields free of weeds, staff members from the Township Department of Agriculture are conducting field inspections, monitoring conditions, and keeping field records in groundnut farms. 206

A thriving groundnut plantation.

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

တရုတ်နိုင်ငံက မောင်းပြန်ရိုင်ဖယ် တပ်ဆင်ထားသည့်ဒရုန်းကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

တရုတ်နိုင်ငံ၏ ထိပ်တန်းနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော **Wuhan Guide Infrared** သည် မောင်းပြန်ရိုင်ဖယ် တပ်ဆင်ထားသည့် ဒရုန်းကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီး တိကျသည့်ပစ်ခတ်မှု ရလဒ် များကို ရရှိခဲ့ကြောင်း၊ ရုရှားနိုင်ငံ ပိုင် RT သတင်းဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မကြာသေးမီနှစ်များအတွင်း တရုတ် ကုမ္ပဏီများသည် ဒရုန်းထုတ်လုပ်မှုကဏ္ဍတွင် ကမ္ဘာ့ရှေ့တန်းမှ ဦးဆောင်နေပြီး ၎င်းတို့၏ အရပ်ဘက်သုံး ဒရုန်းမော်ဒယ် အများအပြားကိုလည်း ကမ္ဘာ့စျေးကွက်၌ အနှံ့အပြားတွေ့မြင်နေရပြီဖြစ်သည်။

အဆိုပါ ဒရုန်းကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ကြည်းတပ်အထူးစစ်ဆင်ရေး အကယ်ဒမီနှင့် ပူးပေါင်းဖန်တီးခဲ့ခြင်းဖြစ်သည်။ စမ်းသပ်ပစ်ခတ်မှုအတွင်း ၎င်းဒရုန်းသည် မြေပြင်မှ ၁၀ မီတာအမြင့်၌ ဗြိမ်သက်စွာ ပျံသန်းစဉ် မီတာ ၁၀၀ အကွာရှိ ပစ်မှတ်ကို တပ်မတော်သုံး စံပြရိုင်ဖယ်ဖြင့် အချက် ၂၀ တိတိ တစ်ချက်ချင်းစမ်းသပ်ပစ်ခတ်ခဲ့သည်။

ထိုစမ်းသပ်မှုတွင် ပစ်မှတ်ကို ၁၀၀ ရာခိုင်နှုန်းပြည့် ထိမှန်ခဲ့သည့်အပြင် ကျည်ဆန် ၁၀ တောင့်မှာ ၁၁ စင်တီမီတာ အချင်း၀က်အတွင်း၌သာ စုပြုံကျရောက်ခဲ့သဖြင့် တိကျမှုအလွန်မြင့်မားကြောင်း တွေ့ရှိခဲ့ရသည်။ အလားတူ အခြားဒရုန်းပုံစံများနှင့်မတူဘဲ ဤဒရုန်း၏ ထူးခြားချက်မှာ အထူးပြုပြင်ထားသော သေနတ်များကို အသုံးပြုရန် မလိုခြင်းပင်ဖြစ်သည်။ လက်ရှိ တရုတ်လွတ်မြောက်ရေးတပ်မတော်တွင် အသုံးပြုနေသော သမားရိုးကျ မောင်းပြန်ရိုင်ဖယ်များကိုပင် တိုက်ရိုက်တပ်ဆင် ပစ်ခတ်နိုင်သည်ဟု သိရသည်။ ထိုသို့ထူးခြားသောစွမ်းဆောင်ရည်ရှိခြင်းမှာ ပိုမိုကောင်းမွန်သည့် တည်ငြိမ်မှုစနစ်၊ ပစ်မှတ်ချိန်ရွယ်မှုဆိုင်ရာ များနှင့် တပ်ဆင်မှုစနစ်သစ်တို့ကြောင့် ဖြစ်သည်။ ထို့ပြင် တရုတ်အင်ဂျင်နီယာ များသည် အကွာအဝေး၊ လေတိုက်နှုန်းနှင့် အခြားသော အချက်အလက်များအပေါ် မူတည်၍ ပစ်ခတ်မည့်ထောင့်အစောင်းကို အလိုအလျောက်ချိန်ညှိပေးသည့် အထူး Software ကိုလည်း တီထွင်ခဲ့ကြသည်။ သို့သော် လက်ရှိတွင် ဤစနစ်သည် တစ်ချက်ချင်းသာ ပစ်ခတ်နိုင်သေးခြင်းမှာ အားနည်းချက် တစ်ခုဖြစ်ကြောင်း သိရသည်။

တစ်ဆက်တည်းမှာပင် ပြီးခဲ့သည့်လက တရုတ်လေကြောင်းလုပ်ငန်း ကော်ပိုရေးရှင်း (AVIC) သည် ဂျက်အင်ဂျင်သုံး အကြီးစားဒရုန်း Jiutian (High Sky) ကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းခဲ့ကြောင်း ကြေညာခဲ့သည်။ အဆိုပါ ဒရုန်းသည် AI စနစ်သုံး အသေခံဒရုန်း ငယ်ပေါင်း ၁၀၀ ထိ သယ်ဆောင်၍ လွတ်တင်နိုင်စွမ်းရှိသည်။ ခြောက်တန်နီးပါး သယ်ဆောင်နိုင်သော ဤဒရုန်းကို ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်များ၊ ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များဖြင့်လည်း တပ်ဆင်အသုံးပြုနိုင်ကြောင်း သိရသည်။

ထုတ်လုပ်သော ကုမ္ပဏီ၏ အဆိုအရ Jiutian ဒရုန်းသည် အမြင့် ၁၅၀၀၀ မီတာ ထိ ပျံသန်းနိုင်ပြီး တစ်ကြိမ်လျှင် ၁၂ နာရီကြာ စစ်ဆင်ရေးဆောင်ရွက်နိုင်ကြောင်း၊ တစ်ဖက်တွင်လည်း အမေရိကန် စစ်ဘက်သည် ခေတ်မီဒရုန်းနည်းပညာ များတွင် တရုတ်နိုင်ငံကို အမီလိုက်ရန် ကြိုးပမ်းနေရကြောင်း သိရသည်။

China successfully tests rifle-wielding UAV ကို ဘာသာပြန်ဆို ထားပါသည်။

အမေရိကန်စစ်ဘက်က စွမ်းအင်တိုက်ရိုက်ထုတ်လွှတ်သည့် လက်နက်များကို စမ်းသပ်သည့်အဆင့်မှ တပ်ဖွဲ့အသီးသီးတွင် တပ်ဆင်သည့်အဆင့်သို့ပြောင်းလဲနေ

အမေရိကန်စစ်ဘက်သည် လေဆာနှင့်စွမ်းအားမြင့် မိုက်ခရိုဝေ့ဗ် (Microwave) လက်နက်များအပါအဝင် စွမ်းအင်တိုက်ရိုက်ထုတ်လွှတ်သည့် လက်နက်များကို စမ်းသပ်သည့်အဆင့်မှ တပ်ဖွဲ့အသီးသီးတွင် တပ်ဆင်သည့်အဆင့်သို့ ပြောင်းလဲနေကြောင်း Army Recognition သတင်းဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤပြောင်းလဲမှုသည် သမားရိုးကျ ဒုံးကျည်လက်နက်များ အကုန်အကျမခံဘဲ ကုန်ကျစရိတ်သက်သာသော ဒရုန်းအုပ်စုလိုက် တိုက်ခိုက်မှုများကို တုံ့ပြန်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

စွမ်းအင်တိုက်ရိုက် ထုတ်လွှတ်သည့် လက်နက်များကို အဓိကအားဖြင့် အမျိုးအစားနှစ်မျိုးခွဲခြားထားသည်။ အလွန်ကျဉ်းမြောင်းသော အလင်းတန်းဖြင့် ပစ်မှတ်ကို အပူပေးလောင်ကျွမ်းစေကာ တစ်ခုချင်းစီကို တိကျစွာဖျက်ဆီးနိုင်သည့် **စွမ်းအားမြင့်လေဆာများစနစ်**နှင့် ဧရိယာအလိုက် လျှပ်စစ်သံလိုက်လှိုင်းများ ထုတ်လွှတ်ကာ ဒရုန်းအုပ်စုလိုက်၏ အီလက်ထရွန်နစ်စနစ်များကို တစ်ပြိုင်နက်တည်း နှောင့်ယှက်ဖျက်ဆီးနိုင်သည့် **စွမ်းအားမြင့် မိုက်ခရိုဝေ့ဖ်စနစ်**တို့ဖြစ်ကြောင်း သိရသည်။

အမေရိကန်ကွန်ဂရက်၏ အစီရင်ခံစာများအရ လေဆာပစ်ခတ်မှုတစ်ခု၏ ကုန်ကျစရိတ်မှာ လျှပ်စစ်စွမ်းအင်ဖိုးမျှသာ ရှိသဖြင့် ဒေါ်လာသန်းချီတန်သော ကြားဖြတ်ဟန့်တားရေး ဒုံးကျည်များနှင့် ယှဉ်လျှင် အဆမတန်တွက်ခြေကိုက်ကြောင်း သိရသည်။ ပန်တဂွန်စစ်ဌာနချုပ်သည် စွမ်းအင်တိုက်ရိုက်ထုတ်လွှတ်သည့် လက်နက်များကို လက်ရှိ ၁၅၀ ကီလိုဝပ်အဆင့်မှ ၂၀၃၀ ခုနှစ်အတွင်း ၅၀၀ ကီလိုဝပ်ထိ မြှင့်တင်ရန်လျာထားပြီး နောင်တွင် မဂ္ဂါဝပ်အဆင့်ထိ တိုးမြှင့်ကာ ခရီး၆ဒုံးကျည်များကိုပါ ကြားဖြတ်နှိမ်နင်းရန် ရည်မှန်းထားကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်ကြည်းတပ်၌ Stryker သံချပ်ကာယာဉ်တင် **DE M-SHORAD** လေဆာစနစ်၊ အမေရိကန်လေတပ်၌ ကွန်တိန်နာတင် **THOR** မိုက်ခရိုဝေ့ဗ်စနစ်နှင့် အမေရိကန်ရေတပ်၌ ဖျက်သင်္ဘောတင် **ODIN** အာရုံခံနှောင့်ယှက်ရေးစနစ်တို့ကို အသီးသီးဖြန့်ကြက်စမ်းသပ်တပ်ဆင်လျက်ရှိသည်။ သို့သော် ဖုန်မှုန့်၊ အပူချိန်နှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ စိန်ခေါ်မှုများမှာ လက်တွေ့စစ်မြေပြင်တွင် ဖြေရှင်းရမည့် အချက်များ အဖြစ် ရှိနေဆဲဖြစ်သည်။

စွမ်းအင်တိုက်ရိုက်ထုတ်လွှတ်သည့် လက်နက်စနစ်များ၏ အဓိကအားသာချက်မှာ ကျည်ဆန်ကုန်သွားမည်ကို စိုးရိမ်စရာမလိုဘဲ လျှပ်စစ်စွမ်းအင်ရှိသရွေ့ အကြိမ်ပေါင်းများစွာ ဆက်တိုက်ပစ်ခတ်နိုင်သည့် အကန့်အသတ်မဲ့ ကျည်အိမ်သဘောတရားပင်ဖြစ်သည်။ ၎င်းသည် ရန်သူက ကုန်ကျစရိတ်သက်သာသော ဒရုန်းအမြောက်အမြားဖြင့် မိမိ၏ ခံစစ်စနစ်ကို ပင်ပန်းအောင်ပြုလုပ်သည့် အရေအတွက်ဖြင့် ဖိအားပေးခြင်းမဟာဗျူဟာကို အကောင်းဆုံး တုံ့ပြန်နိုင်မည်ဖြစ်သည်။ ထို့ပြင် စွမ်းအင်တိုက်ရိုက်ထုတ်လွှတ်သည့် ၎င်းလက်နက်များသည် အလင်း၏အမြန်နှုန်းဖြင့် ပစ်မှတ်ကို ထိမှန်နိုင်သဖြင့် ရိုးရိုးကျည်ဆန် သို့မဟုတ် ဒုံးကျည်များထက် တုံ့ပြန်ချိန် ပိုမိုမြန်ဆန်လှသည်။ သို့ဖြစ်ရာ အမေရိကန်စစ်ဘက်အနေဖြင့် ၎င်းစနစ်များကို တပ်ဖွဲ့အသီးသီးတွင် တပ်ဆင်သည့်အဆင့်သို့ပြောင်းလဲရန် ကြိုးပမ်းခြင်းသည် လက်ရှိဖြစ်ပွားနေသော ကမ္ဘာ့ပဋိပက္ခများမှ သင်ခန်းစာယူ၍ ခေတ်သစ်စစ်မြေပြင်၏ အချိုးမညီသောခြိမ်းခြောက်မှုများကို နည်းပညာဖြင့် အသာစီးယူရန် ပြင်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

U.S. Army Accelerates Laser and Microwave Weapons to Defeat Mass Drone Attacks ကို ဘာသာပြန်ဆို ထားပါသည်။

မင်းမျိုး

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဂေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

စစ်ကိုင်း ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဂေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဂေ ၃၅၃၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဂေအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲကြီးဂေ ၃၅၃၀ စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ ဒီနေ့မှာဂေအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဂေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

အပိုးတန်ရေချိုကို ချွေတာကြပါစို့

အုတ်ဖိုမြို့နယ် ဂုံညင်းတန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

အုတ်ဖို ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ဂုံညင်းတန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ဝိုးနှင့် ဝန်ထမ်းများက ဂုံညင်းတန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၂၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းအသုံးပြု၍ ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် အောက်တိုဘာလစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဂုံညင်းတန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို စျေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း အုတ်ဖို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အေးမြတ်

မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးရံ့ပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးရံ့ပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ငါးရံ့များအပါအဝင် ဒေသရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ငါးရံ့ပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ငါးရံ့ပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာလထဲမှာ ငါးရံ့တွေ ရန်ကုန်စျေးကွက်ကို သိသိသာသာ တင်ပို့မှုကောင်းခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချမှုကောင်းခဲ့တာကလဲ ပြည်တွင်းစျေးကွက်မှာကို ဝယ်ယူမှုကောင်းနေတာကြောင့်ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်

တွေ ရန်ကုန်စျေးကွက်ကို အဓိကတင်ပို့တာပါ။ အခုလို ငါးရံ့တွေ ဝယ်ယူမှုကောင်းလာတော့ ငါးရံ့မွေးမြူသူတွေနဲ့ လုပ်သားတွေ၊ အဆင်ပြေလာပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အသေး ၁၀ ပိသာလျှင် ငွေကျပ် ၁၇၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိသာလျှင် ငွေကျပ် ၁၉၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိသာလျှင် ငွေကျပ် ၂၉၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

စလင်းမြို့နယ် ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စလင်း ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖောင်းလင်းကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၅၁ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖောင်းလင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၆ ဦးကို ရန်ပုံငွေကျပ် ၅၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သန်းသန်းစိုး

AI နည်းပညာအခြေခံ လုပ်ငန်းခွင်အသုံးချမှုသင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန AI နည်းပညာအခြေခံလုပ်ငန်းခွင်အသုံးချမှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်နှင့် အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ၂၁ ရာစု နည်းပညာခေတ်တွင် သတင်းအချက်အလက်နည်းပညာများမှာ ဒစ်ဂျစ်တယ်ပလက်ဖောင်းအသွင် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လျက်ရှိသကဲ့သို့ အဆိုပါပလက်ဖောင်းတွင် Artificial Intelligent(AI) နည်းပညာသည်လည်း လူသားများ၏နေ့စဉ်ဘဝလုပ်ငန်းများတွင် မရှိမဖြစ်နည်းပညာတစ်ခုအဖြစ် နေရာယူလာပါကြောင်း၊ နိုင်ငံတကာတွင် လူ့စွမ်းအား၊ စက်မှုစွမ်းအားများလျှော့ချပြီး AI နည်းပညာနှင့် အစားထိုး၍ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍတို့တွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာသည့်အပြင် လုံခြုံရေးနှင့် စစ်ရေးဆိုင်ရာကဏ္ဍများတွင်လည်း အသုံးပြုလာသည်ကို တွေ့ရပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တိုးတက်ပြောင်းလဲလာသော AI နည်းပညာများကို လေ့လာသင်ယူပြီး ရုံးလုပ်ငန်းခွင်နှင့် မိမိတို့၏နေ့စဉ်ဘဝများတွင် လက်တွေ့ပြန်လည်အသုံးချနိုင်ရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်က ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားဉာဏ်ရည်တုနည်းပညာအခြေပြုစီမံကိန်းများရေးဆွဲ၍ "အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ" ဖွဲ့စည်းပြီး AIကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် အကျိုးရှိစွာအသုံးချနိုင်ရေး၊ နိုင်ငံသားများလိုက်နာရမည့် ကျင့်ဝတ်များ၊ စံနှုန်းများ၊ စည်းမျဉ်းများကို သိရှိနိုင်ရေး၊ ဒေသတွင်းဉာဏ်ရည်တု နည်းပညာဆိုင်ရာကျွမ်းကျင်သော လူသားအရင်းအမြစ်များမွေးထုတ်နိုင်ရေး၊ နိုင်ငံတကာနှင့် ချိတ်ဆက်၍ စနစ်တကျဆောင်ရွက်နိုင်ရေးတို့အတွက် အမျိုးသားအဆင့်ဉာဏ်ရည်တု နည်းပညာဆိုင်ရာမဟာဗျူဟာနှင့် မူဝါဒတို့ကို ရေးဆွဲလျက်ရှိပါကြောင်း၊ AI နည်းပညာကို အသုံးပြုချိတ်ဆက်ပြီး e-Government ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ဝန်ထမ်းများအနေဖြင့် မိမိတို့၏စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေး၊ မိမိဌာနနှင့်နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစဉ်ရှေးရှု၍ တိုးတက်ပြောင်းလဲနေသည့် ICT နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးကာ မျှော်မှန်းထားသည့် ဒီဗိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်က မိတ်ဆက်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများပိုမိုဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

မန္တလေး ဇန်နဝါရီ ၂၈

ကာကွယ်ဆေးထိုးလွှမ်းခြုံမှုပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့၏ နာယကတိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးဒေါ်မမ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နယ်မြေခံဆေးတပ်ရင်းမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးများ၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောရောဂါများဖြစ်ပွားသေဆုံးမှုလျော့နည်းကျဆင်းစေရန်နှင့် ရည်မှန်းချက်ပြည့်မီစေရေး နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြင့်ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ် (၂၀၃၀)ကို ဒေသတွင်းနိုင်ငံများနှင့်အတူ နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းအခြေပြု ဆေးရုံအခြေပြုကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်သော ကာကွယ်ဆေးများကို အသက်အရွယ်အလိုက် ထိုးနှံတိုက်ကျွေးနိုင်ရေး ကာကွယ်ဆေးထိုးလွှမ်းခြုံမှုနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှအကြံပြုချက်များ၊ပံ့ပိုးကူညီမှုများဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနမှ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြသသည့် Advocacy Video Clip ကိုကြည့်ရှုခဲ့ကြောင်းနှင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများပိုမိုဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောစာပေလောကဓါတုကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ်(RC)အဆောက်အအုံ တည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက်စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့အသုံးအဆောင်ပစ္စည်းများခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ဓာတ်ပုံ၊လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ဇင်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့်စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့်စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့်ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကိုလှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ဘည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁-၂၂ လမ်းကြား ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

(သတင်းစဉ်)

ပြန်လည်ခေါ်ဆောင်လာသော မြန်မာနိုင်ငံသားများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ စုရပ်နေရာသို့ ပို့ဆောင်ပေးစဉ်။

ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည့် မြန်မာနိုင်ငံသားများကို စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ ပို့ဆောင်ပေးစဉ်။

❑ မြန်မာနိုင်ငံသားများပို့ဆောင်မှ

အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သည်ဟု သံသယရှိသဖြင့် ကမ္ဘောဒီးယားနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများက ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားများကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခေါ်ယူသည့် လုပ်ငန်းစဉ်များကိုဆောင်ရွက်လျက်ရှိရာ ယနေ့ထိ မြန်မာနိုင်ငံသား ၇၂၉ ဦးကို အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း(MAI)နှင့် တပ်မတော်လေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ထိုသို့ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည့် မြန်မာနိုင်ငံသားများအနက် တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့သို့ ပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့သည့် မြန်မာနိုင်ငံသား ၅၄၃ ဦးကို မြိတ်မြို့မှ ရန်ကုန်မြို့သို့ ပို့ဆောင်ပေးနိုင်ရေး မြိတ်မြို့ ဆိပ်ငယ်တံတားမှ စစ်ရေယာဉ်များဖြင့်တင်ဆောင်၍ ကျွန်းစုမြို့နယ် မော်တုံးကြီးကျေးရွာအနီးရှိ ပင်လယ်ပြင်၌စောင့်ဆိုင်းနေသည့် စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ပို့ဆောင်ပေးရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြိတ်ခရိုင်၊မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေယာဉ်(မုတ္တမ)သည် ဇန်နဝါရီ ၂၇ ရက် ညပိုင်းတွင် စတင်ထွက်ခွာခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည့် မြန်မာနိုင်ငံသားများကို စစ်ရေယာဉ်ပေါ်တွင် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ စားသောက်နေထိုင်မှုများ အဆင်ပြေစေရေးအတွက်ဆောင်ရွက်ပေးခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။ စစ်ရေယာဉ်(မုတ္တမ)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အမှတ်(၃)ဆိပ်ခံတံတားသို့ရောက်ရှိကြပြီး သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကကြိုးကြပ်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသန်လျင်ခရိုင်ရုံးမှ တာဝန်ရှိသူများက လူဦးရေတိုက်ဆိုင်စစ်ဆေးခြင်း၊ သန်လျင်ခရိုင်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးမကောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ခရိုင်အတွင်းရှိဌာနဆိုင်ရာများက စားသောက်ဖွယ်ရာများကို တစ်ဦးချင်းပေးအပ်သည်။

ထို့နောက် ပြန်လည်ခေါ်ဆောင်လာသော မြန်မာနိုင်ငံသားများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ စုရပ်နေရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့၏ပြောကြားချက်များကိုလည်း ယခုလိုကြားသိရပါတယ်–

“လိုင်းပေါ်မှာ လူခေါ်တဲ့ဟာတွေတွေ့တယ်။ ညီမတို့သွားပြီးတော့ ဆက်သွယ်ကြည့်တော့ဒီအလုပ်ကအရမ်းကောင်းတယ်။ တစ်လကို သိန်း ၄၀ လောက်ရမယ်။ ဘာမှ မလုပ်ရဘူး Custumer Service ပေးရုံပဲဆိုပြီးခေါ်ခဲ့တာ။ ဟိုမှာ တစ်လကို သိန်း ၄၀ လောက်ရတယ်ဆိုပြီးတော့ သွားခဲ့တာပေါ့။ စရောက်တော့ တစ်ရက်လောက်ပေးနားတယ်။ ရောက်တဲ့အချိန်မှာ နင်တို့သုံးတဲ့ Facebook အတိုင်းပဲ IG အကောင့်တွေမွေးရတယ်။ ပြီးရင် အဲဒီကနေမှ ရည်ညွှန်းတဲ့နိုင်ငံကို အင်ဒိုနီးရှားဆို အင်ဒိုနီးရှား၊ US ဆို US ပေါ့။ ညီမတို့က အင်ဒိုနီးရှားကို လူရှာပြီးတော့မှ Whatup ရဖို့အတွက် ညီမတို့ကတောင်းပေးရတာ။ ပြဿနာတွေမဖြစ်ခင်မှာ ညီမတို့ကသံရုံးကိုတိုင်မယ်ပေါ့နော်။ သံရုံးကိုတိုင်ပြီးတော့မှ သံရုံးကလာခေါ်ပေးတာကိုစောင့်မယ်ဆိုပြီးတော့မှ စီစဉ်ထားကြတာ။ အဲဒီကနေမှ ကမ္ဘောဒီးယားအစိုးရက လိုက်လံဖမ်းဆီးတဲ့အခါမှာတော့ ဖြစ်ချင်တာဖြစ်တော့ သေရင်လဲသေပါစေ၊ ရှင်ရင်လဲငါတို့ မြန်မာပြည်တော့ ရောက်အောင်ပြန်မယ် ဘယ်လိုနည်းနဲ့မဆိုပြီးတော့ အဲဒီကနေထွက်ပြေးပြီး နီးစပ်ရာကမ္ဘောဒီးယားတွေကို မေးပြီးတော့မှ ကားငှားပြီး သံရုံးကိုရောက်အောင်သွားခဲ့တာ။ စရောက်တော့ သံအမတ်ကြီးရော၊ အောက်ကအစ်မတွေလဲ အရမ်းကို သဘောကောင်းတယ်။ အကုန်လုံး အစစအရာရာကူညီပေးတယ်။ စားဖို့သောက်ဖို့ နေဖို့ထိုင်ဖို့ အပြင်မှာတောင်မှ မနေခိုင်းဘဲနဲ့ သံရုံးထဲမှာပဲ နေဖို့ထိုင်ဖို့တွေ အစစအရာရာ ကျန်းမာရေး အကုန်လုံးဂရုစိုက်ပေးတယ်။ နေမကောင်းဘူးဆိုရင်လဲ ဆေးခန်းပြပေးတယ်။ အစားအသောက်ဆိုရင်လဲ သူတို့စီစဉ်နိုင်သလောက် အကုန်လုံးစီစဉ်ပေးပြီးတော့မှ အားလုံးနွေးနွေးထွေးထွေးနဲ့ ဆက်ဆံပေးတယ်။ အစကနေအဆုံးထိပေါ့နော်ညီမလေးတို့ လေယာဉ်ပေါ်စတက်ကတည်းက လေယာဉ်ပေါ်မှာပါတဲ့ တပ်မတော်က အရာရှိတွေရော၊ စစ်သည်တွေအကုန်လုံး ညီမတို့အပေါ်အကုန်လုံးနွေးနွေးထွေးထွေး ဆက်ဆံကြတယ်။ အစစအရာရာဂရုစိုက်ပေးပြီးခေါ်လာပေးပြီး လေဆိပ်ဆိုက်ပြီးတော့မှ တပ်ဝင်းထဲကိုရောက်တဲ့အချိန်မှာလဲ ထမင်းကျွေးတာကအစ အရာရှိ၊ စစ်သည်တွေက ညီမတို့ကို နှိမ်ချခြင်း၊ ခွဲခြားခြင်းမရှိဘဲ အကောင်းမွန်ဆုံးဆက်ဆံပေးခဲ့တယ်။ အဲဒီကနေမှ တစ်ဆင့် သဘော်ဘော်ပေါ်ရောက်လာတယ်။ သဘော်ဘော်ပေါ်က အရာရှိ၊ စစ်သည်တွေရော အကုန်လုံးက ဂရုတစိုက်နဲ့ကြိုဆိုပေးတယ်။ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အမှန်အတိုင်းပြောလို့ရှိရင်တော့ ညီမတို့ ကိုယ့်သဘောနဲ့ကိုယ်ဆုံးဖြတ်ပြီးတော့မှ သွားခဲ့ကြတာ။ အခုလိုဒုက္ခဖြစ်ချိန်မှာ အစစအရာရာ မငြိုမငြင်ပဲ ကူညီပေးတဲ့အတွက် စိတ်ထဲမှာအရမ်းပဲကျေးဇူးတင်မိပါတယ်။ အရမ်းလဲ ဝမ်းသာပါတယ်လို့ ပြောချင်ပါတယ်”ဟု ပြောသည်။

“ကမ္ဘောဒီးယားနိုင်ငံကို အလုပ်တွေခေါ်တာတွေ့တာနဲ့သွားကြည့်မယ်။ အဆင်ပြေရင်လုပ်မယ်။ အဆင်မပြေရင် ပြန်လာခဲ့မယ်ဆိုပြီးတော့ ရောက်သွားတာပေါ့။ တရုတ်လိုနည်းနည်းပါးပါးတတ်တယ်ဆိုတော့ စကားပြန်လုပ်မယ်ဆိုပြီးတော့သွားခဲ့တာ။ အဲဒီကိုရောက်တော့ ရောင်းစားခံလိုက်ရတယ်။ ရောင်းစားခံလိုက်ရပြီး သူတို့တိုက်ပိတ်ထားတယ်။ ၁၇ ရက် ၁၈ ရက်လောက် တိုက်ပိတ်ထားတယ်။ တိုက်ပိတ်ထားပြီး လက်ထိပ်တွေခတ်ထားတယ်။၁၂ နာရီတစ်ခါလောက်ကြည့်တယ်။ ထမင်းကျွေးတယ်။ ပြီးရင် ပြန်ပိတ်သွားတယ်။ သူတို့ထင်တာ တရုတ်စကားအဲဒီလောက်မရဘူးထင်လို့ နောက်တစ်နေရာ ပြန်ရောင်းစားဖို့လုပ်တယ်။ ပြည့်တန်ဆာရုံ ရောင်းစားဖို့ပေါ့။ အဲဒီလိုဆိုတော့ ပြည့်တန်ဆာရုံက လာကြည့်တော့ ခြောက်ထောင်ပဲပေးမယ်ဆိုတော့ သူတို့က ပိုက်ဆံရှုံးခံရမှာဆိုတော့ မရောင်းဘဲနဲ့ ကုမ္ဗဏီမှာပဲအလုပ်လုပ်ဖို့ဆိုပြီးတော့ထားလိုက်တယ်။ အကောင့်တွေ လော့ဂ်အင်ဝင်ခိုင်းတယ်။ Tiktok၊ We Chat အကောင့်တွေ လော့ဂ်အင်ဝင်ရတယ်။ အဲဒီကနေတစ်ဆင့် သူတို့က လိမ်တာပေါ့။ ရောက်ရောက်ချင်းကိုချော့ပြီးတော့ စာချုပ်တွေ ချုပ်ခိုင်းတယ်။ လက်ဗွေတွေနှိပ်ခိုင်းတယ်။ အဲဒီလိုမျိုးနှိပ်ခိုင်းတာကျတော့ တကယ်လို့ ကိုယ်တွေက ရဲတိုင်တာဖြစ်ဖြစ်၊ သံရုံးကိုတိုင်တာဖြစ်ဖြစ်လာကြည့်တဲ့အချိန် အဲဒီစာချုပ်ကို သူတို့ကထုတ်ပြတယ်။ စာချုပ်ချုပ်ထားတယ်ဆိုတော့ ရဲတွေလဲဘာမှမလုပ်နိုင်ဘူး။ မခေါ်သွားနိုင်ဘူး။ အဲဒီလိုမျိုးပုံစံပေါ့။ ကိုယ်ကရောင်းစားခံရတယ်ဆိုတော့ သူတို့ပြောတဲ့အတိုင်းလုပ်ရတယ်။ မလုပ်ရင်ရိုက်တာတွေ၊ ကျင်စက်နဲ့တို့တာတွေလဲရှိတယ်။ ကြောက်တော့လဲလုပ်ရတာပေါ့၊ မလုပ်ရင်ရိုက်ခံရမှာလေ။ သံရုံးမှာက ထမင်းစားဖို့ရယ် အိပ်ဖို့နေရာတွေ သေချာစီစဉ်ပေးတယ်။ လေယာဉ်လာကြိုမယ်ဆိုတာသိတယ်။ အဲဒါပြီးရင် တုံးတွေထုပေးပြီး ကတ်တွေလုပ်ပေးတယ်။ အဲဒါပြီးမှ အရင်ရောက်တဲ့သူကို အုပ်စု ၁၊ ၂ ခွဲပြီးတော့ ပြန်ပို့တယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ မဟုတ်လို့ရှိရင် ကိုယ့်အစီအစဉ်နဲ့ဆိုရင်တော့ အိမ်ပြန်ရောက်မှာ မဟုတ်တော့ဘူး။ ကိုယ့်နိုင်ငံကို ပြန်ရောက်မှာမဟုတ်တော့ဘူး”ဟု ပြောသည်။

“သန်လျင်၊ ကျောက်တန်း၊ ခရမ်းသုံးခွ စတဲ့မြို့နယ်ရုံးတွေကနေ ကျွန်တော်တို့ လဝကတွေအနေနဲ့ နာမည်စာရင်းကောက်ဖို့ အတွက် တာဝန်ပေးခြင်းခံရတဲ့အတွက် ဒီနေရာမှာလာပြီးတော့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ သန်လျင်ခရိုင်မှာရှိတဲ့ လဝကရယ်၊ အလုပ်သမားဦးစီးဌာနရယ်ကတော့ နာမည်စာရင်းကောက်ယူရေးပေါ့။ ပြီးတော့ သက်ဆိုင်ရာဌာနတွေလဲ အသီးသီးပေါ့၊ သူတို့ရဲ့ကျရာ တာဝန်အခန်းကဏ္ဍတွေကို တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေအနေနဲ့ နိုင်ငံခြားကို အလုပ်သွားလုပ်မယ်ဆိုရင် တရားဝင်လမ်းကြောင်းတွေကနေ သွားကြရင် ပိုပြီးတော့အဆင်ပြေပါတယ်။အခုလိုမျိုး တရားမဝင်သွားတယ်ဆိုရင် ဥပဒေလမ်းကြောင်းအရလဲ ကာကွယ်မှုမရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံသားတွေအနေနဲ့ နိုင်ငံခြားကိုထွက်လည်တာပဲဖြစ်ဖြစ်၊ အလုပ်သွားလုပ်တာပဲဖြစ်ဖြစ် နိုင်ငံတော်က သတ်မှတ်ထားတဲ့ ဥပဒေလုပ်ထုံးလုပ်နည်းတွေကြားထဲကနေပဲသွားကြဖို့အတွက် ကျွန်တော့်အနေနဲ့ တိုက်တွန်းချင်ပါတယ်” ဟု ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သည်ဟု သံသယရှိသဖြင့် ကမ္ဘောဒီးယားနိုင်ငံ ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများက ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားများအနက် ဇန်နဝါရီ ၂၃ ရက်တွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း(MAI)ဖြင့် မြန်မာနိုင်ငံသား ၁၃၆ ဦးကိုလည်းကောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း (MAI)ဖြင့် ဦးရေ ၅၀ ၊ တပ်မတော်လေယာဉ်များဖြင့် ဦးရေ ၃၈၀ ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် တပ်မတော်လေယာဉ်များဖြင့် ၁၆၃ ဦးကိုလည်းကောင်း အသီးသီးခေါ်ဆောင်ပေးခဲ့ပြီး စုစုပေါင်း မြန်မာနိုင်ငံသား ၇၂၉ ဦးကို ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရှေ့ဖုံးမှအဆက်

ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပုဒ်မ ၆ တွင် ပါရှိသော "တည်းခိုနေထိုင်စရိတ်ကျပ် ၅၀၀၀" ဆိုသည့် စကားရပ်ကို "တည်းခိုနေထိုင်စရိတ်ကျပ် ၈၀၀၀" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အခြားအသုံးစရိတ် ကျပ် ၅၀၀၀" ဆိုသည့် စကားရပ်ကို "အခြားအသုံးစရိတ်ကျပ် ၇၀၀၀" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပုဒ်မ ၈ တွင် ပါရှိသော "ကျပ်တစ်သောင်း" ဆိုသည့် စကားရပ်ကို " ကျပ်နှစ်သောင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

နိပါးရ်ဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ခရီးသွားပြည်သူများကို အသိပေးချက်

မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိ နိပါးရ်ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုများကို တွေ့ရှိရခြင်းမရှိသေးသော်လည်း မူလလက်ခံကောင် လင်းနို့မျိုးစိတ်ဖြစ်သည့် သစ်သီးစားလင်းနို့၊ လင်းဆွဲများ ပေါများစွာတည်ရှိရာဒေသဖြစ်ပြီး ကူးစက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည့် ဒေသတွင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် နိပါးရ်ဗိုင်းရပ်စ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးအလေးပေးဆောင်ရွက်လျက်ရှိရာ မိဘပြည်သူများအနေဖြင့်-

- ❖ နိပါးရ်ဗိုင်းရပ်စ်ရောဂါ လတ်တလောဖြစ်ပွားနေသည့်ဒေသများ (ဥပမာ-အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်- India, West Bengal State)သို့ မလိုအပ်ဘဲ ခရီးမသွားရန်၊
- ❖ လတ်တလော ရောဂါဖြစ်ပွားရာဒေသများသို့ ရောက်ရှိနေသူများသည် ရောဂါဖြစ်ပွားရာ ဒေသများရှိ ဆေးရုံများ သို့မဟုတ် ဖျားနာသူများပြားသည့်နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမပြုရန်၊
- ❖ လတ်တလောရောဂါဖြစ်ပွားရာဒေသများသို့ ခရီးသွားခဲ့ပြီး မိမိနိုင်ငံသို့ ပြန်လာစဉ်တွင် သံသယရောဂါများဖြစ်သည့် ပြင်းထန်စွာဖျားခြင်းနှင့် ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူရခက်ခဲခြင်း၊ စိတ်ရှုပ်ထွေးခြင်း သို့မဟုတ် အိပ်ငိုက်ခြင်းတို့ ခံစားရပါက လေဆိပ်ကျန်းမာရေးဌာန သို့မဟုတ် နယ်စပ်ဝင်ထွက်ပေါက်များရှိ တာဝန်ကျကျန်းမာရေးဝန်ထမ်းများထံ မပျက်မကွက်သတင်းပို့ရန်၊
- ❖ အကယ်၍ ရောဂါဖြစ်ပွားရာဒေသမှ ပြန်လာပြီး ၁၄ ရက်အတွင်း အထက်ဖော်ပြပါ သံသယရောဂါလက္ခဏာများ ခံစားရပါက ချက်ချင်း နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်ရန်လိုအပ်ပြီး ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားခဲ့သည့်ရာဇဝင်ရှိကြောင်းကို ဆရာဝန်ကို သေချာစွာပြောပြ၍ လိုအပ်သည့် စမ်းသပ်စစ်ဆေးကုသမှုများကို အချိန်မီခံယူရန်၊
- ❖ မိသားစုတွင်ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် သံသယဖြစ်ဖွယ် ရောဂါလက္ခဏာရှိသူများကို တွေ့ရှိပါကလည်းကောင်း၊ နေထိုင်ရာပတ်ဝန်းကျင်တွင် တိရစ္ဆာန်များ(ဝက်၊လင်းနို့)တို့ ထူးထူးခြားခြား သေဆုံးနေသည်ကိုတွေ့ရှိရပါကလည်းကောင်း နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းအသိပေးအကြောင်းကြားရန်။

ကျန်းမာရေးဝန်ကြီးဌာန
(၂၇-၁-၂၀၂၆)

❖ **MSME ထုတ်ကုန်ပြပွဲမှ**

အလတ်စား MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ရေးအတွက် ပြပွဲကာလအတွင်း လုပ်ငန်း၊ စီးပွားချိတ်ဆက်မှု ပြခန်းတွင် သက်ဆိုင်ရာကဏ္ဍအလိုက် လာရောက်လေ့လာခြင်း၊ ဆွေးနွေးခြင်း ဆောင်ရွက်နိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က) ဦးကြည်ဇင်ထွန်း ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုဝန်ကြီးရုံး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ခ) ဦးကျော်ကျော်နိုင် ညွှန်ကြားရေးမှူးချုပ် ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန
(ဂ) ဒေါက်တာကြည်ကြည်သန်းအောင် ညွှန်ကြားရေးမှူးချုပ် ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က) ပါမောက္ခ ဒေါက်တာရဲမြင့်	ညွှန်ကြားရေးမှူးချုပ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ခ) ပါမောက္ခ ဒေါက်တာခင်စောဦး	ပါမောက္ခချုပ် ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်(ရန်ကုန်) ကျန်းမာရေးလူစွမ်းအားအရင်းအမြစ် ဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ်မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များရေးသားခြင်း၊ ထုတ်ပြန်ချက်များထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရောလုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ်အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းများမှ မြို့ရွာအသီးသီးတွင် ထောက်ခံပွဲများပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များကို အထူးသတိပြုလိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများကို ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘော ရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ်ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသားအမျိုးအမည်တွင် မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အားသုံးစွဲပြီး ထိုအမည်အား အမုန်းစကား(Hate Speech) များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသားပြောဆိုကြပါရန်။

သတင်းအဖွဲ့

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၂၄ / ၂၀၂၆)
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ် ဧနီလ ၂၈ ရက်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်ပြိုင်ပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	နိုင်ငံသားစိစစ်ရေးကတ်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ
ကချင်ပြည်နယ်				
(၁)	ဦးကျော်လင်း	၁/ဗမန(နိုင်)၀၀၉၇၀၉	ဗန်းမော်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၂)	ဦးသက်ပိုင်ထူး	၈/ပဖန(နိုင်)၁၄၅၄၀၆	ဖားကန့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ကရင်ပြည်နယ်				
(၃)	ဒေါ်ခင်နီနီအောင်	၁၂/ရကန(နိုင်)၀၀၂၅၇၅	ကော့ကရိတ်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၄)	ဦးမြင့်ထွန်း	၃/ကဆက(နိုင်)၀၁၂၆၁၃	ကြာအင်းဆိပ်ကြီး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
တနင်္သာရီတိုင်းဒေသကြီး				
(၅)	ဦးရဲထွန်းဝင်း	၆/ထဝန(နိုင်)၀၇၈၇၉၅	သရက်ချောင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၆)	ဦးစိုးတင်	၁၀/ပမန(နိုင်)၁၁၀၂၃၄	ပုလော	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ပဲခူးတိုင်းဒေသကြီး				
(၇)	ဦးဟံသာဝင်း	၇/ကကန(နိုင်)၀၃၆၄၀၄	ကျောက်ကြီး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၈)	ဦးကျော်ဆန်းဦး	၇/ကတခ(နိုင်)၀၀၃၆၉၈	ကျောက်တံခါး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၉)	ဦးမြင့်ဇော်လင်း	၇/ဖမန(နိုင်)၁၂၁၈၆၄	ဖြူး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၁၀)	ဦးဝင်းမြင့်	၇/အတန(နိုင်)၀၂၈၀၆၃	အုတ်တွင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၁၁)	ဒေါ်ဌမ္မာမိုမိုဇော်	၇/သကန(နိုင်)၀၀၀၃၀၃	သဲကုန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၁၂)	ဦးအောင်နိုင်	၇/ဝမန(နိုင်)၀၀၆၅၅၀၈	ဝေါ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၁၃)	ဒေါ်သန္တာအောင်	၇/ကပက(နိုင်)၀၆၂၆၄၀	ကြို့ပင်ကောက်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၁၄)	ဦးတင်ထွေး	၇/အဖန(နိုင်)၀၄၄၈၆၇	အုတ်ဖို	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
မန္တလေးတိုင်းဒေသကြီး				
(၁၅)	ဦးစန်းမြင့်	၉/မသန(နိုင်)၀၈၃၀၁၁	မြစ်သား	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၁၆)	ဦးကိုကိုဦး	၉/မရတ(နိုင်)၀၉၃၈၀၁	ချမ်းမြသာစည်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၁၇)	ဦးအောင်ကျော်သူ	၉/မလန(နိုင်)၀၀၀၇၁၇	မလှိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၁၈)	ဦးတိုးဝင်း	၉/တသန(နိုင်)၀၉ဖ၈၉၅	တောင်သာ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၁၉)	ဒေါ်ပြုံးကြည်	၉/မခန(နိုင်)၁၃၄၉၇ဖ	မြင်းခြံ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၂၀)	ဦးလှမင်း	၁၁/စတန(နိုင်)၀၀၇၅၇၈	ငါန်းဇွန်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၂၁)	ဒေါ်အေးမြမြစိုး	၉/သပက(နိုင်)၀၃၄၁၇၄	သပိတ်ကျင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၂၂)	ဦးဝင်းနိုင်	၉/ပသက(နိုင်)၀၀၄၄၁ခ	ပုသိမ်ကြီး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ရန်ကုန်တိုင်းဒေသကြီး				
(၂၃)	ဒေါက်တာနန္ဒကျော်စွာ	၁၂/ဒဂန(နိုင်)၀၂၁၄၄၁	ဒဂုံ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၂၄)	ဦးရန်မျိုးအောင်သိန်း	၁၂/ဒဂန(နိုင်)၀၀၇၄ဖ၆	လမ်းမတော်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၂၅)	ဒေါက်တာထွန်းထွန်းဝင်း	၁၂/သခန(နိုင်)၀၇၉၀၈၀	ဆိပ်ကြီး/ခနောင်တို	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၂၆)	ဦးတင်မြင့်	၁၂/တတန(နိုင်)၀၂၅၀၇၀	ဒလ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၂၇)	ဒေါက်တာရွှေပြည်စိုး	၁၂/ပဘတ(နိုင်)၀၁၇၄၅၅	ဒဂုံမြို့သစ် (ဆိပ်ကမ်း)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၂၈)	ဒေါ်အေးအေးမြင့်	၁၂/မဂတ(နိုင်)၀၅၂၇ဖ၂	ဒဂုံမြို့သစ် (အရှေ့ပိုင်း)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၂၉)	ဦးစိုင်းလင်းလင်းထွဏ်း	၁၂/မဂတ(နိုင်)၀၈၄၂၁၉	မင်္ဂလာတောင်ညွှန့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၃၀)	ဒေါ်အေးမြမြကြိုင်	၁၂/သကတ(နိုင်)၁၄၉၁၉၅	သာကေတ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၃၁)	ဦးနေလင်းအောင်	၁၂/ဥကမ(နိုင်)၁၇၉၀၀၀	မြောက်ဥက္ကလာပ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၃၂)	ဦးထွန်းအုံ	၇/ဖမန(နိုင်)၀၀၃၇၉၇	တာမွေ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၃၃)	ဦးတင်မိုးအောင် (ခ)နေရှိုင်း	၇/ဒဥန(နိုင်)၀၂၄၉၁၉	ရန်ကင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၃၄)	ဦးနိုင်ဝင်း	၁၂/ကတန(နိုင်)၀၀၁၁၉၀	ကျောက်တန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၃၅)	ဦးဝင်းဆွေ	၁၂/ခရန(နိုင်)၀၀ဖ၆၄၄	ခရမ်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၃၆)	ဦးအောင်ကျော်မင်း	၁၂/သခန(နိုင်)၀၃၈၂ဖ၃	သုံးခွ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၃၇)	ဦးမျိုးသန့်	၁၂/စခန(နိုင်)၀၄၅၅၂၂၈	စမ်းချောင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၃၈)	ဦးအောင်ကျော်ဟိုး	၁၄/ဓနဖ(နိုင်)၀၀၃၅၁၃	လှိုင်သာယာ (အနောက်ပိုင်း)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၃၉)	ဦးအေးချမ်း	၁၂/ရကန(နိုင်)၀၀၀၃ဖ၅	လှိုင်သာယာ (အရှေ့ပိုင်း)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ရှမ်းပြည်နယ်				
(၄၀)	နန်းရီရီဝင်း	၁၃/တကန(နိုင်)၁၃၇၁၁ဖ	ပင်လောင်း	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ
(၄၁)	ဒေါက်တာရဲမြင့်စိုး	၁၂/ပဘတ(နိုင်)၀၂၈၅၉ဇ	ညောင်ရွှေ	အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ
(၄၂)	ဒေါ်နန်းတင်ဦး	၁၃/ကသန(နိုင်)၀၀၀၅၉၅ကျေးသီး		ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၄၃)	ဦးစိုင်းကံ	၅/စကန(နိုင်)၀၀၉၅၈၁	မိုင်းရှား	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၄၄)	ဦးကောင်းသက်စံ	၁၂/ဒပန(နိုင်)၀ဖ၅၄၄၉	သီပေါ	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၄၅)	ဦးအေးထွန်း	၁၂/ဒဂန(နိုင်)၀၁၀၅၅၀	ကျောက်မဲ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ရေဝတီတိုင်းဒေသကြီး				
(၄ဖ)	ဒေါ်အိအိချော	၁၄/ရကန(နိုင်)၀၉၂၇၄၁	ရေကြည်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၄၇)	ဒေါ်ခင်သန်းမြင့်	၁၄/ငပတ(နိုင်)၀၀၇၈၂၅	ငပုတော	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၄၈)	ဦးအောင်သန်းမြင့်	၁၂/လမန(နိုင်)၀၃ဖ၁၃၅	ဒေးဒရဲ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၄၉)	ဦးအောင်မြသန်း	၁၄/ညတန(နိုင်)၀၀၄၄၄၅	ညောင်တုန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၅၀)	ဦးနိုင်ဝင်း	၁၄/ဓနဖ(နိုင်)၀၁၁၅၇ဈ	ဓနုဖြူ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၅၁)	ဒေါက်တာငြေးဝင်း	၁၄/အဂပ(နိုင်)၁၁၇၄၀၁	အင်္ဂပူ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၅၂)	ဦးခင်မောင်ဝင်း	၁၄/မမက(နိုင်)၀၀၂၅၀ဖ	မော်လမြိုင်ကျွန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၅၃)	ဦးလှခိုင်	၁၄/ဇလန(နိုင်)၀၄၂၈၄၂	ဇလွန်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၅၄)	ဦးမြင့်စိုး	၉/ကဆန(နိုင်)၀၁၅ဖ၉	လေးမျက်နှာ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

စဉ်	မဲဆန္ဒနယ်	ကိုယ်စားလှယ်လောင်းအမည်	ပါတီ/တစ်သီးပုဂ္ဂလ	မဲရုံမဲအရေအတွက်	ကြိုတင်မဲအရေအတွက်	ခိုင်လုံမဲစုပေါင်း	ခိုင်လုံမဲရာခိုင်နှုန်း
	ကချင်ပြည်နယ်						
၁	ဗန်းမော်မြို့နယ်			၂၄၈	၅၁၅၅	၅၄၀၃	
		ဦးကျော်လင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၀၀	၄၇၆၄	၄၉၆၄	၉၁.၈၈%
		ဦးဂမ်အောင်	ကချင်ပြည်နယ်ပြည်သူ့ပါတီ	၁၇	၁၇၅	၁၉၂	၃.၅၅%
		ဦးအောင်ဇော်ထွန်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၈	၈၈	၉၆	၁.၇၈%
		ဒေါ်မွေးမွေးကြိုင်	တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ	၆	၈၀	၈၆	၁.၅၉%
		ဒေါ်မြတ်ခက်မွန်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၇	၄၈	၆၅	၁.၂၀%
၂	ဖားကန့်မြို့နယ်			၂၆၇၆	၉၆၂	၃၆၃၈	
		ဦးသက်ပိုင်ထူး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၀၅၅	၆၂၂	၁၆၇၇	၄၆.၁၀%
		ဦးဇုံးချန်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၁၁၆၅	၂၃၂	၁၃၉၇	၃၈.၄၀%
		ဦးကျော်လင်း	တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ	၄၅၆	၁၀၈	၅၆၄	၁၅.၅၀%
	ကရင်ပြည်နယ်						
၃	ကော့ကရိတ်မြို့နယ်			၆၉၃၈	၄၀၅၁	၁၀၉၈၈	
		ဒေါ်ခင်နီနီအောင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၀၄၂	၃၂၉၀	၇၃၃၂	၆၆.၇၃%
		ဦးစောနေရှင်	ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ	၁၁၇၉	၄၅၈	၁၆၃၇	၁၄.၉၀%
		ဦးထွန်းထွန်းဝင်း	ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ	၈၃၅	၁၂၇	၉၆၂	၈.၇၅%
		ဦးဝင်းအောင်	မွန်တိုးတက်ရေးပါတီ	၅၉၄	၉၂	၆၈၆	၆.၂၄%
		ဦးတင့်ဇော်လင်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၈၈	၈၃	၃၇၁	၃.၃၈%
၄	ကြာအင်းဆိပ်ကြီးမြို့နယ်			၃၀၅၀	၂၄၉၁	၅၅၄၁	
		ဦးမြင့်ထွန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၄၅၁	၂၀၀၇	၃၄၅၈	၆၂.၄၁%
		ဦးစောဖိုးဝါး	ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ	၁၀၂၇	၃၄၇	၁၃၇၄	၂၄.၈၀%
		ဦးဇင်မျိုးအောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၃၂၅	၅၉	၃၈၄	၆.၉၃%
		ဒေါ်နှင်းနှင်းအိ	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၄၇	၇၈	၃၂၅	၅.၈၆%
	တနင်္သာရီတိုင်းဒေသကြီး						
၅	သရက်ချောင်းမြို့နယ်			၅၆၂၂	၁၉၀၈	၇၅၃၀	
		ဦးရဲထွန်းဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၄၈၇	၁၄၃၉	၃၉၂၆	၅၂.၁၄%
		ဦးမင်းသူ	ပြည်သူ့ရှေ့ဆောင်ပါတီ	၃၁၃၅	၄၆၉	၃၆၀၄	၄၇.၈၆%
၆	ပုလောမြို့နယ်			၁၄၁၈၄	၂၆၁၀	၁၆၇၉၄	
		ဦးစိုးတင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၅၆၅၆	၂၀၃၀	၇၆၈၆	၄၅.၇၇%
		ဒေါ်ခင်စန္ဒာ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၄၂၈၈	၄၀၃	၄၆၉၁	၂၇.၉၃%
		ဒေါ်စန္ဒာမင်း	ပြည်သူ့ပါတီ	၃၁၄၂	၁၃၆	၃၂၇၈	၁၉.၅၂%
		ဦးသိန်းသိန်းဇော်	ပြည်သူ့ရှေ့ဆောင်ပါတီ	၁၀၉၈	၄၁	၁၁၃၉	၆.၇၈%
	ပဲခူးတိုင်းဒေသကြီး						
၇	ကျောက်ကြီးမြို့နယ်			၄၂၄၆	၂၈၆၃	၇၁၀၉	
		ဦးဟံသာဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၉၈၅	၂၁၁၆	၅၁၀၁	၇၁.၇၅%
		ဦးအောင်နိုင်ဆွေ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၇၄၇	၅၂၃	၁၂၇၀	၁၇.၈၇%
		ဦးနောင်ထူးလင်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၅၁၄	၂၂၄	၇၃၈	၁၀.၃၈%
၈	ကျောက်တံခါးမြို့နယ်			၅၆၅၄၁	၂၂၅၆၄	၇၉၁၀၅	
		ဦးကျော်ဆန်းဦး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၂၉၅၀	၉၆၀၆	၃၂၅၅၆	၄၁.၁၆%
		ဦးကျော်ကျော်ဦး	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၉၅၅၃	၇၃၆၂	၁၆၉၁၅	၂၁.၃၈%
		ဦးကိုကိုလတ်	ပြည်သူ့ရှေ့ဆောင်ပါတီ	၆၄၃၈	၁၉၉၂	၈၄၃၀	၁၀.၆၆%
		ဒေါ်ခင်မြတ်နိုးထွန်း	ပြည်သူ့ပါတီ	၆၄၂၅	၁၅၁၂	၇၉၃၇	၁၀.၀၃%
		ဦးမင်းမင်းဇော်	တစ်သီးပုဂ္ဂလ	၆၁၂၀	၁၂၇၁	၇၃၉၁	၉.၃၄%
		ဦးကျော်မင်းထွန်း	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၅၀၅၅	၈၂၁	၅၈၇၆	၇.၄၃%
၉	ဖြူးမြို့နယ်			၁၇၃၆၇	၁၆၆၃၈	၃၄၀၀၅	
		ဦးမြင့်ဇော်လင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၇၆၀၂	၁၀၅၀၀	၁၈၁၀၂	၅၃.၂၃%
		ဦးသန်းဌေး	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၂၈၃၂	၂၂၆၂	၅၀၉၄	၁၄.၉၈%
		ဒေါက်တာဖြိုးမာန်	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၈၃၆	၁၅၁၆	၄၃၅၂	၁၂.၈၀%
		ဦးရဲသူရ	ပြည်သူ့ပါတီ	၂၅၃၈	၁၄၅၅	၃၉၉၃	၁၁.၇၄%
		ဒေါ်အိမ့်စန္ဒာရွှန်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၅၅၉	၉၀၅	၂၄၆၄	၇.၂၅%
၁၀	အုတ်တွင်းမြို့နယ်			၃၄၉၃၂	၁၁၄၀၇	၄၆၃၃၉	
		ဦးဝင်းမြင့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၃၀၁၀	၇၅၈၃	၂၀၅၉၃	၄၄.၄၄%
		ဦးမြအေး	ပြည်သူ့ပါတီ	၆၂၄၇	၁၄၀၇	၇၆၅၄	၁၆.၅၂%
		ဦးသန်းလွင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၅၁၈၇	၉၆၄	၆၃၅၁	၁၃.၇၁%
		ဦးမောင်ဝေ	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၀၇၉	၅၄၀	၃၆၁၉	၇.၈၁%
		ဒေါ်ခင်သိမ့်သိမ့်ထွေး	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၆၈၄	၃၁၆	၃၀၀၀	၆.၄၇%
		ဦးသက်ဦး	တစ်သီးပုဂ္ဂလ	၂၄၉၅	၃၆၈	၂၈၆၃	၆.၁၈%
		ဦးသန်းထိုက်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၀၃၀	၂၂၉	၂၂၅၉	၄.၈၇%
၁၁	သဲကုန်းမြို့နယ်			၄၃၈၄၁	၆၃၈၇	၅၀၂၂၈	
		ဒေါ်ဥမ္မာမိုမိုဇော်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၅၉၀၆	၃၇၉၂	၁၉၆၉၈	၃၉.၂၂%
		ဒေါ်စောယုမာ	ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ	၅၈၈၁	၉၉၂	၆၈၇၃	၁၃.၆၈%
		ဦးကံလှ	ပြည်သူ့ရှေ့ဆောင်ပါတီ	၅၉၅၆	၄၁၈	၆၃၇၄	၁၂.၆၉%
		ဒေါ်စန္ဒာညွန့်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၄၉၁၁	၄၆၁	၅၃၇၂	၁၀.၇၀%
		ဒေါ်ချိုမာအေး	ပြည်သူ့ပါတီ	၃၆၈၅	၁၅၉	၃၈၄၄	၇.၆၅%
		ဦးသိန်းအောင်စိုး	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၂၇၀၄	၂၀၈	၂၉၁၂	၅.၈၀%
		ဦးဇော်ဝင်းထွန်း	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၆၁၅	၁၂၈	၂၇၄၃	၅.၄၆%
		ဒေါ်သန္တာလင်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၂၁၈၃	၂၂၉	၂၄၁၂	၄.၈၀%
၁၂	ဝေါမြို့နယ်			၅၂၉၇၁	၁၆၈၃၈	၆၉၈၀၉	
		ဦးအောင်နိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၅၈၇၁	၁၃၀၂၄	၃၈၈၉၅	၅၅.၇၂%
		ဦးနေသူအောင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၀၅၆၁	၁၈၉၈	၁၂၄၅၉	၁၇.၈၅%
		ဦးခင်ဇော်လတ်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၃၄	၆၈၈	၈၀၃၆	၁၁.၅၁%
		ဦးဘိုဘိုဟန်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၅၂၆၄	၇၅၅	၆၀၁၉	၈.၆၂%
		ဦးထွန်းအောင်ကျော်	ပြည်သူ့ရှေ့ဆောင်ပါတီ	၃၉၂၇	၄၇၃	၄၄၀၀	၆.၃၀%

စာမျက်နှာ ၂၁ သို့

၁၃	ကြို့ပင်ကောက်မြို့နယ်			၂၇၂၄၅	၉၀၃၅	၃၆၂၈၀	
		ဒေါ်သန္တာအောင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၀၉၈၈	၄၇၈၅	၁၅၇၇၃	၄၃.၄၈%
		ဒေါ်ချိုချိုကျော်ငြိမ်း	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၆၆၈၅	၂၄၅၂	၉၁၃၇	၂၅.၁၈%
		ဒေါ်အိမ်မျက်ချယ်သူ	ပြည်သူ့ပါတီ	၃၀၈၉	၃၆၇	၃၄၅၆	၉.၅၃%
		ဦးဇော်လင်းထိုက်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၃၉၅	၅၁၉	၂၉၁၄	၈.၀၃%
		ဦးသက်ဖြိုးမောင်	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၁၀၆	၅၉၅	၂၇၀၁	၇.၄၄%
		ဒေါ်အေးမြတ်ကြွယ်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၉၈၂	၃၁၇	၂၂၉၉	၆.၃၄%
၁၄	အုတ်ဖိုမြို့နယ်			၂၁၆၆၉	၈၁၆၀	၂၉၈၂၉	
		ဦးတင်ထွေး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၉၄၅၈	၅၂၇၈	၁၄၇၃၆	၄၉.၄၀%
		ဦးဇော်ထက်အောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၃၉၀၉	၆၅၃	၄၅၆၂	၁၅.၂၉%
		ဦးဇေယျာလင်း	ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ	၂၈၄၄	၁၁၁၁	၃၉၅၅	၁၃.၂၆%
		ဦးမြတ်သူ	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၂၈၂၄	၅၅၂	၃၃၇၆	၁၁.၃၂%
		ဒေါ်စန္ဒာဝင်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၆၃၄	၅၆၆	၃၂၀၀	၁၀.၇၃%
	မန္တလေးတိုင်းဒေသကြီး						
၁၅	မြစ်သားမြို့နယ်			၁၀၃၃၁၀	၅၅၁၁	၁၀၈၈၂၁	
		ဦးစန်းမြင့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၅၄၅၈၇	၄၅၇၉	၅၉၁၆၆	၅၄.၃၇%
		ဦးသန်းထွန်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၄၉၈၄	၂၉၅	၁၅၂၇၉	၁၄.၀၄%
		ဦးပြည့်ဖြိုးအောင်	ပြည်သူ့ပါတီ	၁၀၇၅၅	၂၀၀	၁၀၉၅၅	၁၀.၀၇%
		ဦးကျော်စိုးလွင်	ပြည်သူ့ရှေ့ဆောင်ပါတီ	၁၀၀၂၆	၁၇၆	၁၀၂၀၂	၉.၃၈%
		ဦးဗိုလ်ဗိုလ်တာရာ	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၆၆၀၃	၁၈၃	၆၇၈၆	၆.၂၃%
		ဒေါ်ယဉ်ယဉ်မော်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၆၃၅၅	၇၈	၆၄၃၃	၅.၉၁%
၁၆	ငါန်းဇွန်မြို့နယ်			၃၈၆၀	၁၁၀၉	၄၉၆၉	
		ဦးလှမင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၉၄၆	၈၄၂	၂၇၈၈	၅၆.၁၁%
		ဒေါ်မြင့်မြင့်နိုင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၆၃၀	၂၁၀	၁၈၄၀	၃၇.၀၃%
		ဦးသောင်းထွန်းဦး	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၈၄	၅၇	၃၄၁	၆.၈၆%
၁၇	ချမ်းမြသာစည်မြို့နယ်			၇၄၉၅၀	၉၇၈၅	၈၄၇၃၅	
		ဦးကိုကိုဦး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၁၀၃၅	၆၂၈၈	၃၇၃၂၃	၄၄.၀၅%
		ဒေါ်တင်မာကြိုင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၃၂၇၀	၁၃၃၈	၁၄၆၀၈	၁၇.၂၄%
		ဦးစန်းလွင်	ပြည်သူ့ရှေ့ဆောင်ပါတီ	၈၉၅၄	၅၅၅	၉၅၄၉	၁၁.၂၇%
		ဒေါ်နီနီဝင်း	ပြည်သူ့ပါတီ	၈၅၄၃	၅၃၄	၉၀၇၇	၁၀.၇၁%
		ဦးမင်းမြတ်နိုး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၀၃၇	၄၇၉	၇၅၁၆	၈.၈၇%
		ဦးတင်ထွန်းကျော်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၆၁၁၁	၅၅၁	၆၆၆၂	၇.၈၆%
၁၈	မလှိုင်မြို့နယ်			၂၀၂၅၉	၁၇၆၆	၂၂၀၂၅	
		ဦးအောင်ကျော်သူ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၈၆၄၄	၁၂၃၃	၉၈၇၇	၄၄.၈၅%
		ဦးအောင်ဟိန်းသူ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၃၁၈၈	၁၈၀	၃၃၆၈	၁၅.၂၉%
		ဦးမိုးမြင့်ကျော်	ပြည်သူ့ပါတီ	၂၅၅၂	၁၃၅	၂၆၈၇	၁၂.၂၀%
		ဦးကျော်ဇင်လတ်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၄၅၉	၇၇	၂၅၃၆	၁၁.၅၁%
		ဦးနေလင်းအောင်	မျိုးဆက်သစ်ဝံသာနုပါတီ	၁၇၈၀	၄၂	၁၈၂၂	၈.၂၇%
		ဦးအောင်သူရ	ပြည်သူ့ရှေ့ဆောင်ပါတီ	၁၆၃၆	၉၉	၁၇၃၅	၇.၈၈%
၁၉	တောင်သာမြို့နယ်			၄၁၆၀	၂၉၄၆	၇၁၀၆	
		ဦးတိုးဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၇၃၀	၂၀၅၈	၃၇၈၈	၅၃.၃၁%
		ဒေါ်ဇင်မြတ်သူ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၅၂၃	၅၆၃	၂၀၈၆	၂၉.၃၅%
		ဒေါ်စန်းမြင့်မြင့်ကြည်	ပြည်သူ့ရှေ့ဆောင်ပါတီ	၉၀၇	၃၂၅	၁၂၃၂	၁၇.၃၄%
၂၀	မြင်းခြံမြို့နယ်			၄၇၂၅၉	၆၂၂၂	၅၃၄၈၁	
		ဒေါ်ပြုံးကြည်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၄၀၁၄	၄၉၀၈	၂၈၉၂၂	၅၄.၀၈%
		ဦးလှလှအောင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၂၈၇၅	၇၆၄	၁၃၆၃၉	၂၅.၅၀%
		ဦးဇေယျအောင်ကျော်	ပြည်သူ့ရှေ့ဆောင်ပါတီ	၁၀၃၇၀	၅၅၀	၁၀၉၂၀	၂၀.၄၂%
၂၁	သပိတ်ကျင်းမြို့နယ်			၂၄၄၁	၃၁၀၇	၅၅၄၈	
		ဒေါ်အေးမြမြစိုး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၂၅၆	၂၅၇၀	၃၈၂၆	၆၈.၉၆%
		ဦးသန့်ဇင်ဝင်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၇၈၀	၁၅၃	၉၃၃	၁၆.၈၂%
		ဦးအေးမင်းထွဋ်	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၀၀	၃၅၂	၅၅၂	၉.၉၅%
		ဒေါ်ခင်သူသူဝင်း	ပြည်သူ့ပါတီ	၁၄၂	၂၅	၁၆၇	၃.၀၁%
		ဦးအောင်မင်းသန့်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၆၃	၇	၇၀	၁.၂၆%
၂၂	ပုသိမ်ကြီးမြို့နယ်			၁၀၄၆၁၄	၇၈၁၀	၁၁၂၄၂၄	
		ဦးဝင်းနိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၈၀၆၄	၅၄၇၇	၄၃၅၄၁	၃၈.၇၃%
		ဦးမောင်ဝင်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၂၂၆၀၃	၁၁၉၇	၂၃၈၀၀	၂၁.၁၇%
		ဦးကျော်မင်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၁၁၃၈၁	၄၄၁	၁၁၈၂၂	၁၀.၅၂%
		ဒေါ်ပူဂျား	ပြည်သူ့ပါတီ	၁၀၄၄၁	၁၈၇	၁၀၆၂၈	၉.၄၅%
		ဦးအောင်နိုင်ဦး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၈၈၈၄	၁၅၇	၉၀၄၁	၈.၀၄%
		ဦးနိုင်လင်းနောင်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၇၃၉၂	၂၄၀	၇၆၃၂	၆.၇၉%
		ဒေါ်ဖူးပွင့်ရွှေ	ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ	၅၈၄၉	၁၁၁	၅၉၆၀	၅.၃၀%
	ရန်ကုန်တိုင်းဒေသကြီး						
၂၃	ဒဂုံမြို့နယ်			၈၀၈၄	၁၂၄၀	၉၃၂၄	
		ဒေါက်တာနန္ဒကျော်စွာ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၅၀၄၁	၁၀၆၅	၆၁၀၆	၆၅.၄၉%
		ဒေါ်စိုးစိုးမွန်	ပြည်သူ့ပါတီ	၈၉၀	၃၉	၉၂၉	၉.၉၆%
		ဒေါက်တာသိန်းဝင်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၇၈၂	၅၁	၈၃၃	၈.၉၃%
		ဒေါ်သန်းသန်းစိုး	ပြည်သူ့ရှေ့ဆောင်ပါတီ	၅၇၅	၃၂	၆၀၇	၆.၅၁%
		ဦးသက်နောင်စိုး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၄၅၂	၃၉	၄၉၁	၅.၂၇%
		ဦးရဲထွန်းလင်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၄၄	၁၄	၃၅၈	၃.၈၄%
၂၄	လမ်းမတော်မြို့နယ်			၇၈၄၇	၁၃၈၅	၉၂၃၂	
		ဦးရန်မျိုးအောင်သိန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၉၂၁	၈၄၄	၃၇၆၅	၄၀.၇၈%
		ဦးကိုကိုကြီး	ပြည်သူ့ပါတီ	၂၇၂၂	၁၉၈	၂၉၂၀	၃၁.၆၃%
		ဦးဇော်မျိုးလင်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၄၆၅	၂၅၈	၁၇၂၃	၁၈.၆၆%
		ဦးမင်းယုဝင်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၇၃၉	၈၅	၈၂၄	၈.၉၃%

၂၅	ဆိပ်ကြီး/ခနောင်တိုမြို့နယ်			၁၄၂၅၅	၁၄၉၁	၁၅၇၄၆	
		ဒေါက်တာထွန်းထွန်းဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၆၀၈၈	၁၀၄၅	၇၁၃၃	၄၅.၃၀%
		ဦးဇော်လွင်မြင့်	ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ	၂၆၀၄	၁၃၇	၂၇၄၁	၁၇.၄၁%
		ဒေါ်လှကေသီဝင်း	စစမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ	၂၀၃၅	၁၀၀	၂၁၃၅	၁၃.၅၆%
		ဦးရန်နိုင်	ပြည်သူ့ပါတီ	၁၃၁၃	၉၃	၁၄၀၆	၈.၉၃%
		ဦးအောင်မင်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၈၂၂	၃၄	၈၅၆	၅.၄၄%
		ဦးထွန်းမြဦး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၈၉	၄၈	၈၃၇	၅.၃၁%
		ဦးထူးအေးငြိမ်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၆၀၄	၃၄	၆၃၈	၄.၀၅%
၂၆	ဒလမြို့နယ်			၄၆၉၁၈	၈၉၃၄	၅၅၈၅၂	
		ဦးတင်မြင့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၂၁၁၅	၇၈၅၅	၂၉၉၇၀	၅၃.၆၆%
		ဒေါ်စန္ဒာ	စစမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ	၁၀၇၃၀	၄၆၂	၁၁၁၉၂	၂၀.၀၄%
		ဦးသူရအောင်	ပြည်သူ့ပါတီ	၄၁၀၀	၁၅၆	၄၂၅၆	၇.၆၂%
		ဒေါ်သင်းရန့်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၃၅၂၆	၂၁၄	၃၇၄၀	၆.၇၀%
		ဒေါ်သီတာအေး	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၅၂၇	၁၀၄	၂၆၃၁	၄.၇၁%
		ဦးဝင်းမောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၂၀၄	၈၁	၂၂၈၅	၄.၀၉%
		ဦးပြည့်ဖြိုးဟိန်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၇၁၆	၆၂	၁၇၇၈	၃.၁၈%
၂၇	ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်			၅၃၁၅၅	၂၄၅၃	၅၅၆၀၈	
		ဒေါက်တာရွှေပြည်စိုး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၁၂၅၅	၁၇၄၂	၂၂၉၉၇	၄၁.၃၆%
		ဦးကျော်စွာစိုး	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၈၅၁၃	၁၈၅	၈၆၉၈	၁၅.၆၄%
		ဦးအောင်မြင့်သန်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၆၇၇၀	၁၅၃	၆၉၂၃	၁၂.၄၅%
		ဒေါ်ဇာနည်မွန်	ပြည်သူ့ပါတီ	၆၀၃၄	၁၄၃	၆၁၇၇	၁၁.၁၁%
		ဦးမိုးကျော်အောင်	ပြည်သူ့ရှေ့ဆောင်ပါတီ	၄၀၀၇	၈၂	၄၀၈၉	၇.၃၅%
		ဦးကျော်မျိုးညွန့်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၃၄၇၅	၆၃	၃၅၃၈	၆.၃၆%
		ဒေါ်ဝင်းကေခိုင်အေး	အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ	၃၁၀၁	၈၅	၃၁၈၆	၅.၇၃%
၂၈	ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်			၅၁၄၆၃	၃၆၄၉	၅၅၁၁၂	
		ဒေါ်အေးအေးမြင့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၀၄၆၄	၂၆၄၄	၂၃၁၀၈	၄၁.၉၃%
		ဦးကျော်လှိုင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၅၈၃၉	၂၆၉	၆၁၀၈	၁၁.၀၈%
		ဦးသူရ	ပြည်သူ့ပါတီ	၅၈၂၉	၁၆၂	၅၉၉၁	၁၀.၈၇%
		ဦးညီညီဦး	ပြည်သူ့ရှေ့ဆောင်ပါတီ	၅၆၉၉	၁၆၈	၅၈၆၇	၁၀.၆၄%
		ဦးကျော်ဇင်	ပြည်သူ့အလုပ်သမားပါတီ	၅၁၂၂	၁၄၁	၅၂၆၃	၉.၅၅%
		ဒေါ်ကြည်ကြည်မော်	ဒီမိုကရက်တစ်ပါတီ	၃၅၁၅	၇၁	၃၅၈၆	၆.၅၁%
		ဦးပြည့်စုံဦး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၅၉၇	၁၀၇	၂၇၀၄	၄.၉၁%
		ဦးခိုင်မျိုးစစ်အောင်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၂၃၉၈	၈၇	၂၄၈၅	၄.၅၁%
၂၉	မဂၢလာတောင်ညွန့်မြို့နယ်			၃၀၀၇၄	၁၈၇၄	၃၁၉၄၈	
		ဦးစိုင်းလင်းလင်းထွဏ်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၂၆၇၅	၁၂၂၈	၁၃၉၀၃	၄၃.၅၂%
		ဒေါက်တာအောင်မိုး	ပြည်သူ့ပါတီ	၆၀၃၀	၂၁၆	၆၂၄၆	၁၉.၅၅%
		ဦးထွန်းလင်းအေး	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၂၅၉၅	၁၄၆	၂၇၄၁	၈.၅၈%
		ဒေါ်မြကေသီ	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၂၆၁၀	၁၁၉	၂၇၂၉	၈.၅၄%
		ဒေါ်ယဉ်ယဉ်ငြေး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၁၁၅	၈၃	၂၁၉၈	၆.၈၈%
		ဦးကျော်မျိုးဦး	ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ	၂၀၉၃	၄၅	၂၁၃၈	၆.၆၉%
		ဦးအောင်မျိုးမင်း	အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ	၁၉၅၆	၃၇	၁၉၉၃	၆.၂၄%
၃၀	သာကေတမြို့နယ်			၅၇၈၁၆	၄၅၃၅	၆၂၃၅	
		ဒေါ်အေးမြမြကြိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၁၀၉၁	၃၁၀၅	၂၄၁၉၆	၃၈.၈၁%
		ဦးဉာဏ်လင်းစော	တစ်သီးပုဂ္ဂလ	၈၅၈၂	၂၅၁	၈၈၃၃	၁၄.၁၆%
		ဦးနိုင်လင်းထွန်း	ပြည်သူ့ပါတီ	၆၉၈၂	၂၅၆	၇၂၃၈	၁၁.၆၁%
		ဦးရွှေသန်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၆၆၈၁	၄၃၃	၇၁၁၄	၁၁.၄၁%
		ဒေါ်နိုင်	ပြည်သူ့ရှေ့ဆောင်ပါတီ	၅၂၆၇	၂၁၃	၅၄၈၀	၈.၇၉%
		ဦးအေးသက်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၄၆၄၂	၁၂၆	၄၇၆၈	၇.၆၅%
		ဦးသိန်းဆွေ	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၄၅၇၁	၁၅၁	၄၇၂၂	၇.၅၇%
၃၁	မြောက်ဥက္ကလာပမြို့နယ်			၇၅၉၈၃	၅၉၈၈	၈၁၉၇၁	
		ဦးနေလင်းအောင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၅၉၈၀	၃၅၃၁	၂၉၅၁၁	၃၆.၀၀%
		ဦးမြတ်စောဝင်း	တစ်သီးပုဂ္ဂလ	၁၂၆၁၅	၇၃၈	၁၃၃၅၃	၁၆.၂၉%
		ဒေါ်သရဖီအောင်	ပြည်သူ့ပါတီ	၁၀၉၂၆	၄၇၂	၁၁၃၉၈	၁၃.၉၀%
		ဦးသန်းငြေး	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၀၁၅၄	၃၀၀	၁၀၄၅၄	၁၂.၇၅%
		ဒေါ်တင်နိုင်အေး	ပြည်သူ့ရှေ့ဆောင်ပါတီ	၈၅၈၃	၃၆၄	၈၉၄၇	၁၀.၉၂%
		ဦးမင်းထင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၇၇၂၅	၅၈၃	၈၃၀၈	၁၀.၁၄%
၃၂	တာမွေမြို့နယ်			၂၈၉၅၀	၂၄၈၉	၃၁၄၃၉	
		ဦးထွန်းအုံ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၂၉၆၄	၁၈၂၁	၁၄၇၈၅	၄၇.၀၃%
		ဦးကိန်းထက်မြတ်သောင်း	ပြည်သူ့ပါတီ	၄၇၆၂	၁၇၅	၄၉၃၇	၁၅.၇၀%
		ဒေါ်တင်တင်ထွေး	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၃၀၈၁	၂၀၁	၃၂၈၂	၁၀.၄၄%
		ဦးအေးချိုဦး	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၃၀၀	၆၅	၂၃၆၅	၇.၅၂%
		ဒေါ်ခင်မမစီ	ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၂၃၇	၁၀၁	၂၃၃၈	၇.၄၄%
		ဒေါ်စောစောထွေး	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၉၈၀	၈၆	၂၀၆၆	၆.၅၇%
		ဦးသိန်းကြည်	အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ	၁၆၂၆	၄၀	၁၆၆၆	၅.၃၀%
၃၃	ရန်ကင်းမြို့နယ်			၂၀၄၁၃	၁၅၀၂	၂၁၉၁၅	
		ဦးတင်မိုးအောင်(ခ) နေရှိုင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၇၂၂၁	၇၇၁	၇၉၉၂	၃၆.၄၇%
		ဦးမောင်မောင်ညွန့်	တစ်သီးပုဂ္ဂလ	၅၄၁၅	၃၆၀	၅၇၇၅	၂၆.၃၅%
		ဦးခင်မောင်ငြေး	ပြည်သူ့ပါတီ	၃၁၉၉	၇၄	၃၂၇၃	၁၄.၉၃%
		ဦးလေးဇော်ဦး	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၈၁၂	၁၈၃	၁၉၉၅	၉.၁၀%
		ဦးအောင်သိန်း	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၅၃၉	၄၄	၁၅၈၃	၇.၂၃%
		ဒေါ်ဆုမွန်သက်	ပြည်သူ့ရှေ့ဆောင်ပါတီ	၁၂၂၇	၇၀	၁၂၉၇	၅.၉၂%

၃၄	ကျောက်တန်းမြို့နယ်			၈၇၃၄၀	၁၀၄၅၇	၉၇၇၉၇	
		ဦးနိုင်ဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၇၇၈၄	၇၈၈၄	၄၅၆၆၆	၄၆.၇၀%
		ဒေါ်စန်းကေသီ	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၂၉၉၀	၄၃၅	၁၃၄၂၅	၁၃.၇၃%
		ဒေါ်အိအိဆွေ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၂၅၁၀	၇၂၀	၁၃၂၃၀	၁၃.၅၃%
		ဦးဝင်းငွေ	ပြည်သူ့ပါတီ	၁၂၃၁၈	၈၃၈	၁၃၁၅၆	၁၃.၄၅%
		ဒေါ်ဇင်မာမြင့်	ပြည်သူ့ရှေ့ဆောင်ပါတီ	၁၁၇၃၈	၅၈၀	၁၂၃၁၈	၁၂.၅၉%
၃၅	ခရမ်းမြို့နယ်			၈၅၀၀၅	၈၄၇၁	၉၃၄၇၆	
		ဦးဝင်းဆွေ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၀၉၁၁	၆၆၆၇	၄၇၅၇၈	၅၀.၉၀%
		ဦးထိန်လင်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၂၀၈၂၂	၁၀၄၀	၂၁၈၆၂	၂၃.၃၉%
		ဦးသိန်းဇော်	ပြည်သူ့ပါတီ	၁၅၀၇၉	၅၃၀	၁၅၆၀၉	၁၆.၇၀%
		ဦးအောင်ဇော်လတ်	ပြည်သူ့ရှေ့ဆောင်ပါတီ	၈၁၉၃	၂၃၄	၈၄၂၇	၉.၀၁%
၃၆	သုံးခွမြို့နယ်			၈၇၈၈၉	၅၉၆၇	၉၃၈၅၆	
		ဦးအောင်ကျော်မင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၆၆၁၇	၄၂၆၂	၄၀၈၇၉	၄၃.၅၆%
		ဦးနိုင်သူ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၂၁၁၅၇	၉၇၅	၂၂၁၃၂	၂၃.၅၈%
		ဒေါ်အိမ်မို့အောင်	ပြည်သူ့ပါတီ	၁၁၈၀၁	၃၂၄	၁၂၁၂၅	၁၂.၉၂%
		ဦးကျော်ဇင်ကို	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၀၄၀၇	၁၈၅	၁၀၅၉၂	၁၁.၂၈%
		ဒေါ်တင်တင်အေး	ပြည်သူ့ရှေ့ဆောင်ပါတီ	၇၉၀၇	၂၂၁	၈၁၂၈	၈.၆၆%
၃၇	စမ်းချောင်းမြို့နယ်			၁၆၉၄၂	၂၆၃၁	၁၉၅၇၃	
		ဦးမျိုးသန့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၆၈၉၀	၁၈၅၆	၈၇၄၆	၄၄.၆၈%
		ဦးသက်မှူးအောင်	ပြည်သူ့ပါတီ	၄၁၀၈	၂၈၉	၄၃၉၇	၂၂.၄၇%
		ဦးအောင်သန်းဝင်း	ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၀၁၃	၂၂၉	၃၂၄၂	၁၆.၅၆%
		ဦးကြီးမြင့်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၉၃၁	၂၅၇	၃၁၈၈	၁၆.၂၉%
၃၈	လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်			၄၉၇၃၄	၄၆၉၃	၅၄၄၂၇	
		ဦးအောင်ကျော်ဟိုး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၅၃၅၈	၃၃၀၇	၁၈၆၆၅	၃၄.၂၉%
		ဒေါ်အေးအေးမော်	စစမျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ	၁၁၄၈၂	၄၈၃	၁၁၉၆၅	၂၁.၉၈%
		ဦးတင်စိုးနီ	ပြည်သူ့ပါတီ	၅၂၄၅	၂၀၃	၅၄၄၈	၁၀.၀၁%
		ဒေါ်နီလာဝင်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၅၁၂၇	၂၃၇	၅၃၆၄	၉.၈၆%
		ဦးအောင်ပြည့်စုံ	ပြည်သူ့ရှေ့ဆောင်ပါတီ	၃၆၀၂	၁၅၀	၃၇၅၂	၆.၈၉%
		ဦးကျော်သိန်း	မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ	၃၆၀၀	၅၀	၃၆၅၀	၆.၇၁%
		ဒေါ်နန်းဆုသဇင်အောင်	ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၁၉၂	၁၇၈	၃၃၇၀	၆.၁၉%
		ဦးသက်ထွန်း	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၁၂၈	၈၅	၂၂၁၃	၄.၀၇%
၃၉	လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်			၄၁၇၃၈	၂၅၈၁	၄၄၃၁၉	
		ဦးအေးချမ်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၅၆၀၃	၁၇၇၀	၁၇၃၇၃	၃၉.၂၀%
		ဦးရဲထွန်း	စစမျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ	၇၉၇၂	၁၉၈	၈၁၇၀	၁၈.၄၃%
		ဦးကျော်ဝင်းနိုင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၅၆၀၂	၂၂၉	၅၈၃၁	၁၃.၁၆%
		ဦးသန်းအေး	ပြည်သူ့ပါတီ	၂၉၇၃	၇၁	၃၀၄၄	၆.၈၇%
		ဦးယဉ်အောင်	တစ်သီးပုဂ္ဂလ	၂၆၄၁	၇၉	၂၇၂၀	၆.၁၄%
		ဦးသန့်ဇင်ဦး	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၄၂၆	၇၇	၂၅၀၃	၅.၆၅%
		ဦးမျိုးမင်းသက်	ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၂၈၉	၉၃	၂၃၈၂	၅.၃၇%
		ဦးမင်းဂေါင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၂၃၂	၆၄	၂၂၉၆	၅.၁၈%
	ရှမ်းပြည်နယ်						
၄၀	ပင်လောင်းမြို့နယ်			၉၇၂၀၃	၇၇၁၃	၁၀၄၉၁၆	
		နန်းရီရီဝင်း	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၇၆၄၇၇	၃၅၀၁	၇၉၉၇၈	၇၆.၂၃%
		စိုင်းဆိုင်နွဲ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၂၇၉၈	၃၇၅၈	၁၆၅၅၆	၁၅.၇၈%
		ဒေါ်ဝတ်ရည်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၅၀၈၄	၃၄၃	၅၄၂၇	၅.၁၇%
		ဦးတိုးတိုးထွန်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၈၄၄	၁၁၁	၂၉၅၅	၂.၈၂%
၄၁	ညောင်ရွှေမြို့နယ်			၉၆၀၂၆	၄၉၃၂	၁၀၀၉၅၈	
		ဒေါက်တာရဲမြင့်စိုး	အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၄၁၇၆၆	၂၂၇၁	၄၄၀၃၇	၄၃.၆၂%
		ဦးကျော်နိုင်	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၂၁၇၈၈	၇၁၂	၂၂၅၀၀	၂၂.၂၉%
		ဦးမြင့်ဆွေ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၆၄၂၁	၁၄၇၄	၁၇၈၉၅	၁၇.၇၃%
		ဦးခင်လှိုင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၅၈၇၅	၂၁၆	၆၀၉၁	၆.၀၃%
		ဒေါ်သန်းသန်းဌေး	ပြည်သူ့ပါတီ	၄၈၁၁	၈၂	၄၈၉၃	၄.၈၅%
		နန်းဝင့်ဝင့်ဝါဟန်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၀၀၂	၁၀၂	၃၁၀၄	၃.၀၇%
		ဒေါ်အေးနန္ဒာအောင်	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၃၆၃	၇၅	၂၄၃၈	၂.၄၁%
၄၂	ကျောက်မဲမြို့နယ်			၁၃၉၆၅	၁၅၉၄	၁၅၅၅၉	
		ဦးအေးထွန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၈၄၆၄	၁၀၉၆	၉၅၆၀	၆၁.၄၄%
		ဦးဌေးတင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၅၅၀၁	၄၉၈	၅၉၉၉	၃၈.၅၆%
၄၃	သီပေါမြို့နယ်			၁၅၆၆၁	၁၁၈၇	၁၆၈၄၈	
		ဦးကောင်းသက်စံ	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၉၂၃၄	၃၇၉	၉၆၁၃	၅၇.၀၆%
		ဦးအောင်အောင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၆၄၂၇	၈၀၈	၇၂၃၅	၄၂.၉၄%
၄၄	မိုင်းဖျားမြို့နယ်			၁၅၃၅၃	၁၆၀၈	၁၆၉၆၁	
		ဦးစိုင်းကံ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၇၈၈၃	၁၁၆၄	၉၀၄၇	၅၃.၃၄%
		ဒေါ်ခင်နဒီကျော်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၄၇၀	၄၄၄	၇၉၁၄	၄၆.၆၆%
၄၅	ကျေးသီးမြို့နယ်			၁၈၃၀၂	၁၉၀၆	၂၀၂၀၈	
		ဒေါ်နန်းတင်ဦး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၀၇၀၀	၃၂၈	၁၁၀၂၈	၅၄.၅၇%
		ဦးစိုင်းမိုးကျော်သူ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၇၆၀၂	၁၅၇၈	၉၁၈၀	၄၅.၄၃%

စာမျက်နှာ ၂၃ မှအဆက်

	ရောဝတီတိုင်းဒေသကြီး						
၄၆	ရေကြည်မြို့နယ်			၈၃၇၀၇	၆၁၁၄	၈၉၈၂၁	
		ဒေါ်အိအိချော	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၈၄၀၇	၄၁၅၇	၄၂၅၆၄	၄၇.၃၉%
		ဦးဆန်းဆင့်	တစ်သီးပုဂ္ဂလ	၂၁၇၁၄	၁၀၈၆	၂၂၈၀၀	၂၅.၃၈%
		ဦးအောင်မိုး	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၉၂၁၆	၃၂၀	၉၅၃၆	၁၀.၆၂%
		ဦးဝင်းစိန်	ပြည်သူ့ပါတီ	၅၆၅၄	၁၄၇	၅၈၀၁	၆.၄၆%
		ဒေါ်ဝတ်မှုံဖူး	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၄၅၉၅	၂၄၈	၄၈၄၃	၅.၃၉%
		ဒေါ်ရွှေဇင်မြင့်အောင်	ပြည်သူ့ရေ့ဆောင်ပါတီ	၄၁၂၁	၁၅၆	၄၂၇၇	၄.၇၆%
၄၇	ငပုတောမြို့နယ်			၉၈၈၄၀	၆၄၃၈	၁၀၅၂၇၈	
		ဒေါ်ခင်သန်းမြင့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၃၇၆၈	၄၄၅၇	၄၈၂၂၅	၄၅.၈၁%
		ဒေါ်မြင့်ရွှေ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၂၀၆၁၁	၇၄၇	၂၁၃၅၈	၂၀.၂၉%
		ဒေါ်ကေခိုင်ဝင်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၆၁၇၄	၄၂၂	၁၆၅၉၆	၁၅.၇၆%
		ဦးချစ်သန်း	ပြည်သူ့ရေ့ဆောင်ပါတီ	၉၅၂၃	၆၁၈	၁၀၁၄၁	၉.၆၃%
		ဦးအောင်ခင်ဇော်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၈၇၆၄	၁၉၄	၈၉၅၈	၈.၅၁%
၄၈	ဒေးဒရဲမြို့နယ်			၈၈၃၂၀	၄၂၀၁	၉၂၅၂၁	
		ဦးအောင်သန်းမြင့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၂၉၁၈	၃၁၁၁	၄၆၀၂၉	၄၉.၇၅%
		ဦးသီဟ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၂၅၀၇	၄၃၀	၁၂၉၃၇	၁၃.၉၈%
		ဒေါ်ခင်မာစန်း	ပြည်သူ့ပါတီ	၁၁၅၆၇	၁၄၆	၁၁၇၁၃	၁၂.၆၆%
		ဦးဇော်ထွန်း	တစ်သီးပုဂ္ဂလ	၆၃၇၀	၁၃၇	၆၅၀၇	၇.၀၃%
		ဦးသက်မင်းအောင်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၆၀၈၆	၂၂၃	၆၃၀၉	၆.၈၂%
		ဦးနေရှိုင်း	ပြည်သူ့ရေ့ဆောင်ပါတီ	၄၈၀၆	၁၀၁	၄၉၀၇	၅.၃၁%
		ဦးဖိုးချို	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၄၀၆၆	၅၃	၄၁၁၉	၄.၄၅%
၄၉	ညောင်တုန်းမြို့နယ်			၁၀၃၇၈၀	၅၉၅၁	၁၀၉၇၃၁	
		ဦးအောင်မြသန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၀၈၁၁	၄၀၈၅	၄၄၈၉၆	၄၀.၉၁%
		ဦးသူရ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၈၆၈၃	၇၆၈	၁၉၄၅၁	၁၇.၇၃%
		ဒေါ်သန်းသန်းဝင်း	ပြည်သူ့ပါတီ	၁၆၉၅၃	၃၈၇	၁၇၃၄၀	၁၅.၈၀%
		ဦးချစ်စိုး	ပြည်သူ့ရေ့ဆောင်ပါတီ	၁၁၅၉၅	၂၃၄	၁၁၈၂၉	၁၀.၇၈%
		ဦးမြင့်ဦး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၉၉၄	၁၆၂	၈၁၅၆	၇.၄၃%
		ဦးဝေစိုးထက်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၇၇၄၄	၃၁၅	၈၀၅၉	၇.၃၅%
၅၀	ဓနုဖြူမြို့နယ်			၈၀၂၃၀	၆၁၀၂	၈၆၃၃၂	
		ဦးနိုင်ဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၈၅၆၂	၃၆၅၃	၃၂၂၁၅	၃၇.၃၂%
		ဦးကြည်ရွှေ	ပြည်သူ့ပါတီ	၂၁၂၆၁	၉၇၂	၂၂၂၃၃	၂၅.၇၅%
		ဦးမြင့်အောင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၂၀၃၉	၇၆၇	၁၂၈၀၆	၁၄.၈၃%
		ဦးဌေးဝင်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၆၇၆၈	၃၆၄	၇၁၃၂	၈.၂၆%
		ဦးရဲကျော်သူ	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၆၂၇၂	၁၄၅	၆၄၁၇	၇.၄၃%
		ဦးမြင့်လွင်	ပြည်သူ့ရေ့ဆောင်ပါတီ	၅၃၂၈	၂၀၁	၅၅၂၉	၆.၄၁%
၅၁	အင်္ဂပူမြို့နယ်			၉၇၉၂၇	၈၄၀၉	၁၀၆၃၃၆	
		ဒေါက်တာဌေးဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၃၂၇၀	၅၉၀၈	၄၉၁၇၈	၄၆.၂၅%
		ဦးနေလင်းမောင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၇၆၁၀	၉၄၉	၁၈၅၅၉	၁၇.၄၅%
		ဦးဇော်မင်း	ပြည်သူ့ပါတီ	၁၅၂၈၂	၄၃၈	၁၅၇၂၀	၁၄.၇၈%
		ဦးဇင်အောင်ထွန်း	ပြည်သူ့ရေ့ဆောင်ပါတီ	၁၁၅၀၄	၄၇၃	၁၁၉၇၇	၁၁.၂၇%
		ဦးအောင်မျိုးမင်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၀၂၆၁	၆၄၁	၁၀၉၀၂	၁၀.၂၅%
၅၂	မော်လမြိုင်ကျွန်းမြို့နယ်			၁၂၀၉၄၃	၄၅၉၃	၁၂၅၅၃၆	
		ဦးခင်မောင်ဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၆၁၀၆၅	၃၀၂၆	၆၄၀၉၁	၅၁.၀၅%
		ဦးသန်းထွေး	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၂၁၂၂၈	၅၆၆	၂၁၇၉၄	၁၇.၃၆%
		ဒေါ်ဇွန်မေဦး	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၀၇၈၅	၄၀၇	၁၁၁၉၂	၈.၉၂%
		ဒေါ်မေသန္တာစိုး	ပြည်သူ့ရေ့ဆောင်ပါတီ	၁၀၃၇၆	၃၂၃	၁၀၆၉၉	၈.၅၂%
		ဦးအောင်ကျော်ဦး	ပြည်သူ့ပါတီ	၁၀၄၄၀	၁၃၈	၁၀၅၇၈	၈.၄၃%
		ဦးမင်းသိမ်း	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၀၄၉	၁၃၃	၇၁၈၂	၅.၇၂%
၅၃	ဇလွန်မြို့နယ်			၇၃၀၄၂	၅၉၀၅	၇၈၉၄၇	
		ဦးလှခိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၀၅၈၂	၃၆၈၃	၃၄၂၆၅	၄၃.၄၀%
		ဦးစိန်ထွန်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၄၅၄၄	၉၈၆	၁၅၅၃၀	၁၉.၆၇%
		ဦးစိုးမြင့်ထွန်း	ပြည်သူ့ပါတီ	၁၄၀၃၉	၄၆၅	၁၄၅၀၄	၁၈.၃၇%
		ဦးမြတ်သူရ	ပြည်သူ့ရေ့ဆောင်ပါတီ	၈၀၅၂	၄၃၀	၈၄၈၂	၁၀.၇၅%
		ဦးပြည့်ဖြိုးအောင်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၅၈၂၅	၃၄၁	၆၁၆၆	၇.၈၁%
၅၄	လေးမျက်နှာမြို့နယ်			၂၅၀၂၃	၂၇၀၈	၂၇၇၃၁	
		ဦးမြင့်စိုး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၃၀၁၀	၂၀၀၁	၁၅၀၁၁	၅၄.၁၃%
		စမျိုးဇော်	ပြည်သူ့ပါတီ	၇၁၃၂	၃၄၂	၇၄၇၄	၂၆.၉၅%
		ဒေါ်ဌေးရီ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၂၃၆၀	၁၇၈	၂၅၃၈	၉.၁၅%
		ဒေါ်စိုးစိုး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၃၀၇	၇၆	၁၃၈၃	၄.၉၉%
		ဒေါ်မြတ်မြတ်သူ	ပြည်သူ့ရေ့ဆောင်ပါတီ	၁၂၁၄	၁၁၁	၁၃၂၅	၄.၇၈%

မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု

လိုင်စင်မဲ့မော်တော်ယာဉ် (Mitsubishi Fuso Truck 2008 Model)

လိုင်စင်စံမှီမော်တော်ယာဉ် (Toyota Hiace 2008 Model)

လိုင်စင်မဲ့မော်တော်ယာဉ် (Mitsubishi Fuso Truck 2003 Model)

လိုင်စင်မဲ့မော်တော်ယာဉ် (Hino Truck 2007 Model)

☆ **ဖမ်းဆီးရမိမှုမှ**

စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဧနနဝါရီ ၂၆ ရက်တွင် မိုင်းဖြတ်မြို့နယ် ဟိုနား(စောမွန်)ကျေးရွာအနီး၌ တရားမဝင်ကုန်ပစ္စည်းတင်လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၀၀၀၀၀ ကိုလည်းကောင်း၊ ရပ်စောက်မြို့နယ် ရေဖြူကျေးရွာ၌ တရားမဝင်ကုန်ပစ္စည်းတင် လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀ ကိုလည်းကောင်း၊ ရပ်စောက်မြို့နယ် ရေဖြူကျေးရွာ၌ တရားမဝင်ကုန်ပစ္စည်းတင် လိုင်စင်မဲ့မော်တော်ယာဉ် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၅

ပျော်ပျော်ရွှင်ရွှင် လုပ်ငန်းခွင်

ဘုန်းသန့်စင်

စိတ်အားထက်သန်မှု

လူ့ဘဝ လူ့လောကတွင် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုကို မဖြစ်မနေလုပ်ကြရမည်ဖြစ်သည်။ ငယ်စဉ်က ထားခဲ့သည့် ဘဝရည်မှန်းချက်များနှင့် ထပ်တူကျသည့်အလုပ်ကို လုပ်ရသူများရှိသကဲ့သို့ ဝါသနာနှင့် အလုပ်ထပ်တူကျခြင်းမရှိဘဲ ဘဝပေးအခြေအနေအရ ရသည့်အလုပ်ကို လုပ်နေရသူများလည်းရှိနေတတ်သည်။ ငယ်စဉ်က ပညာရေးတွင် ထွန်းပေါက်အောင်မြင်ခဲ့သော်လည်း ပညာဖြင့် အသက်မွေးရခြင်းမရှိဘဲ အခြားသောနည်းဖြင့်အသက်မွေးရသူများလည်းရှိနေပြန်သည်။ ဆရာဝန်အလုပ်လုပ်နေရသော်လည်း ရင်တွင်းဆန္ဒအရ သီချင်းဆိုလိုက်ရမှ၊ အဆိုတော်ဖြစ်မှ ဘဝရည်မှန်းချက်ပြည့်စုံမည်ဟု ယုံကြည်နေသူများလည်းရှိသည်။ လုပ်ရသည့်အလုပ်အပေါ်တွင် ထားရမည့်စိတ်ဓာတ်ခံယူချက်များ ပျောက်ကွယ်သွားသည့်အခါ အလုပ်အပေါ်တွင် စိတ်ပါဝင်စားမှုမရှိတော့ဘဲ လုပ်ငန်းခွင်ပျော်ရွှင်မှုများ ပျောက်ဆုံးသွားတတ်သည်။

လုပ်ငန်းခွင်အတွင်း ပျော်ရွှင်မှုပျောက်ဆုံးသွားသည့်အခါ လုပ်ဖော်ကိုင်ဖက်များနှင့်ပါ ဆက်ဆံရေးမပြေပြစ်ဖြစ်သွားတတ်သည်။ ကိုယ်တိုင်က အလုပ်အပေါ်ထားရှိရမည့် ကောင်းသည့်စိတ်ဓာတ်များ မရှိတော့ဘဲ တိုးတက်ရာတိုးတက်ကြောင်းကို ရှာဖွေရန် မေ့လျော့သွားတတ်သည်။ ခန္ဓာကိုယ်က လုပ်ငန်းခွင်အတွင်းရှိနေရသော်လည်း စိတ်ကအခြားနေရာ ရောက်နေသည့်အခါ စိတ်နှင့်လူမကပ်သဖြင့် ဖန်တီးပုံဖော်လုပ်ကိုင်နိုင်စွမ်းများလည်း လျော့နည်းသွားပြန်သည်။ မိမိနှင့်လက်တွဲလုပ်ရသူများ၊ မိမိကို ကြီးကြပ်ကွပ်ကဲလမ်းညွှန်ပေးရမည့်သူများ၊ မိမိဦးဆောင်ရာသို့ လိုက်ပါဆောင်ရွက်ရမည့်သူများ စသည့်အရေးကြီးသူများနှင့် လူမှုဆက်ဆံရေး ပြေလည်ရန်မဖြစ်နိုင်တော့ဘဲ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်လာတတ်သည်။ စိတ်ဓာတ်ခံယူချက်အားနည်းသည့်အခါ မိမိကိုယ်ကို ယုံကြည်မှုပျောက်ဆုံးသွားတတ်ပြီး အခြားသူများအပေါ်တွင်လည်း သံသယစိတ်များထွက်ပေါ်လာတတ်သည်။ အပြန်အလှန်ယုံကြည်မှုများ ပျောက်ဆုံးသွားသည့်အခါ မိမိအတွက် ပျော်ရွှင်သည့်လုပ်ငန်းခွင်ဖြစ်လာစရာ မရှိတော့ပေ။ ပျော်ရွှင်သော လုပ်ငန်းခွင်တွင် ရှင်သန်လိုသည်ဟုဆိုပါက မိမိလုပ်ရသည့် အလုပ်ပေါ်တွင် ချစ်သည့်စိတ်ကိုမွေး၍ စိတ်အားထက်သန်မှုထားရှိပေးလိုက်ရန် ဖြစ်သည်။

ပျော်ရွှင်ခြင်းကို ဖန်တီးယူ

ဝါသနာမပါ၊ မိမိ၏ဘဝရည်မှန်းချက်နှင့် တိုက်ဆိုင်မှုမရှိပါဆိုသည့်အလုပ်ကို လုပ်နေရသည်ဟု ဆိုပါသော်လည်း ထိုအလုပ်တွင် မိမိအတွက် ကောင်းသောအရာများကို ရှာဖွေ၍ စိတ်ခံစားချက်များကို အကောင်းဘက်သို့ ဦးတည်သွားအောင် လှုံ့ဆော်ပေးရန်လိုသည်။ ကိုယ်တိုင်စိတ်ပါဝင်စားမှုအားနည်းနေပါက ပျော်ရွှင်မှုကို ဖြစ်စေမည့်အရာများကို မမြင်မိတော့ဘဲ အလုပ်တွင်ရနိုင်သည့် ကောင်းသောအတွေ့အကြုံများကိုလည်း ရယူရန် မေ့လျော့သွားတတ်သည်။ အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုသည့် စကားနှင့်အညီ သမ္မာအာဇီဝနည်းဖြင့် လုပ်ရသည့်အလုပ်တိုင်းတွင် သင်စရာများ များစွာရှိသော်လည်း မကောင်းမြင်စိတ်ဖုံးလွှမ်းသွားသည့်အခါ သင်စရာများကို မမြင်နိုင်တော့ပေ။

လူမှုဆက်ဆံရေးသည်လည်း လုပ်ငန်းခွင်အတွင်း ပျော်ရွှင်ခြင်းကို ဖန်တီးပုံဖော်ပေးမည့် အရာတစ်ခုဖြစ်သည်။ စိတ်အားထက်သန်မှု၊ တက်ကြွလန်းဆန်းမှု၊ ကြိုးစားအားထုတ်လိုမှု မရှိသောသူနှင့်မည်သူကမျှ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိမည်မဟုတ်ပေ။ လုပ်ရသည့်အလုပ်ပေါ်တွင် စိတ်ပါဝင်စားမှုနည်းပါးပြီး ကောင်းမွန်စွာ ကြိုးစားအားထုတ်နေသည်ကို မတွေ့ရဘဲ လုပ်ငန်းခွင်လုပ်ဖော်ကိုင်ဖက်များက ပေါင်းသင်းဆက်ဆံရန် မဖြစ်နိုင်တော့ပေ။ ထိုအခါ မိမိကို လုပ်ငန်းခွင်ဝန်းကျင်က ဖယ်ကြဉ်ထားသကဲ့သို့ ခံစားလာရနိုင်ပြီး ထိုလုပ်ငန်းခွင်မှ တိတ်ဆိတ်စွာ ပျောက်ကွယ်သွားလိုစိတ်များ ဖြစ်ပေါ်လာတတ်သည်။ လုပ်ဖော်ကိုင်ဖက်များ အပေါ်တွင်လည်း အကောင်းမြင်စိတ်များ ပျောက်ကွယ်သွားတတ်ပြီး မနာလိုစိတ်၊ ဝန်တိုစိတ်၊ ရန်လိုစိတ်များသာ ပေါ်ထွက်လာမည်ဖြစ်သည်။ လုပ်ငန်းခွင်အတွင်းဖြစ်ပျက်နေသော အရာအားလုံးကို အဆိုးမြင်ဝါဒဖြင့် ကြည့်မြင်လာမိတတ်သည်။

စိတ်ဖိစီးမှုများကို ရှောင်ပါ

လုပ်ငန်းခွင်အတွင်း စိန်ခေါ်မှုများနှင့် စိတ်ဖိစီးမှုများက ရှိနေတတ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ ထိုသဘာဝကို လက်ခံထားနိုင်ရန်အတွက် မိမိကိုယ်တိုင်က အကောင်းမြင်စိတ်ရှိရန်လိုသည်။ လုပ်ငန်းခွင်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ကြုံတွေ့လာရနိုင်သည့်အခက်အခဲများကို အကောင်းမြင်စိတ်ဖြင့် လုပ်ငန်းခွင်အတွင်း နေထိုင်သွားရမည်ဖြစ်သည်။ မိမိလုပ်ရမည့်အလုပ်တွင် ကိုယ်တိုင်က စိတ်ပါဝင်စားမှုအားနည်းလာသည့်အခါ မိမိ၏ တီထွင်ဖန်တီးနိုင်မှုစွမ်းအားတို့က ပျောက်ကွယ်သွားမည်ဖြစ်သည်။ လုပ်နိုင်သည် ဆိုသည့်စိတ် ပျောက်ကွယ်သွားသည့်အခါ အရာရာကို လက်လျှော့လိုစိတ်များ ပေါ်ထွက်လာသည်။ အလုပ်လုပ်ရင်းဖြင့်ရရှိခဲ့သည့် မိမိ၏အောင်မြင်မှုများကိုလည်း မေ့ပျောက်သွားတတ်သည်။ မိမိ လုပ်ဖော်ကိုင်ဖက်များအတွက် ပေးဆပ်ခဲ့ဖူးသည့် ကောင်းသော လုပ်ရပ်များကိုလည်း မေ့လျော့သွားတတ်သည်။

စိတ်ဖိစီးမှုများ၊ စိန်ခေါ်မှုများ ကြုံတွေ့ရချိန်တွင် ဆောင်ရွက်နိုင်သည့် နည်းလမ်းတစ်ခုမှာ ခေတ္တခဏ စိတ်ရောကိုယ်ပါ အနားယူလိုက်ခြင်းပင်ဖြစ်သည်။ အခက်အခဲများ၊ စိန်ခေါ်မှုများမှ ထွက်ပြေးခြင်းကို ဆိုလိုခြင်းမဟုတ်ပေ။ စိတ်ရောကိုယ်ပါ ခေတ္တခဏ အနားယူခြင်းဖြင့် ခံစားနေရသည့် စိတ်သောကများ ပျောက်ကွယ်သွားနိုင်သည်။ တိတ်ဆိတ်ငြိမ်သက်သည့် နေရာတစ်ခုသို့ ခဏထွက်သွား၍ အနားယူခြင်း၊ မိမိအလုပ်စားပွဲပေါ် ခေတ္တတိတ်ဆိတ်ငြိမ်သက်စွာ ထိုင်ခြင်း၊ သာယာငြိမ့်ညောင်းသည့် ဂီတသံများကို နားထောင်ခြင်း စသည့်နည်းလမ်းများဖြင့် စိတ်ဖိစီးမှုကို လျှော့ချပြီးမှ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအတွက် ရင်ဆိုင်နိုင်မည့်နည်းလမ်းများကို ရှာဖွေမည်ဆိုပါက အောင်မြင်နိုင်သည်။ ဦးနှောက်ကို ခေတ္တအနားပေးခြင်းဖြင့် လန်းဆန်းတက်ကြွမှုကို ပြန်လည်ရရှိနိုင်ပြီး လုပ်ငန်းခွင်ပျော်ရွှင်မှုကို ဖန်တီးရယူနိုင်သည်။

❖ လုပ်ငန်းခွင်ပျော်ရွှင်မှုကို ဖန်တီးပုံဖော်နိုင်ရေးအတွက် အကောင်းမြင်စိတ်ကိုဖြစ်စေပြီး မိမိအတွက်ပြုလုပ်ရန် လွယ်ကူသည့် အလေ့အကျင့်ကောင်းများကို မွေးမြူထားရန်လိုသည်။ ပျော်ရွှင်သောပတ်ဝန်းကျင်ကို သာယာပျော့ပျောင်းသော၊ ကြည်နူးဖွယ်ဖြစ်သော၊ နူးညံ့သာယာသော၊ စိတ်ဓာတ်ခွန်အားကိုဖြစ်စေသော စသည်ဖြင့် ကောင်းသောစကားများကသာဖြစ်စေသည်။ မိမိကိုယ်တိုင်က အကောင်းမြင်စိတ်၊ ကောင်းသောစကားများဖြင့် သာလုပ်ငန်းခွင်တွင် ရှင်သန်နိုင်ရေးကြိုးစားရမည်ဖြစ်သည်။ ထို့ပြင် စိတ်ကောင်းရှိ၍ အကောင်းမြင်စိတ်၊ ကောင်းသောစကားများ ကိုသာ ဆိုတတ်သူများနှင့် ပေါင်းသင်းဆက်ဆံသင့်သည်။ အဆိုးမြင်စိတ်ရှိပြီး အတင်းအဖျင်းကို ဖြစ်စေသော၊ စိတ်ကို အဆိပ်အတောက်ဖြစ်စေသော စကားများကိုသာ အစဉ်ပြောတတ်သူများနှင့် ပေါင်းသင်းမိသည့်အခါ အဆိုးမြင်စိတ်များဖြစ်ပေါ်လာတတ်ပြီး ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေလုပ်ရသည့်အလုပ်တွင် စိတ်ပါဝင်စားမှုများ ပျောက်ကွယ်သွားမည်သာဖြစ်သည်။

အလေ့အထကောင်းများ

လုပ်ငန်းခွင်ပျော်ရွှင်မှုကို ဖန်တီးပုံဖော်နိုင်ရေးအတွက် အကောင်းမြင်စိတ်ကို ဖြစ်စေပြီး မိမိအတွက် ပြုလုပ်ရန် လွယ်ကူသည့်အလေ့အကျင့်ကောင်းများကို မွေးမြူထားရန်လိုသည်။ ပျော်ရွှင်သော ပတ်ဝန်းကျင်ကို သာယာပျော့ပျောင်းသော၊ ကြည်နူးဖွယ်ဖြစ်သော၊ နူးညံ့သာယာသော၊ စိတ်ဓာတ်ခွန်အားကိုဖြစ်စေသော စသည်ဖြင့် ကောင်းသော စကားများကသာဖြစ်စေသည်။ မိမိကိုယ်တိုင်က အကောင်းမြင်စိတ်၊ ကောင်းသောစကားများဖြင့်သာ လုပ်ငန်းခွင်တွင် ရှင်သန်နိုင်ရေးကြိုးစားရမည်ဖြစ်သည်။ ထို့ပြင် စိတ်ကောင်းရှိ၍ အကောင်းမြင်စိတ်ဖြင့် ကောင်းသောစကားများ ကိုသာ ဆိုတတ်သူများနှင့် ပေါင်းသင်းဆက်ဆံသင့်သည်။ အဆိုးမြင်စိတ်ရှိပြီး အတင်းအဖျင်းကို ဖြစ်စေသော၊ စိတ်ကို အဆိပ်အတောက်ဖြစ်စေသော စကားများကိုသာ အစဉ်ပြောတတ်သူများနှင့် ပေါင်းသင်းမိသည့်အခါ အဆိုးမြင်စိတ်များဖြစ်ပေါ်လာတတ်ပြီး ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေလုပ်ရသည့်အလုပ်တွင် စိတ်ပါဝင်စားမှုများ ပျောက်ကွယ်သွားမည်သာဖြစ်သည်။

လူတစ်ဦး၏ စိတ်ခံစားချက်ကို ပတ်ဝန်းကျင်ကလည်း ပြောင်းလဲနိုင်သည်။ အဆိပ်အတောက်ဖြစ်စေသော စကားလုံးများက မိမိ၏ စိတ်အစဉ်ကို ညစ်ညူးစေသကဲ့သို့ ရှုပ်ပွပေရေနေသော၊ အနုံ့အသက်မကောင်းသော၊ အမြင်မတင့်တယ်သော ပတ်ဝန်းကျင်ကလည်း မိမိ၏စိတ်ကို ညစ်ညူးစေသည်။ မိမိလုပ်ငန်းခွင်၊ မိမိအလုပ်စားပွဲ၊ စာရွက်စာတမ်းများကို သန့်ရှင်းသေသပ်စွာ ထားခြင်းဖြင့် စိတ်ကြည်လင်လန်းဆန်းစေသည်။ တစ်ခါတစ်ရံတွင် မိမိအလုပ်စားပွဲကို သန့်ရှင်းသေသပ်စွာ ထားရှိခြင်းဖြင့် စိတ်တည်ငြိမ်အေးချမ်းမှုကိုရစေပြီး စိတ်ဖိစီးမှုများကို လျော့ကျစေနိုင်သည်။ အခက်အခဲကြုံတွေ့နေရသည့်အချိန်တွင် စိတ်ဆိုးဒေါသထွက်နေမည့်အစား စိတ်ထွက်ပေါက်တစ်ခုအနေဖြင့် မိမိအလုပ်စားပွဲ သို့မဟုတ် လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ပေ့ါပေ့ါပါးပါးသန့်ရှင်းရေးများလုပ်ခြင်းဖြင့် စိတ်တည်ငြိမ်မှုကို ရစေနိုင်သည်။

မိသားစုအတွက် အချိန်ပေးပါ

လူတစ်ဦး၏အချိန်သည် တစ်နေ့တာ ၂၄ နာရီရှိရာတွင် အကြမ်းဖျင်းအားဖြင့် စားချိန်နှင့် အိပ်ချိန်စသည်ဖြင့် ရှစ်နာရီ၊ အလုပ်ချိန် ရှစ်နာရီရှိနိုင်သဖြင့် ကျန် ရှစ်နာရီက ဘဝအတွက်အရေးကြီးသည့် အရာများကို လုပ်ရန်နှင့် မိသားစုအတွက် အချိန်ပေးရန်ဖြစ်သည်။ မိသားစုအတွက် အချိန်ပေးရမည့် ကာလ ရှစ်နာရီဟု အကြမ်းဖျင်းတွက်ကြည့်ရသော်လည်း ပုံမှန်အားဖြင့် မိသားစုအတွက် အချိန်ပေးရသည်က ရှစ်နာရီမရှိတတ်ကြပေ။ မိသားစုအတွက်ရှိနေပေးရမည့်အချိန်များက တဖြည်းဖြည်းနည်းလာနေသည့် ယနေ့ခေတ်ကာလတွင် မိသားစုနှင့်အတူရှိနေသည့်အချိန်တွင် လုပ်ငန်းခွင်အတွင်းက ကြုံတွေ့ခဲ့ရသော စိတ်ညစ်စရာ၊ ဒေါသဖြစ်စရာ စသည်တို့ကို မိသားစုထံ ယူဆောင်လာရန်မသင့်ပေ။ အလုပ်ချိန်အတွင်း မိမိအောင်မြင်ခဲ့သည်များ၊ မိမိအတွက် စိတ်ပျော်ရွှင်မှုကို ဖြစ်စေခဲ့သည့် အရာများ၊ မိသားစုကို ပြန်လည်မျှဝေသင့်သည့် အရာလေးများကို ပြန်လည်မျှဝေခြင်းဖြင့် ကိုယ်တိုင်စိတ်ကြည်လင်လန်းဆန်းမှုကို ဖန်တီးရယူသင့်ပေသည်။

အလုပ်ချိန်အတွင်း ခံစားခဲ့ရသော စိတ်ဖိစီးမှုများ၊ စိတ်ညစ်စရာများ၊ စိတ်ဓာတ်ကျစရာများ၊ ပူလောင်မှုများကို မိသားစုထံ သယ်ဆောင်လေ့ရှိသည်။ မိသားစုသည် မိမိအတွက် လုပ်ငန်းခွင်အတွင်း ခံစားမှုများကို ပျောက်ကင်းစေသည့် ပျော်ရွှင်မှုများကို ပေးအပ်နိုင်စွမ်းရှိသော ရပ်ဝန်းဖြစ်သည်။ ထိုရပ်ဝန်းသည် မိမိအတွက်ကြောင့် ပူပန်စိုးရိမ်မှုများနှင့်ပြည့်နှက်သွားခြင်းမရှိရအောင် ကြိုးစားသင့်ပေသည်။ ဆိုးသော၊ ခံစား၍မကောင်းသော ခံစားချက်များကြောင့် မိသားစုအတွက် အချိန်လေးများ လျော့နည်းပျောက်ကွယ်သွားခြင်းမရှိအောင် ကြိုးစားသင့်သည်။

အဖြေရှာကြည့်ပါ

မည်သည့်အလုပ်ကို လုပ်ရသည်ဖြစ်စေ မိမိလုပ်ရသည့်အလုပ်သည် အခြားသူများကို ထိခိုက်နစ်နာစေခြင်းမရှိသည့် သမ္မာအာဇီဝအလုပ်ဖြစ်ပါက ဂုဏ်ယူသည့်စိတ်ဖြင့် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်မိရန်လိုသည်။ သာယာပျော်ရွှင်သော လုပ်ငန်းခွင်ဆိုသည်မှာ ပတ်ဝန်းကျင်က မိမိအတွက် ဖန်တီးပေးခြင်း မဟုတ်ဘဲ မိမိကိုယ်တိုင်က အကောင်းမြင်စိတ်၊ အလုပ်အပေါ်ချစ်မြတ်နိုးစိတ်တို့ဖြင့်သာ ဖန်တီးယူရခြင်းဖြစ်သည်။ လုပ်ငန်းခွင်ပျော်ရွှင်ခြင်း၏ အဓိကသော့ချက်မှာ မိမိလုပ်ရသော အလုပ်ကို ချစ်မြတ်နိုးတန်ဖိုးထား၍ ဂုဏ်ယူတတ်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုများ၊ စိန်ခေါ်မှုများ ကြုံတွေ့ရတိုင်းတွင် အကောင်းမြင်စိတ်ဖြင့် အတွေ့အကြုံဟုမှတ်ယူကာ ပျော်ရွှင်သော လုပ်ငန်းခွင်ကို ကိုယ်တိုင်ကိုယ်ကျ ဖန်တီးပုံဖော်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကိုးကား

– နေ့စဉ်ထုတ်သတင်းစာများ

ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ကသာ ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၃၈၄၉၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၈၁ ဒသမ ၇၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ စပါးဧက ၃၈၄၉၀ ထိ ဘဲ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၀၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက် သီးနှံတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို ငှက်ပျောသီးတွေက ဝယ်ယူမှု အားကောင်းနေတဲ့အခြေ

အနေရှိနေပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ ဖီးကြမ်း ငှက်ပျောသီးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းမွန်ပါတယ်။ လက်ရှိ ငှက်ပျောသီး အရောင်းအဝယ်ကတော့ အဆင်ပြေပြေလည်ပတ်နေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဧမ္ဘူသီရိမြို့နယ် အလျင်လိုကျေးရွာ၌ ကျေးလက်အိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ဧမ္ဘူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် အလျင်လိုကျေးရွာအုပ်စု အလျင်လိုကျေးရွာ၌ ကျေးလက်အိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ ဧမ္ဘူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင် နှင့် တာဝန်ရှိသူများသည် အလျင်လိုကျေးရွာ၌ ကျေးလက်နေပြည်သူများအတွက် အလျား ၃၂ ပေ၊ အနံ ၂၇ပေ၊ အမြင့် ၁၃ ပေရှိ ကျေးလက် အိမ်ယာသုံးလုံး တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ တည်ဆောက်ပြီးစီးသည့် ကျေးလက်အိမ်ယာများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အလျင်လိုကျေးရွာ၌ အဆိုပါ ကျေးလက်အိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၀၃၃သန်း အသုံးပြု၍ ၂၀၂၅ခုနှစ် ဇူလိုင်လ စတုတ္ထပတ်မှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးလက်နေ ပြည်သူများအတွက် များစွာအကျိုးပြုမည် ဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်

မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

မင်းဘူး ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပိုက်သင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၇ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာ ရေရရှိရေး ကော်မတီဝင်များနှင့် အတူ ပိုက်သင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး လိုအပ်သည်များ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပိုက်သင်ကျေးရွာ၌ မီးအားမြင့်စက်နှင့် ဆိုလာတပ်ဆင်ခြင်း၊ အနက်ပေ ၂၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၅၅ ဒသမ ၄၅ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဇန်နဝါရီ ၈ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကို ထံမှ သိရသည်။

ဇင်မာ

ပုသိမ်မြို့နယ် သဘော့ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပုသိမ် ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘော့ကန်ကျေးရွာ အုပ်စု သဘော့ကန်ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ မိသားစုဝင်ငွေ တိုးပွားလာပြီး တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာမြင့်က စီမံကိန်းအကြောင်း အရာများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ သဘော့ကန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သဘော့ကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသူ၊ အသင်းသား ၁၀၅ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၈ သိန်းထုတ်ချေးပေးခဲ့ကြောင်း ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

မောင်ခိုင်

ဘရာဇီးနိုင်ငံ ဘရူမာဒင်ညိုဒေသတွင် သတ္တုမိုင်းတွင်း မြေပြိုကျမှုကြောင့် သတ္တုမိုင်းလုပ်ကွက်အတွင်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

ဘရာဇီးလီးယား ဧန်နဝါရီ ၂၈

ဘရာဇီးနိုင်ငံ ဘရူမာဒင်ညိုဒေသတွင် သတ္တုမိုင်းတွင်း မြေပြိုကျမှုကြောင့် သတ္တုမိုင်းလုပ်ကွက်အတွင်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်း ဗေးအက်စ်အေသတ္တုမိုင်းတွင်း ကုမ္ပဏီက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ဘရူမာဒင်ညိုဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေတိုက်စားမှုကြောင့် ဧန်နဝါရီ ၂၇ ရက်မှစ၍ မြေပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အန္တရာယ်ရှိသည့်အတွက် မိုင်းတွင်းလုပ်သားများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးထားကြောင်း၊ ပြိုကျခဲ့သည့် သတ္တုမိုင်းတွင်း လုပ်ကွက်သည် မြစ်ကမ်းဘေးတွင် တည်ရှိသည့်အတွက် မြစ်ရေလျှံတတ်မှုကြောင့် မြေပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မြစ်ရေလျှံတက်မှုပေါ်မူတည်၍ မိုင်းတွင်းလုပ်ကွက်များအတွင်း ပျက်စီးမှုများကိုပြန်လည်ရှင်းလင်းသွားမည် ဖြစ်ကြောင်း ဗေးအက်စ်အေကုမ္ပဏီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ မြစ်ရေလျှံတက်မှုကြောင့် သတ္တုမိုင်းတွင်း လုပ်ကွက်တချို့မှာ မြေပြိုကျမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ မိုင်းတွင်းလုပ်သားတွေကို အချိန်မီ ဘေးလွတ်ရာရွှေ့ပြောင်းပေးနိုင်ခဲ့တဲ့အတွက် ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့သလို အသေအပျောက်လဲမရှိခဲ့ပါဘူး။ မိုင်းတွင်းလုပ်ကွက်တွေမှာတော့ ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့ပါတယ်"ဟု ဗေးအက်စ်အေကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြား

ကင်ဘာရာ ဧန်နဝါရီ ၂၈

ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်း ဒေသများတွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းနေပြီး လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများဆီ ကူးစက်လောင်ကျွမ်းနိုင်သည့်အတွက် ဩစတြေးလျမီးသတ်တပ်ဖွဲ့က ဒေသခံများကို အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားလိုက်ကြောင်း ယနေ့သတင်းများတွင်ဖော်ပြထားသည်။

တောမီးအဓိက လောင်ကျွမ်းနေသည့် ပြည်နယ်မှာ ဗစ်တိုးရီးယားပြည်နယ်ဖြစ်ပြီး လူနေအိမ်များဆီသို့ တောမီးကူးစက်လောင်ကျွမ်းလာနိုင်သည့်အတွက် ဗစ်တိုးရီးယားပြည်နယ် အရှေ့ဘက်ပိုင်းတွင်နေထိုင်သည့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ညွှန်ကြားထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဗစ်တိုးရီးယားပြည်နယ် အရှေ့ဘက်ပိုင်း ဒေသတွေမှာ အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ အပူချိန်ဟာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေတဲ့အတွက် တောမီးကူးစက်လောင်ကျွမ်းမှုက အလွန်ကိုမြန်ဆန်နေပါတယ်။ လူနေအိမ်တွေဆီကို ကူးစက် လောင်ကျွမ်းနိုင်တဲ့အတွက် ဒေသခံတွေကို အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေလဲ လူနေအိမ်ခြေတွေဆီကို တောမီးကူးစက်လောင်ကျွမ်းတာမရှိစေဖို့အတွက် ဦးစားပေးပြီးတော့ တောမီးကိုထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးနေပါတယ်"ဟု ဗစ်တိုးရီးယားပြည်နယ် မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဟက်ဖာဆန်က ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးစီရင်စုတွင် နှင်းများအဆက်မပြတ်ထူထပ်စွာ ကျဆင်းခဲ့မှုကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အကျပ်အတည်းဖြစ်ပေါ်နေ

တိုကျို ဧန်နဝါရီ ၂၈

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးစီရင်စုတွင် ယခုသီတင်းပတ်အတွင်း နှင်းများအဆက်မပြတ်ထူထပ်စွာ ကျဆင်းခဲ့မှုကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အကျပ်အတည်းဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

နှင်းထူထပ်စွာ ကျဆင်းမှုကြောင့် ဧန်နဝါရီ ၂၆ ရက်က နယူးချီတိုဆေးလေဆိပ်၌ လေယာဉ်ခရီးစဉ် ၉၀ ကျော်ကို ဖျက်သိမ်းခဲ့ရပြီး ခရီးသွား ဦးရေ ၂၀၀၀ ကျော် ပိတ်မိနေကြောင်း၊ ထို့ကြောင့် လေဆိပ်အာဏာပိုင်များက ပိတ်မိနေသော ခရီးသွားများအတွက် ဂိတ်တချို့ကို ညတွင်းချင်းဖွင့်လှစ်ကာ ယာယီနေရာထိုင်ခင်းများ စီစဉ်ပေးခဲ့ရကြောင်း သိရသည်။

ထို့ပြင် ရထားသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများလည်း ဆိုးရွားစွာထိခိုက်ခဲ့ပြီး နှင်းထူထပ်စွာ ကျဆင်းမှုကြောင့် ယနေ့တွင် ရထားခရီးစဉ် ၁၇၀ ကျော်ကို ရပ်ဆိုင်းထားကြောင်း၊ ဟာကိုဒိတ်နှင့် အာဆာဟီကာဝါသို့သွားလာသည့် လမ်းကြောင်းတချို့မှာ နှင်းကျမှုပြင်းထန်နေသဖြင့် ယာယီပိတ်ထားရကြောင်း သိရသည်။

ဂျပန်မိုးလေဝသအေဂျင်စီ၏ ထုတ်ပြန်ချက်အရ လာမည့်ရက်များအတွင်းတွင်လည်း နှင်းကျမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားပြီး ပြည်သူများကို ကြိုတင်ပြင်ဆင်ထားရန်နှင့် သတိပြုနေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် မြေပြိုမှုကြောင့် သေဆုံးသူ ၄၈ ဦးထိ မြင့်တက်လာ

ဂျကာတာ ဧန်နဝါရီ ၂၈

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ဘန်ဒေါင်းဘာရတ်ဒေသရှိ ဆီဆာရှုအာခရိုင်ခွဲရှိ ပါဆာလန်ဂူရွာတွင် ဧန်နဝါရီ ၂၄ ရက်ကဖြစ်ပွားခဲ့သော မြေပြိုမှုကြောင့် သေဆုံးသူဦးရေသည် ယနေ့တွင် ၄၈ ဦးထိ မြင့်တက်လာကြောင်း သိရသည်။

အနောက်ဂျာဗားပြည်နယ် ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ မြေပြိုမှုဖြစ်ပွားရာ နေရာတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များသည် သေဆုံးသူများ၏ ရုပ်အလောင်းများကို ၎င်းတို့၏ မိသားစုဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

မြေပြိုမှု အပျက်အစီးများ အောက်တွင် နစ်မြုပ်နေသည့် သေဆုံးသူများကို ရှာဖွေသည့် လုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရေးအတွက် အာဏာပိုင်များသည် အနုံ့ခံခွေးများကိုပါ အသုံးပြုလျက်ရှိကြောင်း၊ ထို့ပြင် မြို့တော်အမျိုးသမီးအခွင့်အာဏာနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးရုံးက မြေပြိုမှုကြောင့် စိတ်ဒဏ်ရာရရှိခဲ့သော ကလေးများ၏ စိတ်ဒဏ်ရာ ပြန်လည်ကောင်းမွန်စေရန် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ပြည်နယ်အစိုးရက ကယ်ဆယ်ရေး စခန်းများတွင် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အစားအစာ၊ ဆေးဝါးများနှင့် အဝတ်အစားများကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

အိုင်ယာလန်နိုင်ငံ လောက်ဒေသနှင့် မစ်ဒေသတို့တွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးများနှင့် ရထားလမ်းများကို ယာယီပိတ်ထား

ဒဗ္ဗလင် ဧန်နဝါရီ ၂၈

အိုင်ယာလန်နိုင်ငံတစ်ဝန်း ဧန်နဝါရီ ၂၇ ရက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးရေချိန်မြင့်မားကာ မြစ်ရေလျှံတက်မှုကြောင့် လောက်ဒေသနှင့် မစ်ဒေသတို့တွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသောကြောင့် လမ်းမကြီးများနှင့် မီးရထားလမ်းများကို ယာယီပိတ်ထားကြောင်း အိုင်ယာလန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြသွားခဲ့သည်။

ချန်ဒရာဟု အမည်ပေးထားသည့် မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းဖြစ်ပြီး ရေလွှမ်းနေမှုကြောင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍကို ရပ်ဆိုင်းထားရသည့်အတွက် အများပြည်သူခရီးသွားလာရေး အခက်အခဲများရှိနေကြောင်း၊ စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားရပြီး ရေကြီးရေလျှံမှုအခြေအနေပေါ်မူတည်၍ စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ချန်ဒရာမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံတက်မှုတွေဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတွေနဲ့ မီးရထားလမ်းတွေ ရေလွှမ်းနေလို့ အများပြည်သူ သယ်ယူပို့ဆောင်ရေး ကဏ္ဍကို ယာယီ ရပ်ဆိုင်းထားရတယ်။ အန္တရာယ်ရှိနိုင်တဲ့ ဧရိယာတွေမှာရှိတဲ့ စာသင်ကျောင်းတချို့ကို ယာယီပိတ်ထားပါတယ်။ ရေကြီးရေလျှံမှုအခြေအနေပေါ်မူတည်ပြီးတော့ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွေကို ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမှာဖြစ်သလို စာသင်ကျောင်းတွေကိုလဲ ပြန်လည်ဖွင့်လှစ်သွားမှာဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ကာကွယ်ရေးအသုံးစရိတ် တိုးမြင့်သုံးစွဲလာသော အရှေ့တောင်အာရှနိုင်ငံများ

ကမ္ဘာတစ်ဝန်းရှိအစိုးရများသည် ရုတ်ခြည်းပြောင်းလဲဖြစ်ပေါ်လာသော လုံခြုံရေးဆိုင်ရာ အခြေအနေကို တုံ့ပြန်ဆောင်ရွက်လျက်ရှိသောကြောင့် ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးအသုံးစရိတ်သည် ၂၀၂၄ ခုနှစ်တွင် မြင့်တက်ခဲ့သည်။ အရှေ့ဥရောပမှသည် အာရှ-ပစိဖိတ်ရှိ နိုင်ငံများစွာထိ မဟာအင်အားကြီးနိုင်ငံများ၏ပြိုင်ဆိုင်မှုနှင့် ဒေသတွင်းမတည်ငြိမ်မှုတို့ကိုရင်ဆိုင်နေရသောကြောင့် ၎င်းတို့၏ ကာကွယ်ရေးဆိုင်ရာဦးစားပေးမှုများကိုပြန်လည်ဆန်းစစ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအင်စတီကျူ(SIPRI)၏ကမ္ဘာလုံးဆိုင်ရာ စစ်ရေးအသုံးစရိတ်နှစ်ပတ်လည်အစီရင်ခံစာ၌ ယူကရိန်းနိုင်ငံမှသည် ဂါဇာထိ ဆက်လက်ဖြစ်ပွားနေသောပဋိပက္ခများအပြင် အာရှ-ပစိဖိတ်ဒေသရှိတင်းမာမှုများသည် ကမ္ဘာလုံးဆိုင်ရာစစ်ရေးအသုံးစရိတ်ပိုမိုမြင့်တက်လာစေခဲ့ပြီး ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၇ ထရီလီယံထိရှိခဲ့ကြောင်း ဖော်ပြထားသည်။

ကာကွယ်ရေးအသုံးစရိတ် အများဆုံးသုံးစွဲခဲ့သည့် ငါးနိုင်ငံမှာ အမေရိကန်၊ တရုတ်၊ ရုရှား၊ ဂျာမနီ၊ အိန္ဒိယနိုင်ငံတို့ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာကာကွယ်ရေးအသုံးစရိတ်၏ ၆၀ ရာခိုင်နှုန်းရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၅ ထရီလီယံရှိခဲ့သည်။ တရုတ်နိုင်ငံတစ်နိုင်ငံတည်းကပင် ၂၀၂၄ ခုနှစ်အတွင်း အာရှဒေသတစ်ခုလုံး ကာကွယ်ရေးအသုံးစရိတ်စုစုပေါင်း၏ ထက်ဝက်ခန့်ရှိခဲ့သည်။ ကမ္ဘာတစ်ဝန်းကာကွယ်ရေးအသုံးစရိတ်ကို ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၄ ခုနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ်သုံးစွဲမှု ၉ ဒသမ ၄ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့သည်။ စစ်အေးကာလပြီးဆုံးကတည်းက တစ်နှစ်ပြီးတစ်နှစ် ဆက်တိုက်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဆွီဒင်ပညာရှင်အဖွဲ့၏ လေ့လာမှုစစ်တမ်း၌ ဒေသတွင်းရှိအရှေ့အာရှနိုင်ငံများသည် တရုတ်နိုင်ငံ၏စစ်ရေးအင်အားကြီးထွားလာမှုအပေါ် စိုးရိမ်ပူပန်လျက်ရှိကြောင်း၊ အာရှနှင့်သမုဒ္ဒရာဒေသတွင်း နိုင်ငံများသည် ၂၀၂၄ ခုနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၆၂၉ ဘီလီယံသုံးစွဲခဲ့ပြီး ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၆ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့သည့်အပြင် ၂၀၀၉ ခုနှစ်ကတည်းက အကြီးမားဆုံး မြင့်တက်လာမှုပင်ဖြစ်ကြောင်း ဖော်ပြထားရှိသည်။

ကာကွယ်ရေးအသုံးစရိတ်မြင့်တက်လာမှုသည် တင်းမာမှုများကို မီးမောင်းထိုးပြလျက်ရှိကြောင်း၊ အထူးသဖြင့် အရှေ့အာရှဒေသရှိ စစ်ရေးအသုံးစရိတ်သည် ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သောကြောင့် အမေရိကန်ဒေါ်လာ ၄၃၃ ဘီလီယံရှိခဲ့ကြောင်း နိုင်ငံတကာငြိမ်းချမ်းရေးအင်စတီကျူက ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကာကွယ်ရေးအသုံးစရိတ် ဒုတိယအများဆုံးသုံးစွဲသည့်နိုင်ငံဖြစ်ပြီး ကာကွယ်ရေးအသုံးစရိတ် သုံးစွဲမှု ခုနစ်ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ရာ အမေရိကန်ဒေါ်လာ ၃၁၄ ဘီလီယံခန့်ရှိသဖြင့် ၂၀၁၅ ခုနှစ်က အများဆုံးပမာဏဖြစ်သည်။

တရုတ်နိုင်ငံ၏ ရေရှည်မျှော်မှန်းချက်သည် ၂၀၃၅ ခုနှစ်တွင် စစ်နယ်ပယ်အားလုံး ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်သွားရန် ဖြစ်သည့်အတွက် ကိုယ်ပျောက်တိုက်ခိုက်ရေးလေယာဉ်များ၊ ဒရုန်းများ၊ ရေအောက်မောင်းသူမဲ့ယာဉ်များအပြင် အဆင့်မြင့်ဆိုက်ဘာတပ်ဖွဲ့နှင့် နျူကလီးယားလက်နက်များကို တပ်ဆင်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၃ ဘီလီယံခွဲဝေချထားခဲ့သောကြောင့် တိုင်းပြည် GDP ၏ ၁ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ပြီး ၁၉၅၈ ခုနှစ်ကအမြင့်ဆုံးပမာဏပင်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်တိုးမြင့်မှုသည် ၂၀၂၂-၂၀၂၇ စစ်ဘက်အဆင့်မြှင့်တင်မှုစီမံကိန်းနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၎င်းစီမံကိန်းသည် တာဝေးပစ် တိုက်ခိုက်ရေးစွမ်းဆောင်ရည်များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အလေးထားကြောင်း နိုင်ငံတကာငြိမ်းချမ်းရေးအင်စတီကျူ အစီရင်ခံစာ၌ ဖော်ပြထားသည်။

တရုတ်(တိုင်ပေ)သည် ၂၀၂၄ ခုနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ ဘီလီယံသုံးစွဲခဲ့သဖြင့် ၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၎င်းတို့အနက် ၁၈ ရာခိုင်နှုန်းကို အမေရိကန်ရေတပ်လက်နက်စနစ်များနှင့် F-16 ဂျက်တိုက်လေယာဉ်များ အဆင့်မြှင့်တင်မှုအတွက် အသုံးပြုသွားမည်ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများ

အာရှဒေသတစ်ဝန်း၌ နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများနှင့် စစ်ဘက်ဆိုင်ရာခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုများအရှိန်မြင့်တက်လာသောကြောင့် အရှေ့တောင်အာရှ၏ကာကွယ်ရေးအသုံးစရိတ် တဖြည်းဖြည်းမြင့်တက်လာလျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများကြား၌ပင်လျှင် တင်းမာမှုများနှင့် အချို့သောပဋိပက္ခများဆက်လက်တည်ရှိနေသည်။

အရှေ့တောင်အာရှဒေသသည် အင်အားကြီးနိုင်ငံများ၏ မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှုပြင်းထန်လာသည့် ကာလတစ်ခုသို့ဝင်ရောက်လာပြီဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN) ၌ ကာကွယ်ရေးအသုံးစရိတ်တိုးမြင့်သုံးစွဲမှုနှင့် ခြိမ်းခြောက်မှုအမြင်သဘောထားများ မြင့်တက်လာလျက်ရှိသော်လည်း လက်နက်ပြိုင်ပွဲအဖြစ်မရှုမြင်နိုင်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားထားသည်။ ယေဘုယျအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြိုင်ဆိုင်ခြင်းမရှိသကဲ့သို့ တရုတ် သို့မဟုတ် အခြားသောအင်အားကြီးနိုင်ငံများကိုလည်း စိန်ခေါ်သည့်အနေအထား၌မရှိသောကြောင့်ပင်ဖြစ်သည်။ အရှေ့တောင်အာရှရှိ အစိုးရများအနေဖြင့်လည်း ပြင်ပဖိအားများနှင့် ပြည်တွင်းအားနည်းချက်များကို တုံ့ပြန်ရာတွင် ကာကွယ်ရေးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးများတိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

စင်ကာပူနိုင်ငံသည် ဒေသတွင်း၌ကာကွယ်ရေးအသုံးစရိတ်သုံးစွဲမှုတွင် ဦးဆောင်ရပ်တည်လျက်ရှိသည်။ ထို့ပြင် ကာကွယ်ရေးအသုံးစရိတ်သုံးစွဲမှုတွင် အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတို့သည် အစဉ်အတိုင်းသုံးစွဲလျက်ရှိသည်။ ၂၀၂၂ နှင့် ၂၀၂၄ ခုနှစ်အတွင်း အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့၏ ကာကွယ်ရေးပစ္စည်းဝယ်ယူမှုသည် အမေရိကန် ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံရှိခဲ့သည်။ အာဆီယံနိုင်ငံများ၏ ပျမ်းမျှကာကွယ်ရေးအသုံးစရိတ်သည် GDP ၏ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့် ရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် မြင့်တက်လာခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း ဒေသတွင်းရှိ ကာကွယ်ရေးအသုံးစရိတ်အများဆုံးသုံးစွဲသည့်နိုင်ငံများစာရင်း၌ရပ်တည်ခဲ့သည်။ စင်ကာပူ

❖ ကာကွယ်ရေးအသုံးစရိတ် အများဆုံးသုံးစွဲခဲ့သည့် ငါးနိုင်ငံမှာ အမေရိကန်၊ တရုတ်၊ ရုရှား၊ ဂျာမနီ၊ အိန္ဒိယနိုင်ငံတို့ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာကာကွယ်ရေးအသုံးစရိတ်၏ ၆၀ ရာခိုင်နှုန်းရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၅ ထရီလီယံရှိခဲ့သည်။ တရုတ်နိုင်ငံတစ်နိုင်ငံတည်းကပင် ၂၀၂၄ ခုနှစ်အတွင်း အာရှဒေသတစ်ခုလုံး ကာကွယ်ရေးအသုံးစရိတ်စုစုပေါင်း၏ ထက်ဝက်ခန့်ရှိခဲ့သည်။ ကမ္ဘာတစ်ဝန်း ကာကွယ်ရေးအသုံးစရိတ်ကို ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၄ ခုနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ်သုံးစွဲမှု ၉ ဒသမ ၄ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့သည်။ ❖

ဒသမ ၅ ဘီလီယံသုံးစွဲခဲ့သဖြင့် ၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၎င်းတို့အနက် ၁၈ ရာခိုင်နှုန်းကို အမေရိကန်ရေတပ်လက်နက်စနစ်များနှင့် F-16 ဂျက်တိုက်လေယာဉ်များ အဆင့်မြှင့်တင်မှုအတွက် အသုံးပြုသွားမည်ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများ

အာရှဒေသတစ်ဝန်း၌ နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများနှင့် စစ်ဘက်ဆိုင်ရာခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုများအရှိန်မြင့်တက်လာသောကြောင့် အရှေ့တောင်အာရှ၏ကာကွယ်ရေးအသုံးစရိတ် တဖြည်းဖြည်းမြင့်တက်လာလျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများကြား၌ပင်လျှင် တင်းမာမှုများနှင့် အချို့သောပဋိပက္ခများဆက်လက်တည်ရှိနေသည်။

အရှေ့တောင်အာရှဒေသသည် အင်အားကြီးနိုင်ငံများ၏ မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှုပြင်းထန်လာသည့် ကာလတစ်ခုသို့ဝင်ရောက်လာပြီဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN) ၌ ကာကွယ်ရေးအသုံးစရိတ်တိုးမြင့်သုံးစွဲမှုနှင့် ခြိမ်းခြောက်မှုအမြင်သဘောထားများ မြင့်တက်လာလျက်ရှိသော်လည်း လက်နက်ပြိုင်ပွဲအဖြစ်မရှုမြင်နိုင်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားထားသည်။ ယေဘုယျအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြိုင်ဆိုင်ခြင်းမရှိသကဲ့သို့ တရုတ် သို့မဟုတ် အခြားသောအင်အားကြီးနိုင်ငံများကိုလည်း စိန်ခေါ်သည့်အနေအထား၌မရှိသောကြောင့်ပင်ဖြစ်သည်။ အရှေ့တောင်အာရှရှိ အစိုးရများအနေဖြင့်လည်း ပြင်ပဖိအားများနှင့် ပြည်တွင်းအားနည်းချက်များကို တုံ့ပြန်ရာတွင် ကာကွယ်ရေးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးများတိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

စင်ကာပူနိုင်ငံသည် ဒေသတွင်း၌ကာကွယ်ရေးအသုံးစရိတ်သုံးစွဲမှုတွင် ဦးဆောင်ရပ်တည်လျက်ရှိသည်။ ထို့ပြင် ကာကွယ်ရေးအသုံးစရိတ်သုံးစွဲမှုတွင် အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတို့သည် အစဉ်အတိုင်းသုံးစွဲလျက်ရှိသည်။ ၂၀၂၂ နှင့် ၂၀၂၄ ခုနှစ်အတွင်း အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့၏ ကာကွယ်ရေးပစ္စည်းဝယ်ယူမှုသည် အမေရိကန် ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံရှိခဲ့သည်။ အာဆီယံနိုင်ငံများ၏ ပျမ်းမျှကာကွယ်ရေးအသုံးစရိတ်သည် GDP ၏ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့် ရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် မြင့်တက်လာခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း ဒေသတွင်းရှိ ကာကွယ်ရေးအသုံးစရိတ်အများဆုံးသုံးစွဲသည့်နိုင်ငံများစာရင်း၌ရပ်တည်ခဲ့သည်။ စင်ကာပူနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် GDP ၏ ၂ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသည် သုည ဒသမ ၈ ရာခိုင်နှုန်းသာရှိသည်။ သို့သော် ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ၁ ဒသမ ၃ ရာခိုင်နှုန်းရှိကာ တောင်ကိုရီးယားနိုင်ငံထံမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိသော စစ်ရေယာဉ်လေးစီးဝယ်ယူသွားမည့်အပြင် အိန္ဒိယနိုင်ငံမှလည်း အမေရိကန်ဒေါ်လာ ၃၇၅ သန်း တန်ဖိုးရှိသည့် BrahMos ဒုံးကျည်များ ဝယ်ယူသွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့်လည်း အမျိုးသားကာကွယ်ရေးစွမ်းပကားမြှင့်တင်ရန်နှင့် မဟာဗျူဟာမြောက်အကျိုးစီးပွားများကိုထိန်းသိမ်းရန် အဓိကကျသည့် စစ်လက်နက်ပစ္စည်းများဝယ်ယူမှုကို ဆက်လက်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ မကြာသေးမီအချိန်အတွင်းကပင် ထိုင်းဘုရင့်လေတပ်သည် လာမည့်ဆယ်စုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၂၉ ဘီလီယံတန်ဖိုးရှိသော Gripen-E/F ဂျက်တိုက်လေယာဉ် ၁၂ စင်းဝယ်ယူသွားရေးအစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိထားပြီးဖြစ်သည်။ အလားတူ ထိုင်းဘုရင့်ရေတပ်အနေဖြင့်လည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၅ ဘီလီယံ တန်ဖိုးရှိသော ဖရီးဂိတ်စစ်ရေယာဉ် အသစ်နှစ်စင်းဝယ်ယူရန်အစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိထားပြီးဖြစ်သည်။

မလေးရှားနိုင်ငံသည် ၂၀၂၂ မှ ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၄၉၅ သန်းအသုံးပြုကာ ကာကွယ်ရေးပစ္စည်းများ တိုးမြှင့်ဝယ်ယူခဲ့သည်။ မလေးရှားနိုင်ငံသည် ၎င်း၏ကာကွယ်ရေးအသုံးစရိတ်ကိုသိသိသာသာတိုးမြှင့်လျက်ရှိရာ အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့်ခွဲဝေချထားပြီးဖြစ်သည်။ ထို့ပြင် မလေးရှားနိုင်ငံသည် ၂၀၂၆ ခုနှစ်အတွင်း တာလတ်ပစ်ဒုံးကျည်ကာကွယ်ရေးစနစ်တပ်ခွဲနှစ်ခွဲ ဝယ်ယူသွားရန်လည်းစီစဉ်ထားရှိသည်။

မလေးရှားနိုင်ငံသည် မြေပြင်အခြေစိုက်လေကြောင်းရန်ကာကွယ်ရေးအပြင် ဘက်စုံသုံး အထောက်အကူပြုရေယာဉ်(MRSS) နှစ်စီးဝယ်ယူရန်သွားရန်လည်းရည်ရွယ်ထားရှိသည်။ တော်ဝင်မလေးရှားလေတပ်(RMAF)အတွက် FA-50 လေ့ကျင့်ရေး၊ အပေါ့စားတိုက်ခိုက်ရေးလေယာဉ် (FLIT/LCA) ပထမဆုံးအသုတ်ကို ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင်လည်ကောင်း၊ နောက်ဆုံးအသုတ်ကို ၂၀၂၇ ခုနှစ် ဩဂုတ်လတွင်လည်းကောင်း လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။ ထို့ပြင် မလေးရှားလေတပ်အတွက် အီတလီမှဝယ်ယူထားရှိသည့် ပင်လယ်ရေကြောင်းကင်းလှည့်လေယာဉ်ကို ၂၀၂۶ ခုနှစ် ဇွန်လတွင် လွှဲပြောင်းလက်ခံရရှိရန်စီစဉ်ထားရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၂۶ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃၉ ဘီလီယံဖြစ်ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် အနည်းငယ်မြင့်တက်ခဲ့သော်လည်း GDP၊ ကမ္ဘာလုံးဆိုင်ရာစံနှုန်းများနှင့်နှိုင်းယှဉ်လျှင် နည်းပါးနေဆဲပင်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် တူကီယဲ လေကြောင်းအာကာသစက်မှုလုပ်ငန်းမှ Kaan တိုက်လေယာဉ် ၄၈ စင်းဝယ်ယူရန် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး တစ်ချိန်တည်းမှာပင် KF-21 တိုက်လေယာဉ် တည်ဆောက်ရေးအတွက် တောင်ကိုရီးယားနိုင်ငံနှင့်ပူးတွဲလုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် ပြင်သစ်နိုင်ငံမှ Dassault Rafale တိုက်လေယာဉ် ၄၂ စင်းနှင့် အမေရိကန်နိုင်ငံမှ F-15 EX တိုက်လေယာဉ် ၂၄ စင်းတို့ကိုလည်း ဝယ်ယူထားရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပြင်သစ်နိုင်ငံမှ Scorpene အတန်းအစား ရေငုပ်သင်္ဘောနှစ်စီးအပြင် ဘက်စုံသုံးစစ်ရေယာဉ်များဝယ်ယူကာ ရေတပ်စွမ်းဆောင်ရည်များကိုမြှင့်တင်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် လွန်ခဲ့သော ငါးနှစ်အတွင်း ဗြိတိန်၊ အီတလီ၊ တူကီယဲနိုင်ငံတို့မှ စစ်ရေယာဉ် သုံးမျိုးကိုလည်းဝယ်ယူခဲ့သည်။

စင်ကာပူနိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်ကို ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇ ဘီလီယံမှ ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၆ ဘီလီယံထိ တိုးမြှင့်သွားရန်စီစဉ်ထားကြောင်း လေ့လာသုံးသပ်သူများကပြောကြားသွားသည်။ စင်ကာပူနိုင်ငံသည် အနာဂတ်တွင် ကာကွယ်ရေးအသုံးစရိတ်ကို GDP ၏ သုံးရာခိုင်နှုန်းခန့်သုံးစွဲသွားရန်မျှော်မှန်းထားရှိပြီး ရေငုပ်သင်္ဘောအသစ်များ၊ F-35B Lightning II နှင့် ဘက်စုံသုံးတိုက်ခိုက်ရေးစစ်ရေယာဉ်များဝယ်ယူသွားရန် စီစဉ်ထားရှိသည်။

ဗီယက်နမ်နိုင်ငံသည်ပြည်တွင်း၌တည်ဆောက်ထားသည့် VCM-01A ဒုံးကျည်ကို ထုတ်ဖော်ပြသခဲ့သည့်အပြင် အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၇၀၀ တန်ဖိုးရှိသည့် BrahMos ဒုံးကျည်ဝယ်ယူသွားရန်လည်း နီးစပ်နေပြီဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် လက်ရှိအချိန်တွင် ရုရှားနိုင်ငံထုတ် SU-27 နှင့် SU-30 ဂျက်တိုက်လေယာဉ်များဝယ်ယူထားရှိသည့်အပြင် Gepard 3.9 ဖရီးဂိတ်များနှင့် Kilo အတန်းအစားရေငုပ်သင်္ဘောများကိုလည်းအသုံးပြုလျက်ရှိသည်။ ထို့ပြင် ကြည်းတပ်ကိုလည်း ပြည်တွင်းကာကွယ်ရေးပစ္စည်းစက်ရုံများမှ ထုတ်လုပ်သည့် စစ်လက်နက်ပစ္စည်းများအပြင် တောင်ကိုရီးယားနိုင်ငံမှထုတ်လုပ်သည့် အမြောက်လက်နက်များဖြင့် ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။

ကိုးကား

–Southeast Asia Boost As Global Defense Spending By ADJ Nov/ Dec 2025.

မောင်စိန်အိ(နဘဲမြေ)

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

မုံရွာ ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ကုလားပဲ ၁၃၅၅၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၃၅၅၆၁ ဧက၊ ကနီမြို့နယ်တွင် ဧက ၃၆၂၀၊ ဆားလင်းကြီးမြို့နယ်တွင် ၄၂၅၀၅ ဧက၊ ပုလဲမြို့နယ်တွင် ၅၇၅၀၆ ဧက စုစုပေါင်း ၁၃၉၁၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ၁၃၅၅၇၉ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၃၉၁၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

ဧီးကုန်းမြို့နယ် ဝက်စပိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဧီးကုန်း ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဧီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝက်စပိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဧီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝက်စပိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဧီးကုန်းမြို့နယ် ဝက်စပိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၄၁ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၈ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ကျပ် ၄၉ ဒသမ ၉ သန်းကို ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဧီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကိုညို

စာပေမြင့်မှ လူမျိုးတင့်မည်



ဘိုးဘဝိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **မင်းလမ်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄/ခ)၊ အကွက်အမည် **စေ့ားကလေး**ကွင်း၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၀.၀၅၀)ဧက ရှိသည့်အနက်မှ ဦးပိုင်အမှတ်(၁၇/ဃ)၊ ဧရိယာ(၀.၀၁၂)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၁၇/ခ
(ခ) အနောက်လားသော် - ကားလမ်း
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၁၇/က

အထက်ဖော်ပြပါမြေကို (ဘိုးဘဝိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ကြည်ညွန့်**မှ လျှောက်ထားလာသည့် အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများ ရှိပါက **၂၀၂၆၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့**၊ မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

ဘိုးဘဝိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **မင်းလမ်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၈/၂၂)၊ အကွက်အမည် **ပွဲဆိပ်**ကွင်း၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာ(၀.၀၃၅)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - ကားလမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၄၂
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၄၄

အထက်ဖော်ပြပါမြေကို (ဘိုးဘဝိုင်အမည်ပြောင်း)ပေးရန် **ဦးထွန်းလှဖြူ**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့**၊ မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၄၆ x ၄၇ ကြား၊ ၁၀၈ လမ်းနေ ထန်ကျိန်ကျင်း (ခ) ချမ်းဇော်ဟန် (ဘ) ဦးထန်ရှင်းယို(၁၃/လရန(နိုင်)၁၃ဖဒ(၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-816103)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-456786899

သင့်သွေးဖြင့် အသက်ကယ်ပါ

အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အမက ရွှေပေါက်ပင်၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်ဖုန်းမြင့်သော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးကျော်သိန်းဖြစ်ပါကြောင်း။

ဦးကျော်သိန်း(၉/စကတ(နိုင်)၁၁၉၈၇၄)

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော် အရှေ့နေ မောင်အောင်မျိုးသန့်(၉/မဟမ(နိုင်)၀၄၇၃၄၉) ၏မိခင်အမည်မှန်မှာ ဒေါ်ယဉ်ယဉ်အေးနှင့် ဒေါ်ရင်ရင်အေး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ယဉ်ယဉ်အေး (ခ) ဒေါ်ရင်ရင်အေး
(၉/မနတ(နိုင်)၀၄၇၃၀၃)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နှစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧယျဝတ္ထာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၇၊
၀၆၇-၈၁၀၃၃၄၄၄
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

❖ ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကို ဦးဆောင်အုပ်ချုပ်နေသူများတွင်လည်း တာဝန်ရှိ...

❖ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ပြုလုပ်သော အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

စာမျက်နှာ - ၁၉

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်၊ လုပ်ငန်းသုံး၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

လိုင်စင်မဲ့မော်တော်ယာဉ် (Isuzu Truck 1982 Model)

လိုင်စင်မဲ့မော်တော်ဆိုင်ကယ်

လိုင်စင်မဲ့မော်တော်ဆိုင်ကယ်

လိုင်စင်မဲ့မော်တော်ဆိုင်ကယ်

နေပြည်တော် ဇန်နဝါရီ ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၂ ရက်၊ ၂၄ ရက်တို့တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ခြောက်စီး

စာမျက်နှာ ၂၅ ကော်လံ ၁ ☆

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်ထိ နေပြည်တော် ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည်

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်ထိ နေပြည်တော် ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည်ဖြစ်ရာ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်စျေးရောင်းပွဲတော် ကာလအတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်း၊ စီးပွားချိတ်ဆက်မှုပြခန်းဖွင့်လှစ်၍ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်စေမည့်လုပ်ငန်းစဉ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ MSME လုပ်ငန်းများ၊ သီလဝါ SEZ ၏ Promotion Zone အတွင်း ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ၊ လက်လီ၊ လက်ကားရောင်းချသူများ၏ အချင်းချင်းချိတ်ဆက်မှုလုပ်ငန်းစဉ်များ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊အကောက်ခွန်ဦးစီးဌာနနှင့် ပို့ကုန်၊သွင်းကုန်လုပ်ငန်းရှင်များအကြားလုပ်ငန်းစဉ်များ၊ပို့ကုန်၊သွင်းကုန်လုပ်ငန်းရှင်များနှင့် နိုင်ငံတကာတွင်ရှိသော မြန်မာနိုင်ငံ၏ စီးပွားရေးသံမှူးများဖြင့် အွန်လိုင်းမှ ဆွေးနွေးနိုင်မည့် ဝန်ဆောင်မှုများ၊ မူပိုင်ခွင့်ဆိုင်ရာသိသင့်သိထိုက်သည်များ၊ ကုန်စည်ပြပွဲနှင့်သက်ဆိုင်သော ကိစ္စရပ်များကို ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်၍ ပို့ကုန်၊သွင်းကုန်လုပ်ငန်းရှင်ဖြစ်လိုသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အသေးစား၊ အငယ်စားနှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ❖

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

စာမျက်နှာ - ၂၀

ရန်ကုန်တိုရစ္ဆာန်ဥယျာဉ် နှစ် ၁၂၀ ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ ကျင်းပသွားမည်ဖြစ်

စာမျက်နှာ - ၁၁

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။